# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝဂ်(ဓမ္မပဒ - ၁၇၂)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၃၈)





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်စဉ်

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ ကထိန်သင်္ကန်း လှူဒါန်း

**နေပြည်တော်   နိုဝင်ဘာ ၆**

၂၀၁၆ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ဦးကျောင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ကြည်ညိုပြီး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## တိုက်ပွဲများဖြင့်ယမ်းငွေ့ဝေခဲ့သော ကရင်ပြည်နယ်သည် မကြာခင်ကာလတွင် စက်ရုံ၊ အလုပ်ရုံများဖြင့် စည်ပင်လာတော့မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား။**

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယနေ့ချိန်ခါသည် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကရင်ပြည်နယ်နေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်ဖြစ်သည့် ကရင်ပြည်နယ်နေ့တွင် ကရင်ပြည်နယ်၌ နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများ၊ နိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိသော ကရင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြန်မာ့အလင်း

# ဂျပန်ခရီးစဉ်နှင့် အောင်မြင်မှုရလဒ်များ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သတ္တမမြောက် ပြည်ပခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ ငါးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် စတင်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုဝင်ဘာလ ၂ ရက်နေ့ ညနေပိုင်းတွင် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

ထို့နောက် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန်ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံကို အဓိကကူညီထောက်ပံ့နေသည့် အလှူရှင်နိုင်ငံ ဖြစ်သည်။ ဂျပန်နိုင်ငံသည် မြန်မာက ဂျပန်ကို ပေးစရာရှိသည့် ကြွေးမြီ ၁ ဒသမ ၇၄ ဘီလီယံကို လျှော်ပေးခဲ့ပြီး အကူအညီသစ်အဖြစ် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ဒေါ်လာသန်း ၂၀၀ အပါအဝင် ဒေါ်လာ သန်း ၅၀၀ ခန့်ရှိသည့် အစီအစဉ်များကို ၂၀၁၃ ခုနှစ်က ကြေညာခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်လ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လာအိုနိုင်ငံ အာဆီယံထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက မြန်မာနိုင်ငံအား ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိအကူအညီများ ပေးအပ်ရန်ကတိပြုသွားခဲ့ပါသည်။ ယခုဒေါ်အောင်ဆန်းစုကြည်၏ ငါးရက်တာ အလည်အပတ်ရောက်ရှိနေသောခရီးစဉ်တွင် ဂျပန်၏ ကူညီထောက်ပံ့မည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ရာ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အမည်ဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃ ဘီလီယံ ကူညီမည်ဖြစ်ပြီး ၎င်းအနက် ဒေါ်လာ ၃၈၇ သန်းကို တိုင်းရင်းသားလူနည်းစုများနေထိုင်ရာဒေသများ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကူညီမည်ဖြစ်ကြောင်း သိရသည်။

ဤခရီးစဉ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်၊ အမေရိကန်၊ အိန္ဒိယ ခရီးစဉ်များအပြီး သွားရောက်ခဲ့သော ခရီးစဉ်ဖြစ်ပါသည်။ ဂျပန်က မြန်မာအစိုးရသစ်ဖွဲ့ပြီးနောက် ပထမဆုံးခရီးစဉ်အဖြစ် ဂျပန်သို့ လာရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖိတ်ကြားခဲ့သော်လည်း ယခုမှ သွားရောက်နိုင်ခြင်းဖြစ်သည်ကိုလည်း တွေ့ရသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ လွတ်လပ်တက်ကြွသော၊ ဘက်မလိုက်သော နိုင်ငံခြားရေးပေါ်လစီ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တွေ့မြင်ရခြင်းဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို အဓိကဦးစားပေးကာ မည်သည့်ဘက်ကိုမှ ဦးစားပေးဆက်ဆံမှုမျိုးမရှိသော ပေါ်လစီဖြစ်ပါသည်။

ယခု ဂျပန်၏ စီမံကိန်းများမှာ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး သက်သက်လောက်သာမကဘဲ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ရှိ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းသွားရန်အထိ ပါဝင်သည်ဟုလည်း သိရသည်။ ဂျပန်၏ အကူအညီပေးရေး ရည်ရွယ်ချက်များမှာ အဓိကအားဖြင့် လူနေမှုဘဝမြှင့်တင်ရန်နှင့် ဆင်းရဲမွဲတေမှု လျှော့ချရန်၊ အထူးသဖြင့် လူနည်းစုဒေသများတွင် ဆောင်ရွက်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေသော အစိုးရအရာရှိများ၏ ပညာရေးကိုမြှင့်တင်ပေးခြင်းအားဖြင့် ကျွမ်းကျင်မှုတိုးတက်လာစေရန်၊ ထို့နောက် သီလဝါအပါအဝင် ရေရှည်ခံဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံရေး စသည့်နယ်ပယ်သုံးခု ဖြစ်ပါသည်။

ဂျပန်ဝန်ကြီးချုပ်နှင့် မတွေ့ဆုံမီ ဂျပန်ရောက်မြန်မာနိုင်ငံသားတစ်ထောင်ကျော်နှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခွန်ဆောင်ခြင်းကိစ္စ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများကို ပြောကြားခဲ့သည်။ အခွန်ဆောင်ခြင်းသည် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော်လည်း အချို့က အခွန်ရှောင်ခြင်းကို မြန်မာ့ယဉ်ကျေးမှုဟု ထင်နေကြောင်း ပြောကြားခဲ့ပြီး အတွေးအခေါ်သစ်များနှင့် ရှေ့ရောက်အောင် ကြိုးစားရမည်ဖြစ်သည့်အတွက် ကျွမ်းကျင်သော စီးပွားရေးသမားများ လိုအပ်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအများအပြားနှင့် လတ်ဆတ်သစ်လွင်သော အကြံဉာဏ်များရှိသည့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ အများအပြားလိုအပ်နေကြောင်း ပြောကြားသွားပါသည်။

မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးတွင် အစိုးရသစ်ဖွဲ့စည်းပြီးချိန်မှစ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များရှိခဲ့ရာ ခရီးစဉ်တိုင်းတွင် မိတ်ဖက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုတည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် မြန်မာ့အကူးအပြောင်းအတွက် အလွန်လိုအပ်နေသော စီးပွားရေး အထောက်အပံ့များနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်ဒေသများ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက်လည်း အထူးပင်အကျိုးရှိစေခဲ့သည်ကို တွေ့မြင်ရပါကြောင်း တင်ပြရပါသည်။ ။

# အတ္ထရံမြစ်ရေမှ သောက်သုံးရေ၊ ရေကောင်းရေသန့်များ ထုတ်လုပ်ပြီး မော်လမြိုင်မြို့အတွင်း ဖြန့်ဖြူးပေးနိုင်တော့မည်



**မော်လမြိုင် နိုဝင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်အစိုးရရုံး၌ နိုဝင်ဘာလပထမပတ်က အတ္ထရံမြစ်ရေကို ခေတ်မီစက်ကြီးများဖြင့် သန့်စင်ကာ ရေကောင်းရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ စူပါဝါးတားကုမ္ပဏီမှ အင်ဂျင်နီယာအဖွဲ့နှင့် Victory Radiance ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ကျော်မင်းနှင့် ဒါရိုက်တာ ဦးစည်သူဝင်းတို့က လာရောက်တွေ့ဆုံခဲ့ကြ သည်။

ထိုသို့တွေ့ဆုံစဉ် ဦးတင်ကျော်မင်းက ၎င်းတို့ မိတ်ဖက်ကုမ္ပဏီဖြစ်သော စူပါဝါးတားကုမ္ပဏီတို့ ပူးပေါင်းကာ အတ္ထရံမြစ်ရေကို ခေတ်မီစက်ကြီးများဖြင့် စနစ်တကျသန့်စင်ပြီး ရေကောင်းရေသန့်၊ သောက်သုံးရေ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကန်ဒေါ်လာ ၃ ဒသမ ၀၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ ရေသန့်များကိုလည်း ဒေသတွင်းပြည်သူများကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုပါက စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးကလည်း ပြည်သူများ နှစ်စဉ်ရေပြတ်လပ်မှု ကင်းဝေးစေရေးအတွက် တစ်နှစ်အတွင်း အကောင်အထည်ဖော်နိုင်ရေး၊ ပြည်သူလူထုကို ပွင့်လင်းမြင်သာပြီး သင့်တော်သည့်နှုန်းထားဖြင့် ဆောင်ရွက်ပေးနိုင်ရေး ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြတ်မွန်ထွေး**

## ထင်သာမြင်သာပြုပြင်စရာ

# လမ်းပေါ်ဈေးသည်များကြောင့် လမ်းသွားလမ်းလာများ အခက်အခဲကြုံနေရ




လှိုင်သာယာမြို့နယ်ရှိ ယာဉ်ဖြတ်သန်းမှု ထူထပ်သော အနော်ရထာလမ်းမကြီးပေါ်တွင် ဈေးသည်များ အများအပြား ရောင်းချနေကြပြီး ရပ်ကွက်များအတွင်း၌လည်း လမ်းပေါ်ဈေးသည်များ ရောင်းချမှု တိုးလာလျက်ရှိကြောင်း သိရသည်။ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခန့်က အမှတ် (၆) ရပ်ကွက်ဈေးနံဘေးရှိ ကွန်ကရစ်လမ်းပေါ်တွင် ပိတ်ဆို့ဈေးရောင်းချနေမှုကြောင့် ယာဉ်များနှင့် ပြည်သူများ သွားလာရေး အခက်အခဲကြုံခဲ့ရသည်။

“ကျန်စစ်သားအိမ်ရာ စည်ပင် ဈေးက နံနက်ပိုင်း လူအမြဲစည်တယ်။ နေ့တိုင်း ဒီလို လမ်းပေါ်ဈေးသည်တွေ တိုးလာပြီး မော်တော်ယာဉ်တွေ၊ ဆိုက်ကား၊ ဆိုင်ကယ်နဲ့ ခြေကျင်သွားလာနေတဲ့ ပြည်သူအားလုံး သွားလာရေးဒုက္ခကြုံနေရမှာပဲ။ လမ်းပေါ်တက်ရောင်းတဲ့ ဗန်းတွေက မလွတ်၊ ထီးအမိုးမဖယ်ပေး၊ တိုးတိုက်မိရင် ဈေးသည်တွေက အုပ်စုလိုက် ပြဿနာရှာတော့ တာဝန်ရှိတဲ့သူတွေရော တာဝန်သိတဲ့သူတွေပါ မပြောကြတော့ဘူး”ဟု အမှတ် (၆) ရပ်ကွက်၏ ရပ်မိရပ်ဖဖြစ်သော ဦးသန်းအောင်က ပြောသည်။

ကျန်စစ်သားစည်ပင်ဈေးနံဘေးရှိ ကွန်ကရစ်လမ်းသည် စက်ရုံဆင်း အလုပ်သမားများ၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူအများသွားလာနေသော လမ်းမကြီးဖြစ်ပြီး ဈေးအတွင်းရောင်းချခြင်းမရှိဘဲ လမ်းပေါ်ရောင်းချနေသော ဈေးသည်များကို ထိရောက်စွာဆောင်ရွက်နိုင်ပါက ယနေ့ရင်ဆိုင်နေရသော လှိုင်သာယာမြို့နယ်၏ လမ်းပေါ်ဈေးသည် ပြဿနာများ ရှင်းလင်းသွားမည် ဖြစ်ကြောင်း မြို့ခံပြည်သူတို့ထံမှ သိရသည်။ (၁၆၄)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ · ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကထိန်လျာသင်္ကန်း ဆက်ကပ်စဉ်

(သတင်းစဉ်)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ညီ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊

*စာမျက်နှာ ၄ သို့*



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကထိန်အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ငွေကျပ် ၃၁၆၃၄၅၅၀ တန်ဖိုးရှိ ပဒေသာပင်များနှင့် နဝကမ္မလှူဒါန်းငွေကျပ် ၂၇၂၉၅၃၀၀ လှူဒါန်းခဲ့ကြသည့်အတွက် စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ် ၅၉၉၃၀၁၅၀ ဖြစ်ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ် / တိုင်းများ ဖွဲ့စည်းတည်ထောင်ရာတွင် ကရင်လူမျိုးများနေထိုင်သော ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာကြပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအရ သံလွင်ခရိုင်နှင့်ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပါသည်။ ၄င်းနောက် ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်ဟူ၍ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၁) နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် အမိနိုင်ငံတော်ကြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာဖြစ်ပေါ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့အစိုးရသစ်အနေဖြင့် တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တခဲ့ရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို စတင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းခဲ့ကြရပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ယုံကြည်မှုအားနည်းခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသော ဆုံးရှုံးမှုများသာမက နှစ်ပေါင်းများစွာအတွင်း မျိုးဆက်အလိုက် လူငယ်များ၏ အနာဂတ်များ ဆုံးရှုံးခဲ့ရသည်မှာ ပိုမို၍ပင် ဝမ်းနည်းဖွယ်ရာအတိ ဖြစ်ခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူပြည်နယ်သားများအနေဖြင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းသစ်များလည်း ရရှိနေပြီဖြစ်ပါသည်။ တစ်ချိန်က တိုက်ပွဲများဖြင့် ယမ်းငွေ့ဝေခဲ့သော ကရင်ပြည်နယ်သည် မကြာခင်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများဖြင့် စည်ပင်လာတော့မည်ဖြစ်ရာ ရှေ့ကိုမျှော်ကြည့်လျှင် အမှန်ပင် အားတက်ဝမ်းမြောက်ရပါသည်။ များမကြာခင် ကာလများအတွင်း ကရင်ပြည်နယ်၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းကောင်းများ ကြားသိရသည့်အတွက်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဖော်ဆောင်နိုင်ရေးသည် အထူးအရေးကြီးလှပါသည်။ ပြည်ထောင်စု၏ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းအဖြေရှာသော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများထွက်ပေါ်လာမည်ဟု အခိုင်အမာယုံကြည်ထားပါသည်။ ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ပြည့်ပြည့်ဝဝဖြင့် လျှောက်လှမ်းခဲ့ကြသော ကရင်တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် ရှေ့သို့ဆက်၍လည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးတို့တွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**ပြည်ထောင်စု၏နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းအဖြေရှာသော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများထွက်ပေါ်လာမည်ဟု အခိုင်အမာယုံကြည်ထား**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၆

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။
**နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဥရောပသမဂ္ဂကာကွယ်ရေး ဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာကော်မတီ အစည်းအဝေး (European Union Military Committee-EUMC Meeting )သို့ တက်ရောက်ရန် ယမန်နေ့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ Zaventem အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇော်ဝင်း(သစ်ထွင်း) တစ်ကိုယ်တော်ပန်းချီပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတောင် ပန်းချီပြခန်းအဖွဲ့ဝင်များ၏ တစ်ကိုယ်တော် ပြပွဲအစီအစဉ်အဖြစ် ဆရာကြီးဇော်ဝင်း (သစ်ထွင်း)၏ တစ်ကိုယ်တော် ပန်းချီပြပွဲဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေးတောင် ခြသေ့်ကြီးနှစ်ကောင်အနီးရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဆရာကြီး ဒေါက်တာကိုကိုကြီး၊ ဆရာကြီး ဦးခင်မောင်သောင်း၊ ဆရာကြီး ဦးခင်မောင်စန်းတို့က မုဒိတာစကားပြောကြားကြပြီး ဆရာကြီးဇော်ဝင်း (သစ်ထွင်း)က ပြပွဲပြသရခြင်းအတွက် မိတ်ဆက်စကားပြောကြားကာ မွေးနေ့အထိမ်းအမှတ်အဖြစ် ပြပွဲလာရောက်သူများအား ပန်းချီကား ၁၀ ချပ် မဲဖောက် လက်ဆောင်ပေးအပ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကား ၃၃ ချပ်ကို နိုဝင်ဘာ ၁၂ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






# ဓာတ်အားလိုအပ်ချက် Master Plan ရေးဆွဲရန် ဝန်ကြီးချုပ်ပြော

ရန်ကုန် နိုဝင်ဘာ ၆

**လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်ရခြင်းမှာ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အား လိုင်းကြိုးများ သက်တမ်းကြာမြင့်ပြီး ခံနိုင်ရည်စွမ်းအား လျော့နည်းလာခြင်းကြောင့်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။**

ဂျပန်နိုင်ငံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးထိပ်တန်း ကုမ္ပဏီကြီးတစ်ခုဖြစ်သော Energy Support Corporation နှင့် မြန်မာနိုင်ငံသားပိုင် Same Sky အီလက်ထရွန်နစ်ကုမ္ပဏီတို့ ပူးပေါင်းကာ လှိုင်သာယာတွင် စက်ရုံထူထောင်၍ လျှပ်စစ်ကြွေသီးများနှင့် Cutout(Fuse)များ Made in Myanmar အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သွားရန် ရန်ကုန်မြို့မီလီယာဟိုတယ်၌ ပြုလုပ်သော စာချုပ်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို လေ့လာကြည့်မယ်ဆိုရင် မိုးရာသီမှာ လုံလောက်စွာထုတ်လုပ်နိုင်ပေမယ့် နွေရာသီမှာတော့ ဝန်နဲ့အားမမျှတတာ တွေ့ရမှာဖြစ်ပါတယ်။ မိုးရာသီမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လုံလောက်သော်လည်း ဘာကြောင့် မီးတွေပျက်နေရသလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ဒါကတော့ သွယ်တန်းထားတဲ့ လျှပ်စစ်ကြိုးတွေရဲ့ စွမ်းဆောင်နိုင်မှု အားနည်းလာတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ လျှပ်စစ်ကြိုးတွေဟာ နှစ်ပေါင်း ၅၀၊ ၁၀၀ အထိ သက်တမ်းရှိလာပြီ ဖြစ်တဲ့အတွက် စွမ်းဆောင်နိုင်မှု လျော့နည်းလာပြီး မီးပျက်မှုတွေ ဖြစ်လာတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ထို့အပြင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှု အပိုင်းတွင်လည်း နည်းပညာအားနည်းချက်ကြောင့်သော်လည်းကောင်း၊ လူ့ပယောဂကြောင့်သော် လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ ရှိနေကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်ကဏ္ဍတွင် ပါဝင်ပတ်သက်နေသူအားလုံးက Master Plan တစ်ရပ်ကို အမြန်ဆုံးရေးဆွဲအကောင်အထည်ဖော်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

လျှပ်စစ်ကဏ္ဍတွင် ထုတ်လုပ်မှု၊ သွယ်တန်းမှုနှင့် ဖြန့်ဖြူးမှုဆိုသည့်အပိုင်းသုံးပိုင်းရှိကြောင်း၊ ယင်းအပိုင်းသုံးပိုင်းစလုံးတွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားနိုင်မှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လိမ့်မည်ဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နိုင်ငံလုံးသုံးစွဲမှု၏ ထက်ဝက်ကျော်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ လျှပ်စစ်ဖြန့်ဖြူးရေး ကော်ပိုရေးရှင်းနှင့်ပူးပေါင်းကာ လှိုင်သာယာတွင် စက်ရုံတည်ဆောက်၍ ထုတ်လုပ်မည့်လျှပ်စစ်ပစ္စည်းများသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် အထောက်အကူပြုနိုင်မည့်အပြင် စက်ရုံသစ်မှထုတ်လုပ်မည့် Made in Myanmar အမှတ်တံဆိပ်ဖြင့် ထုတ်ကုန်များကို ပြည်တွင်းသာမက အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့သွားရန်မျှော်မှန်းထားကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အား/ကာခန်းမများ ပိတ်မထားရန်ညွှန်ကြား

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြို့နယ် ၃၀ အတွင်းရှိ အားကစားရုံခန်းမများကို ပိတ်မထားဘဲ ဌာနဆိုင်ရာနှင့် လူမှုရေးပရဟိတအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများတွင် အသုံးပြုခွင့်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က မေတ္တာရပ်ခံညွှန်ကြားထားကြောင်း သိရသည်။

မကြာမီက နွားထိုးကြီးတွင် ဓမ္မဝေယျာဝစ္စပရဟိတအဖွဲ့က ဦးစီးကျင်းပသော ကိုရီးယားဆရာတော်တရားပွဲကို နွားထိုးကြီး အားကာခန်းမ၌ ကျင်းပခွင့်တောင်းရာမှ ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီး တစ်တိုင်းလုံးရှိ အားကစားရုံခန်းမများ ပိတ်မထားရန် ညွှန်ကြားခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော မြို့နယ်ခန်းမများကို အားကစားခန်းမအဖြစ် ပြောင်းလဲခဲ့၍ မြို့နယ်များ၏ လူမှုလှုပ်ရှားမှုများ၊ ဟောပြောပွဲများ၊ အခမ်းအနားများကျင်းပနိုင်ခြင်းမရှိဘဲ ဖြစ်ခဲ့သည်။ **ဒွေးမြင့်မောင်**

# သန့်ရှင်းကြည်လင်သော သောက်သုံးရေရရှိရေး ရှင်းလင်းတင်ပြ

**ရွှေဘို နိုဝင်ဘာ ၆**

ရွှေဘိုမြို့တွင် သန့်ရှင်းကြည်လင်သော သောက်သုံးရေရရှိရေးအတွက် Authentic Group Of Compalies မှ BOT စနစ်ဖြင့် ဆောင်ရွက်မည့် ရေပေးဝေရေးစီမံကိန်းကို နိုဝင်ဘာ ၂ ရက်က ရန်ကြီးအောင်ခန်းမ၌ မြို့နေပြည်သူများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကျင်းပခဲ့သည်။

Auphentic ကုမ္ပဏီက ရွှေဘိုမြို့နေ ရပ်ကွက်ပြည်သူများအား သန့်ရှင်းကြည်လင်၍ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများရရှိရေးအတွက် ကုမ္ပဏီမှ ကျွမ်းကျင်သောပညာနှင့် အတွေ့အကြုံကို အခြေခံ၍ ရေသန့်စင်စနစ်မှ အစ ရေပေးဝေရေးပိုက်လိုင်းနှင့် ကွန်ရက်တစ်ခုလုံး မြို့နေရပ်ကွက်များသို့ ရေအရည်အသွေးကောင်းမွန်စွာဖြင့် အိမ်ရှေ့ရေသွယ်ပိုက်မှ ရေအလုံအလောက်ပေးမည်ဖြစ်သည်။ ရွှေဘိုမြို့ လူထုသောက်သုံးရေရရှိရေးအတွက် ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မဟာနန္ဒာကန်မှတစ်ဆင့် ရေတင်စနစ်ဖြင့် ရေပေးဝေနေပြီဖြစ်သည်။ သို့သော် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်စလုံး မပေးနိုင်သဖြင့် အချို့ရပ်ကွက်များတွင် ရေမရှိဘဲ ဖြစ်နေသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေတွန်းစက်သုံးခုဖြင့် အလိုအလျောက်စီးဆင်းစေသောစနစ်ဖြင့် ရေတိုင်ပေါင်း ၆၀၀၀ ကျော်အား တစ်ယူနစ် ၁၅၀ နှုန်းဖြင့် လက်ရှိရေပေးဝေနေကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ညောင်တုန်းမြို့တွင် လျှပ်စစ်မီးမကြာခဏ ပျက်နေသည့်အပေါ် ပြည်သူများ ဝေဖန်မှုများရှိနေ

**ညောင်တုန်း နိုဝင်ဘာ ၆**

ယခင်က လျှပ်စစ်မီးပျက်မှုနည်းပါးခဲ့သော ညောင်တုန်းမြို့၌ ယခုရက်ပိုင်းအတွင်း လျှပ်စစ်မီးမကြာခဏ ပျက်နေမှုအပေါ် ပြည်သူများအတွင်း အမျိုးမျိုးဝေဖန်ပြောဆိုမှုများရှိနေကြောင်း သိရသည်။

ထို့အပြင် လှိုင်သာယာလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ညောင်တုန်းမြို့နယ်သို့ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးမှာ ယခင်က ညောင်တုန်းမြို့တစ်မြို့တည်းကိုသာ လျှပ်စစ်မီးလွှတ်ပေးခဲ့ရသဖြင့် နိုင်နင်းမှုရှိပြီး မီးပြတ်တောက်မှု၊ လိုင်းဖော့ဖြစ်မှုနည်းပါးခဲ့ကြောင်း သိရသည်။ ယခုအခါ လှိုင်သာယာ-ညောင်တုန်းလိုင်းမှပင် မအူပင်မြို့နှင့် ကျိုက်လတ်မြို့နယ်များအပြင် ကျေးလက်ဒေသများပါ တိုးချဲ့ပေးခဲ့ရသည့်အပြင် နေအိမ်တိုင်းလိုလို လျှပ်စစ်မီတာများဖြင့် အသုံးပြုသူများပြားလာသဖြင့် တပ်ဆင်ထားသော လျှပ်စစ်လိုင်းကြိုးများ မနိုင်သဖြင့် လိုင်းဖော့ဖြစ်ခြင်း၊ မကြာခဏကြိုးများပြတ်တောက်ခြင်း၊ ကြွေသီးများကွဲအက်ခြင်း၊ ကြာမြင့်နေပြီဖြစ်သော ဓာတ်မီးတိုင်များ လဲပြိုခြင်း၊ ကျိုးပဲ့ခြင်းများဖြစ်ကာ မကြာခဏ မီးပျက်နေရခြင်း ဖြစ်ကြောင်းလည်း သိရသည်။

လျှပ်စစ်မီးပြတ်တောက်မှု ကင်းဝေးစေရေးအတွက် နိုင်နင်းမှုရှိသော လျှပ်စစ်မီးကြိုးများ၊ အရည်အသွေးကောင်းသော ကြွေသီးများ၊ ဓာတ်တိုင်များ အဆင့်မြှင့်စနစ်တကျအမြန်လဲလှယ်တပ်ဆင်ပေးရန် ထန်းတပင်၊ ညောင်တုန်း၊ မအူပင်၊ ကျိုက်လတ်မြို့နယ်များမှ ဒေသခံပြည်သူများက အထူးလိုလားနေကြကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၇ ရက်တွင် ကချင်ပြည်နယ်၌ နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# တောင်သမန် အလွမ်းစာများ

**မြင့်ဆွေဦး**

၂၀၁၆ ခုနှစ် မေလ ၂၁ ရက်နေ့က တောင်လေးလုံးကျောင်းတိုက်ဆရာတော်ဦးပညာဇောတ [ကိုပညာ(အမရပူရ)] သည် ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့သည်။

အမရပူရမြို့ တောင်ကြီးရပ်ကွက် အရှေ့ဆင်တိုင်ရပ်၌ ခမည်းတော် ဦးသိန်းဖေ၊ မယ်တော် ဒေါ်အေးရွှေတို့မှ ဇန်နဝါရီ ၅ ရက် ၁၉၃၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ခြောက်နှစ်သားအရွယ်တွင် တောင်လေးလုံးကျောင်းသို့ ရောက်ရှိပညာဆည်းပူးသည်။ ကိုးနှစ်သားအရွယ်တွင် ရှင်သာမဏေပြုရာတွင် အမည်မှာ 'အရှင်ပညာဇောတ' ဖြစ်သည်။ ဆယ့်ခြောက်နှစ်သားအရွယ် ၁၉၄၉ ခုနှစ်တွင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံမှာ ပရိယတ္တိစာပေများ သင်ယူခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဦးဘညွန့်၊ ဒေါ်သိန်းညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ဝင်ခဲ့သည်။ ၁၉၆၂ တွင် ဓမ္မာစရိယဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။

ဆရာတော် ကိုပညာသည် စာပေဝါသနာပါသူဖြစ်ပြီး စာပေများ ရေးသားပြုစုခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် 'တောင်သမန်နံနက်ခင်းများ' ကဗျာဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့သည်။ စုံထောက်မဂ္ဂဇင်း (မတ် ၁၉၅၇) တွင် 'မြို့တော်ရတနာပုံနှင့် အငှားလင်' ဝတ္ထုတိုကို မြဖုန်းနိုင် 'အမရပူရ' ကလောင်အမည်သုံး၍ ရေးခဲ့သည်။ ငွေတာရီ (စက်တင်ဘာ ၁၉၆၈ ) မှာပါသည့် 'မြန်မာစာပေရှာဖွေသူနှင့် မြန်မာစာမြှင့်ချင်သူ' ဆောင်းပါးတွင် (ကိုပညာ အမရပူရ)ကလောင်အမည်ကို စတင်အသုံးပြုသည်။ ဆရာတော်သည် ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးလည်းဖြစ်ပြီး ဗိုလ်မှူးဘသောင်း(မောင်သုတ)၊ မြန်မာတစ်နိုင်ငံလုံးမှ စာသမား၊ ပေသမား၊ စာရေးဆရာ၊ ကဗျာဆရာ စာပေလောကသားများ ဆရာတော်ဦးပညာ၏ တောင်လေးလုံးသို့ ရောက်လာကြသည်။ တည်းကြ၊ ခိုကြသည်။ ဆရာတော်ကလည်း ဘယ်သူဘယ်ဝါဟူ၍ ခွဲခြားဆက်ဆံခြင်းမရှိ၊ အားလုံးကို လက်ခံသည်။ ကျွေးမွေးပြုစုစောင့်ရှောက်သည်။

တစ်ခါက ထိုစာရေးသူသည် စာပေလောကစာအုပ်တိုက် ဈေးရောင်းပွဲတော်ပြုလုပ်ရာ ဆရာတော်ဆီမှ ရှားပါးစာအုပ်စာတမ်း ဝတ္ထုစာအုပ်များကို ငှားရမ်းပြီး စာအုပ်တိုက်ဈေးရောင်းပွဲတွင်ပြသခဲ့သည်။ ထိုစာအုပ်များကို ဆရာတော်ထံပြန်ပို့ရာတွင် မည်သို့မည်ပုံဖြစ်သည်မသိ။ ဆရာတော်ထံ စာအုပ်များမရောက်၊ လမ်းတွင် ပျောက်ဆုံးသွားခဲ့သည်။ တာဝန်ခံငှားရမ်းသူဖြစ်သည့် စာရေးသူအား ဆရာတော်က နားလည်ခွင့်လွှတ်ခဲ့သည်။

၁၉၉၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ခင်ပွန်း ဆရာမိုက်ကယ်အဲရစ် ကွယ်လွန်သွားခဲ့ရာ အစ်မက ကျွန်တော့်အား ဆရာမိုက်ကယ်အဲရစ်အတ္ထုပ္ပတ္တိနှင့် သူ၏ကျေးဇူးတင်ကြောင်းစာကို ဘာသာပြန်ခိုင်း၍ စာရေးသူက ရေးပေးခဲ့ရသည်။ ထိုလက်ကမ်းစာစောင်တွင် ဆရာမိုက်ကယ်အဲရစ်ပုံကို ကိုမော်လင်းက Sketch (ခဲခြစ်ကောက်ကြောင်း)ရေးဆွဲပေးသည်။ ထို့နောက် စာရေးသူသည် မန္တလေးသို့ ဆရာမြသန်းတင့် အမှတ်တရပွဲကို တောင်လေးလုံးတွင် ကျင်းပရာ ရောက်ရှိသွားသည်။ ဆရာမိုက်ကယ်အဲရစ် လက်ကမ်းစာစောင်လေးကို ဆရာတော်ဦးပညာထံပေးအပ်ခဲ့ရာ ဆရာတော်က စာရေးသူအား 'ဒီကောင်ငါ့ကိုသတိရသားပဲ' ဟုလို့ ဆိုခဲ့လေသည်။ ဆရာတော်ဦးပညာသည် ဆောင်းပါးများရေးသားခဲ့သော်လည်း စာအုပ်အဖြစ် ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။ ၁၉၉၆ ခုနှစ် တောင်သမန်




ဝန်းကျင်သမိုင်းဝင်နေရာများစာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ) အမျိုးသားစာပေဆုရခဲ့သည့် စာအုပ်နှင့် ယခု 'တောင်သမန် အလွမ်းစာများ' စာအုပ်တို့သာ ထုတ်ဝေနိုင်ခဲ့သည်။ 'တောင်သမန်အလွမ်းစာများ' ကို ရာပြည့်စာအုပ်တိုက်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်တွင်ကဏ္ဍလေးခုခွဲ၍ ဖော်ပြထားသည်။ တောင် သမန်ဝန်းကျင် တောင်လေးလုံးနှင့် မဟာဂန္ဓာရုံ အလွမ်းစာများနှင့် ပေးစာများဖြစ်သည်။

ဆရာတော်ဦးပညာက တောင်သမန်၏အလှကို ဤသို့ ဖော်ပြခဲ့သည်။

'တောင်သမန်၏အလှသည် သုံးပန်လှ အလှဖြစ်၏။ နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝန်းပြောင်းသလို တောင်သမန်အလှလည်း သုံးချိန်ပြောင်းလေသည်။ အလှဆုံးအချိန်ကား မိုးရာသီကာလဖြစ်ပေသည်။

မိုးအခါဆိုလျှင် တောင်သမန်အင်းထဲတွင် ရေပြည့်၍ အင်းလေး၊ ငပလီတို့နှင့် ယှဉ်နိုင်လောက်အောင် တစ်မျိုးလှ၏။ ဆောင်းဆိုလျှင် စိမ်းလန်းသော စိုက်ခင်းပျိုးခင်း၊ မုယင်းခင်းတို့ဖြင့်ဝေဆာ၍ မြစိမ်းရောင်အလှ လွှမ်းနေတတ်၏။ နွေရောက်ပြီဆိုလျှင်လည်း မယ်ဇယ်ပင် အေးရိပ်မှာ ချွေးသိပ်၍ နေခိုနိုင်၏။ ဟိုအဝေး တောအရေးမှာ လက်ပံပွင့်နီနီတို့ စီရရီပွင့်နေကြ၏။ အနီရောင်မျဉ်းသား၊ နောက်ခံကားဖြင့် မြူခိုးတိမ်လွှာအလား ကြီးမားသော ဖုန်လုံးကြီးများထနေသည့် အပူရောင်အလှက စိုးမိုးနေတတ်၏။'

ဆရာတော်ဦးပညာက (တောင်သမန်ဝန်းကျင်) တွင် တောင်သမန်သမိုင်းကြောင်းများကို ရေးဖွဲ့ခဲ့သည်။ 'တောင်လေးလုံးနှင့် မဟာဂန္ဓာရုံတွင် တောင်လေးလုံးသမိုင်း၊ မဟာဂန္ဓာရုံသမိုင်းကို ရေးဖွဲ့ခဲ့သည်။ အလွမ်းစာများတွင် တောင်လေးလုံးရောက်လာသည့် စာရေးဆရာများအကြောင်းကို မှတ်တမ်းတင်ခဲ့သည်။ အထူးသဖြင့် အိုးဝေဦးညိုမြအကြောင်း မှတ်တမ်းများဖြစ်သည်။

ဆရာတော်ဦးပညာသည် အိုးဝေဦးညိုမြအကြောင်း စာလေးပုဒ်ဖြင့် ရေးဖွဲ့တင်ပြခဲ့သည်။ ယင်းတို့မှာ တောင်သမန်ည၊ ညိုမြအလွမ်းပြေ၊ ညိုမြကဗျာဆရာ၊ ဦးညိုမြရဲ့ကိုအောင်ဆန်း၊ ဦးညိုမြ၏ တောင်သမန်နောက်ဆုံးခရီးတို့ဖြစ်သည်။

ဦးညိုမြကဗျာဆရာတွင် ဆရာတော်ဦးပညာက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

'သမိုင်းရေးဆရာအဖြစ်ကား သူ၏နောက်ဆုံးထွက်စာအုပ်ကြီးတစ်အုပ်ဖြစ်သည့် (ကုန်းဘောင်ရှာပုံတော်) ဖြင့်ပင် သိသာထင်ရှားလှပေသည်။ အမှေးမှိန်ဆုံး၊ အသိအနည်းဆုံးကား (ကဗျာဆရာ)ပင်ဖြစ်သည်ဟု ဆိုရမည်ထင်သည်။ စာရေးသူပင် သူ့ကိုကဗျာရေးသူဟု အသိအမှတ်မပြုခဲ့။ သို့သော်လည်း သူသည် စာရေးသူနှင့်တွေ့စကပင် ကဗျာတစ်ပုဒ်ဖြင့်နှုတ်ဆက်၍ သွားခဲ့ဖူးပေသည်။ ထိုကဗျာမှာ-

**ကဗျာလက်ဆောင်**

တောင်သမန်ရွှေအင်းနှင့်
တောင်မင်းကြီးပုထိုးတော်
ကိန်းဝပ်စံပျော်။
တောင်မြို့ခေါ်
ဘိုးတော်၏စံနန်း။
ရဟန်းပျိုရှင်ပညာနှင့်
ဒါယကာ မောင်မောင်တင်တို့
ရာဇဝင် အတိတ်ထူးကို
ဦးရွှေပိန်တံတားဦးမှာ
ထူးသည့်စခန်း။ ။
(ပုံ) မောင်သုမန

ဩဂုတ် ၂၄-၁၉၇၂ ဟူ၍ ဖြစ်သည်။

ဆရာတော် ဦးပညာက (ဦးညိုမြရဲ့ကိုအောင်ဆန်း)တွင် ဦးညိုမြ မမေ့နိုင်သေးသည့် ဦးအောင်ဆန်းအကြောင်းကို ဦးညိုမြက ပြောခဲ့သည့်အတိုင်း မှတ်တမ်းတင်ခဲ့သည်။

'ဦးညိုမြနှင့် ဗိုလ်ချုပ်အောင်ဆန်းသည် သက်တူရွယ်တူဖြစ်၏။ ဦးညိုမြက သုံးလခန့်ကြီးသည်။ အတန်းစာအားဖြင့် ကိုအောင်ဆန်းက တစ်တန်းကြီးသည်။ သူက အိုင်အေ မအောင်သေး။ ကိုအောင်ဆန်းက ဘီအေပဉ္စမနှစ် ကျောင်းသားဖြစ်၏။

ကိုအောင်စန်းလား
ကိုအောင်ဆန်းလား---။

ကိုအောင်စန်းပါ။ ဒါပေမယ့် 'လူတွေက ငါ့ကို အောင်ဆန်းလို့ ခေါ်နေကြတယ်ကွ၊ ဘာကြောင့်ရယ်မသိဘူး၊ ဒါလည်း တစ်မျိုးကောင်းပါတယ်လေ။ ခေါ်ချင်သလို ခေါ်ကြပါစေ' တဲ့။

'အောင်စန်းက နောက်ပိုးပိုးချင်တယ်တဲ့။ အင်းလျားဆောင်သွားရင် ငါ့ကိုခေါ်စမ်းပါ။ ဒါနဲ့ ခေါ်သွား၊ ဟိုမှာကောင်မလေးတွေနဲ့ မိတ်ဆက်ပေး၊ ဟိုရောက်တော့ စကားလည်း မပြောဘူး။

တစ်ခါနှစ်ခါ ခေါ်သွားပြီးတော့ ခင်ဗျားစကားပြောဦးမှပေါ့၊ အင်္ဂလိပ်စကားပုံရှိတယ်။ မြင်းကိုရေတိုက်ဖို့ ရေဆိပ်ခေါ်သွားတာ လူ့တာဝန်၊ မြစ်ဆိပ်ရောက်တော့ ရေသောက်ဖို့ရာ မြင်းတာဝန်။ အဲဒါ အင်းလျားရောက်တော့ မိတ်ဆက်ပေးဖို့ရာ ကျွန်တော်၊ ကျန်တာ ကျွန်တော့်အလုပ်မဟုတ်ဘူး။ စကားလည်း မပြောဘူး၊ ပြုံးပြနေတာ မဖြစ်ဘူးထင်တယ်။

နောက် မလိုက်တော့ဘူး။ သမဂ္ဂလာတဲ့ ကောင်မလေးတွေသာ ရှက်ကိုး ရှက်ကန်းနဲ့ စကားပြောတာ တွေ့ရတယ်။

'ဒေါ်ခင်ကြည်တောင် ကံကောင်းလို့ ဆေးရုံတက်ရင်းရတာ---'

သူ လူပျိုစကား ပြောပုံကိုလည်း ကြားလိုက်ရသေးတယ်။ 'ဆရာမ' ကျွန်တော်တို့က နောက်ပိုးမဟုတ်ဘူး၊ ဖြောင်ပိုးဗျ၊ ကျွန်တော့်ကိုလည်း ဆေးတိုက်ပါဦး' တဲ့။

ဆရာတော် ဦးပညာက ဆရာဦးကြီးမောင်၏ အကြောင်းကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ထိုစာမှာ 'သိပါပြီ အမေရယ်၏ နောက်ဆက်တွဲ' ဖြစ်သည်။ သိပါပြီ အမေရယ်မှာ ဆရာဦးကြီးမောင်၏ ထင်ရှားသော စာတစ်ပုဒ်ဖြစ်သည်။

'သိပါပြီ အမေရယ်' ဝတ္ထုဇာတ်လမ်းမှာ မုဆိုးမမိခင်ကြီးတစ်ဦး၏ သားကြီးအပေါ်ထားသည့် မေတ္တာဇာတ်လမ်းဖြစ်၏။

ထမင်းစားဖို့ အိုးထဲမှာ ဆန်မရှိ၊ ဆန်ပြုတ် ပြုတ်ရန်သာရှိသည့်အကြောင်း သားကြီးမသိစေချင်၊ မသိစေချင်သဖြင့် သားကို ထမင်းအိုးတည်ဖို့လွှဲခဲ့၏။ မချက်တတ်သည့်သားက ထမင်းချက်ခိုင်းလို့ ဝမ်းသာ၏။ သား၏ လက်ရာသည် ဆန်ပြုတ်ဖြစ်သွား၏။ သားက ဆန်ပြုတ်ကိုသောက်၍ အားရပါးရ ရွှင်ပျနေသည်ကို မိခင်က ရင်နာနာနှင့် ခံစားရ၏။ နှစ်ပေါင်းလေးဆယ်ကြာမှ ဇနီးသည် နေမကောင်း၍ ကိုယ်တိုင်ဆန်ပြုတ်ကျို၏။ သူပါ သောက်ရန် ဆန်တစ်ဘူးပြုတ်၏။ ဆန်ပြုတ်မဖြစ် အိုးပြည့်လုနီးပါး ထမင်းပျက်ဖြစ်သွားမှ သူ့အမေ၏ မေတ္တာပရိယာယ်ကို သိရသည့် အကြောင်းဖြစ်၏။

ထိုဝတ္ထုမဂ္ဂဇင်းထဲပါ ပြီးသည့်နောက် အားလပ်ရက်တွင် မိတ်ဆွေများနှင့် ဖဲကစားနေမိ၏။ ဆရာကြီး ငွေဥဒေါင်းသည် ပိုကာဖဲ အလွန်ဝါသနာပါ၏။ ---ထိုမျှ ဖဲဝါသနာပါသော ဆရာကြီး ငွေဥဒေါင်းနောက်သို့ လူတစ်ယောက် ဖဲဝိုင်းအထိ လိုက်လာ၏။ ငွေဥဒေါင်းဆိုသူကို မေး၏။ သူပါပဲဟု ပြောသောအခါ ထိုသူသည် အားရပါးရထိုင်၍ ရှိခိုးလေတော့သည်။ သူ့ထက် အသက်ကြီးမည်ထင်၏။ တောကဘကြီးတစ်ယောက်ဖြစ်ပုံရလို့ ရှိမခိုးဖို့ တောင်းပန်ရ၏။ မရ၊ 'သိပါပြီ အမေရယ်' ဝတ္ထုဟာ သူ့ဘဝနှင့် တူလွန်းလို့ စာရေးဆရာကြီးကို ကန်တော့ချင်နေတာပါတဲ့။ တဘက်ကလေးပခုံးတင် ငွေတစ်ရာပင် ကန်တော့သွားကြောင်း ပြောပြဖူးလေသည်။"

ဆရာတော် ဦးပညာ၏ 'တောင်သမန်အလွမ်းစာများ' တွင် လွမ်းစရာများနှင့် ပြည့်နေသည်ဟု ခံစားရလေသည်။

**ဆရာတော် ဦးပညာသည် ဆောင်းပါးများရေးသားခဲ့သော်လည်း စာအုပ်အဖြစ် ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။ ၁၉၉၆ ခုနှစ် တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများစာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ)အမျိုးသား စာပေဆုရခဲ့သည့် စာအုပ်နှင့် ယခု 'တောင်သမန် အလွမ်းစာများ' စာအုပ်တို့သာ ထုတ်ဝေနိုင်ခဲ့သည်။ 'တောင်သမန်အလွမ်းစာများ' ကို ရာပြည့်စာအုပ်တိုက်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်တွင် ကဏ္ဍလေးခုခွဲ၍ ဖော်ပြထားသည်။ တောင်သမန်ဝန်းကျင် တောင်လေးလုံးနှင့် မဟာဂန္ဓာရုံအလွမ်းစာများနှင့် ပေးစာများဖြစ်**

# သုဝဏ္ဏဝတီမြို့၌ ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် ဝင်းပဇောတိကာရုံကျောင်းတိုက်၌ ဇောတိကာရုံ မဟာဗောဓိ ဆွမ်းလောင်းပွဲတော်ကြီးနှင့် မဟာဗောဓိ ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့်အတူ မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံဆုလုပွဲများအား နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် ရဟန်းသံဃာတော် အပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြမည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီမှစတင်၍ ကျေးရွာများမှ လှူဖွယ်ပစ္စည်းများနှင့် ရွှေကြာသင်္ကန်းများကိုင်ဆောင် စီတန်းလှည့်လည်ကာ မဟာဗောဓိစေတီတော်၌ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြမည်။ ညပိုင်း၌ အောင်ဆန်းမင်း ဇာတ်သဘင်အဖွဲ့က ကပြဖျော်ဖြေပြီး နိုဝင်ဘာ ၈ ရက်၊ ၉ ရက်များ၌ မွန်းတည့် ၁၂ နာရီမှစတင်၍ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများနှင့် ဝါသနာရှင်များအတွက် နှစ်စဉ်ကျင်းပပြုလုပ်ပေးသော ဇောတိက အောင်လံဆုလုပွဲများကို ကျင်းပမည်ဖြစ်သည် ။

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် အားကစားသမားများမှာ ဒို့ရိုးရာ၊ ဘိလပ်မြေစက်ရုံ၊ တောင်ကလေးရွှေသောင်ရင်း ကလပ်များမှ လက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်ကြမည်ဖြစ်သည်။ နှစ်စဉ်ဝင်ကြေးအခမဲ့နှင့် ဗလာပွဲဖြစ်ကြောင်း ယနေ့ မြန်မာ့လက်ဝှေ့လောကတွင် အောင်မြင်နေသော ဖျံသွေး(ငြိမ်းချမ်းရေးကလပ်) သည် ဒီမြေမှာမွေးဖွား၍ ဒီပွဲကစ၍ အောင်မြင်လာခဲ့ကြောင်း ဘုရားပွဲတော်ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး စောရန်အေးက ပြောသည်။

**ခွန်(ဝင်းပ)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၇ ရက်တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၌ နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး အဆိုပါဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

❀ *ကျောဖုံးမှ*

ဒုတိယသမ္မတသည် သင်တန်းသူများ ချုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှု ပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခန္တီးပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆေးရုံအုပ်ကြီးက ဆေးရုံဆိုင်ရာအချက်အလက်များ၊ ကွင်းဆင်းကုသပေးမှု၊ ဆေးပစ္စည်းရရှိမှု၊ တိုးချဲ့လူနာဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ခန္တီးဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး၏ အစွန်ဆုံးအပိုင်းတွင်တည်ရှိပါကြောင်း၊ မကြာမီကဖြစ်ပွားခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဝက်သက်ကူးစက်ရောဂါကုသမှု လုပ်ငန်းများတွင် ခန္တီးခရိုင်မှ အင်တိုက်အားတိုက် သွားရောက်ကူညီခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ကူးစက်ရောဂါကို အချိန်တိုအတွင်းထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ နောင်တွင် ကူးစက်ရောဂါထပ်မံမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုများ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် သွားဆရာဝန် လိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကွင်းဆင်းဆောင်ရွက်မှုနှင့် ပြည်သူများ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ဒုတိယသမ္မတသည် ဆေးစတို၊ လူနာဆောင်မြေနေရာနှင့် ခုတင် ၅၀ တိုးချဲ့ လူနာဆောင်တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ သင်တန်းသူများချုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများအား ကြည့်ရှုစဉ်** (သတင်းစဉ်)



# (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့၌ နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ဘားအံကန်သာယာအတွင်း ကျင်းပရာ ပြိုင်ပွဲဝင်ရိုးရာလှေလှော်အသင်း ၁၄ သင်းမှ လှေလှော်အားကစားသမား ၁၀၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရိုးရာလှေလှော်ပြိုင်ပွဲကို ငါးတက်လှော်ပြိုင်ပွဲနှင့် သုံးတက်လှော်ပြိုင်ပွဲဟူ၍ အမျိုးအစားနှစ်မျိုးခွဲထားပြီး ပြိုင်ပွဲဝင်အသင်း ၁၄ သင်းအား အုပ်စုသုံးအုပ်စုခွဲကာ စံချိန်အကောင်းဆုံး အသင်းရှစ်သင်းအား အကြိုဗိုလ်လုပွဲစဉ်အဖြစ် အုပ်စုနှစ်စုခွဲ၍ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်မှ စံချိန်အကောင်းဆုံးငါးသင်းကို ရွေးချယ်၍ နိုဝင်ဘာ ၇ ရက် ကရင်ပြည်နယ်နေ့တွင် ဗိုလ်လုပွဲစဉ်ကို ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပြည်နယ်အားကစားတာဝန်ခံ ဦးတေဇထွန်းလှိုင်ထွေးတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ယခုကျင်းပသည့် လှေလှော်ပြိုင်ပွဲသည် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်တွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ဒေသခံပြည်သူများ၏ စိတ်ဝင်စားခြင်းခံရသော အားကစားနည်းတစ်မျိုးဖြစ်ခဲ့သည်။ နိုဝင်ဘာ ၇ ရက် ကရင်ပြည်နယ်နေ့တွင် ငါးတက်လှော်နှင့် သုံးတက်လှော် နောက်ဆုံးဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း မိုးကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၅၀ ခန့် ခီပူပါရာမြို့၏ အရှေ့တောင်ဘက် ၉၅ မိုင်ခန့်နှင့် ခူတန်ဒီယာမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေကို နောက် ၃ နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၂၁ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

**နောက်ဆုံးရ နိုင်ငံတကာသတင်း**

# မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ် ရုန်းရင်းဆန်ခတ်ဖြစ်ပွား၍ ထရန့်အား စင်ပေါ်မှ ရုတ်တရက် ဆွဲချခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၆**

ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် စနေနေ့ညပိုင်းက နီဗားဒါးရှိ ရီနိုမဲဆန္ဒနယ်၌ မဲဆွယ်စည်းရုံးမှုပြုလုပ်နေစဉ် ထရန့်အား ဆန့်ကျင်သည့်အမှတ်အသားပစ္စည်းကိုင်ဆောင်ထားသူ အမျိုးသားတစ်ဦးနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး လူအုပ်အတွင်းမှ တစ်စုံတစ်ယောက်က သေနတ်ဟုအော်ဟစ်ခဲ့သည့်နောက်တွင် လုံခြုံရေးအဖွဲ့ဝင်များက ထရန့်အား စင်ပေါ်မှ ကမန်းကတန်း ဆင်းခိုင်းခဲ့ကြောင်း သိရသည်။

ထရန့်နှင့် ယှဉ်ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်တို့သည် ဆုံးဖြတ်ချက်မပေးနိုင်သေးသည့် မဲပေးသူများကို အောင်မြင်ကျော်လွှားနိုင်ရေးနှင့် ရွေးကောက်ပွဲနေ့တွင်ထောက်ခံသူများအမှန်တကယ် စိတ်အားထက်သန်စွာ ပါဝင်လာရန်အတွက် အမေရိကန်နိုင်ငံကို ကိုယ်စားပြုလျက် ဆန့်ကျင်ဘက်အနေအထားဖြင့် နောက်ဆုံးကြိုးပမ်းယှဉ်ပြိုင်နေကြချိန်တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးအရာရှိနှစ်ဦးသည် လူအုပ်ရှေ့သို့ရောက်ရှိလာသည့် အမျိုးသားအား ထိန်းချုပ်ခဲ့ကြပြီး ၎င်းအားရှာဖွေခဲ့ကြကြောင်း သိရသည်။ လုံခြုံရေးအစောင့်အကြပ်နှစ်ဦးက ထရန့်အား ပခုံးမှကိုင်ဆောင်ကာ စင်မြင့်နောက်ဘက်သို့ အလျင်အမြန်ခေါ်ဆောင်သွားကြသည်။

သို့သော်လည်း အချိန်အနည်းငယ်ကြာပြီးနောက်တွင် ထရန့်သည် စင်မြင့်ပေါ်ပြန်လည်တက်ရောက်ကာ မိန့်ခွန်းဆက်လက်ပြောခဲ့သည်။ ဖမ်းဆီးခံခဲ့ရသည့်အမျိုးသားက ၎င်းသည် ရီပတ်ဘလစ်ကန်ပါတီကို ထောက်ခံသူဖြစ်ပြီး ထရန့်အား ဆန့်ကျင်သည့် ၎င်း၏သဘောထားကိုပြသရန် မဲဆွယ်စည်းရုံးပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း စီဘီအက်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူ အော်စတင်ခရိုက်က ၎င်းသည် ထရန့်အားဆန့်ကျင်သည့် အမှတ်လက္ခဏာပစ္စည်းကို ကိုင်ဆောင်လာခဲ့ခြင်းသာဖြစ်ပြီး အဆိုပါပစ္စည်းကိုဆွဲထုတ်လိုက်ချိန်တွင် လူအုပ်က၎င်းအား ရိုက်နှက်တိုက်ခိုက်ခဲ့ကြပြီး သေနတ်ဟု တစ်စုံတစ်ယောက်က အော်ဟစ်လိုက်ချိန်မှသာရပ်တန့်သွားခဲ့ကြောင်း အော်စတင်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# နိုဝင်ဘာလအတွက် Renaissance myanmar လစဉ်ထုတ် မဂ္ဂဇင်းထွက်ရှိ




နိုဝင်ဘာလအတွက် Renaissance myanmar လစဉ်ထုတ်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယခုလတွင် သန့်မြင့်ဦး၏ ပထဝီနိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ ဦးကိုကိုလှိုင်၏ ပထဝီနိုင်ငံရေးသီအိုရီများနှင့် မြန်မာနိုင်ငံ၊ မောင်သက်ဆွေ၏ဂန္ထဝင် ကမ္ဘာပြုမှုဖြစ်စဉ် လစ်ဘရယ် ပင်လယ်တစ္ဆေနှင့် အရှေ့တိုင်းသခင်များ၊ ဘိုဘိုကျော်ငြိမ်း၏ ပထဝီနိုင်ငံရေးဆိုတာ နားလည်ရင် အရေးပါပါတယ်၊ မင်းဇင်၏ အင်အားကြီးနိုင်ငံ၏ အိမ်နီးချင်းအတွက် ရွေးစရာလမ်း အခြံအရံစနစ် သုံးပါးနှင့် အဆိုပြုချက်နှစ်ရပ် ဆောင်းပါးများကို ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် မှူးဇော်၏ ၂၀ ရာစု ပထဝီနိုင်ငံရေး ၂၀ ရာစု ပထဝီဘောဂဗေဒနှင့် ၂၁ ရာစု မြန်မာနိုင်ငံ၊ ဆုမွန်သဇင်အောင်၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများနှင့် ဒေသတွင်း ပဋိပက္ခများအခွင့်အလမ်းလား၊ ကျော့ကွင်းလား၊ မျိုးမင်း (မကျည်းလဟာ)၏ Double Digit Development ဆီသို့ ဆွဲမတင်ဘဲ ပထဝီရာဇဝင်ထဲမှာ ကျန်နေခဲ့တော့မှာလား မြန်မာ၊ ဒေါက်တာ နိုင်ဆွေဦး၏ ၂၁ ရာစု ပထဝီနိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ ပြိုင်ဆိုင်မှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မိုးဝင်း၏ ပြုံးနေတဲ့ဗုဒ္ဓဆောင်းပါးများလည်း ပါရှိသည်။

အဆိုပါမဂ္ဂဇင်းကို အထက်မြန်မာပြည်ဖြန့်ချိရေး- ဝင်းဖေမောင် Amarapura Partners Hot Line; ၀၉-၂၅၃၁၀၄၆၇၃ မန္တလေးမြို့၊ နေပြည်တော် ဖြန့်ချိရေး - ဂျမ်းဘုံစာပေနှင့် စတိုး၊ ပျဉ်းမနားမြို့နှင့် အောက်မြန်မာပြည်ဖြန့်ချိရေး - စာပေနန်းတော်၊ ရန်ကုန်မြို့တို့တွင် ဆက်သွယ်ဝယ်ယူ နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များတွေ့ဆုံပွဲ ဖျာပုံမြို့၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူကို မျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏အသံများရရှိရေး၊ သောတရှင်ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များရရှိပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေး၊ မြန်မာ့အသံ၏ အမာခံသောတရှင်များအဖြစ်မှ အမာခံသတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသွား မည်ဖြစ်သည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသွားမည့် အဆိုပါအခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင် ဗီဒီယိုပြသခြင်း၊ မီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ မြန်မာ့အသံ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားဒေသများမှ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအနေဖြင့် အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅ သို့ နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်ပါသည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြပါသည်။

အခမ်းအနားတွင် Co-sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့်လုပ်ငန်းရှင်များအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။
**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

# တွံတေးတူးမြောင်းအထွက် ခရီးသည်တင်သမ္ဗန်နှင့် ပဲ့ထောင်တိုက်မိမှုဖြစ်ပွား

**ဒလ နိုဝင်ဘာ ၆**

တွံတေးတူးမြောင်းအထွက်အဝ ရန်ကုန်မြစ်စပ်နေရာ ဒလမြို့နယ် မော်စက်ရပ်ကွက် နွားသတ်ကုန်းကမ်းစပ်အနီး၌ နိုဝင်ဘာ ၅ ရက် နံနက် ၆ နာရီခွဲက ခရီးသည်တင် စက်တပ်သမ္ဗန်ကို ရေစမ်းပဲ့ထောင်က လှည့်အထွက်တွင် ဝင်ရောက်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဒလမြို့နယ် တွံတေးတူးမြောင်းကမ်းပြိုထိန်းနံရံရှိ ကျောင်းစုစက်တပ်ရေယာဉ်ဆိပ်မှ ရေယာဉ်မောင်း ကိုကျော်စိန်သည် သဇင်အမည်ရှိ စက်တပ်သမ္ဗန်ဖြင့် အမျိုးသမီး လေးဦး၊ အမျိုးသားရှစ်ဦး စုစုပေါင်းခရီးသည် ၁၂ ဦးကိုတင်ဆောင်၍ ရန်ကုန်ဘက်ကမ်းသို့ခုတ်မောင်းသွားရာ အဆိုပါ မော်စက်ကမ်းစပ်အရောက်တွင် ရပ်ထားသော ရာဇာရွှေပြည် ကျောက်တွဲမှ ရေစမ်းပဲ့ထောင်ငယ်တစ်စင်းက ရုတ်တရက်လှည့်ထွက်လာပြီး ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိုက်မိမှုကြောင့် စက်တပ်သမ္ဗန်တွင် နံဘေးစောင်းကိုယ်ထည် ကွဲအက်ကျိုးပဲ့ပျက်စီးကာ နစ်မြုပ်သွားပြီး သမ္ဗန်ပေါ်ပါ ခရီးသည်များထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ကျောင်းစုစက်တပ်ရေယာဉ်ဆိပ်မှ ရန်ကုန်ဘက် ဝါးတန်းဆိပ်သို့ပြေးဆွဲနေသော စက်တပ်သမ္ဗန် ၂၂ စင်းရှိကြောင်း၊ နေ့စဉ် ယင်းရပ်ကွက်နှင့် အနီးတစ်ဝိုက်မှခရီးသည် စုစုပေါင်း ၁၀၀၀ ခန့်တို့ သွားလာလျက်ရှိကြောင်းနှင့် မိနစ် ၂၀ ခန့်အကြာ ခုတ်မောင်းရကြောင်း သိရသည်။
**သန်းဌေး(ဒလ)**




၆-၁၁-၂၀၁၆

## ဝိပဿနာနှင့် ကျန်းမာရေးဆောင်းပါးများ စာအုပ်ထွက်ရှိ




ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်)၏ သိပ္ပံပညာရှင်များ သုတေသနပြုထားသော ဝိပဿနာနှင့် ကျန်းမာရေးဆောင်းပါးများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်များအပိုင်း၌ အနာဂတ်တွင် တွင်ကျယ်လာမည့် ဆေးကုသခြင်း၊ တရားထိုင်ခြင်းသည် ရောဂါကုထုံးတစ်ခု ဖြစ်သည်။ တရားထိုင်ခြင်းနှင့် ဟော်မုန်းများအကြောင်း၊ သတိအခြေခံသော တရားထိုင်နည်းများ၊ ဦးနှောက်ဖွဲ့စည်းပုံနှင့် တရားထိုင်ခြင်း၊ တရားထိုင်နေစဉ် ဦးနှောက်၏ ပြောင်းလဲပုံစသည်တို့ပါရှိပြီး တရားထိုင်ခြင်းနှင့် ရောဂါများသက်သာပျောက်ကင်းပုံအပိုင်းတွင် တရားထိုင်ခြင်းနှင့် အိပ်မပျော်သည့် ဝေဒနာ၊ ကိုယ်ခံစွမ်းအားစနစ်၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ ဝက်ရူးပြန်အတက်ရောဂါ၊ နှလုံးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ စိတ်ရောဂါ၊ ကင်ဆာ၊ ဇရာ၊ သေခြင်းတရား စသည်တို့ပါရှိသည်။

စာရေးသူက "ဤစာအုပ်သည် ဝိပဿနာအားထုတ်ခြင်းဖြင့် ရရှိမည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ ဆေးပညာရှုထောင့်မှနေ၍ ဖော်ပြထားခြင်း ဖြစ်သည်။

လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့ကိုးကွယ်ရာဘာသာကို စွန့်စရာမလိုဘဲ လေ့လာဖတ်ရှုနိုင်သော၊ လက်ခံကျင့်သုံးနိုင်သော၊ လူတိုင်း၏ ရုပ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အားပေးနေသော ကုထုံးများအကြောင်းသာဖြစ်ပါသည်" ဟု ဖော်ပြထားသည်။

စာအုပ်ကို ဆုပြည့်စုံထွန်းစာပေက တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

## ရွှေမြန်မာမင်း(၁၇)ဆက်တိတိ ဆည်ဖို့ပြုပြင် တည်ထားတော်မူသော မိတ္ထီလာကန်တော် မဟာမှတ်တမ်း




အင်း-တောင်သမန်၊ ကန်မှာ မိတ္ထီလာ ဟုဆိုရမလောက် မိတ္ထီလာကန်တော်ကြီးသည် မြန်မာပြည်တွင် ထင်ရှားကျော်ကြားပြီး သမိုင်းဝင်ကန်တော်ကြီး ဖြစ်သည်။ မိတ္ထီလာကန်တော်ကြီး၏ အံ့ဖွယ်ကိုးပါးအကြောင်းကို ရွှေမြန်မာမင်းများ လက်ထက်ကတည်းက လင်္ကာ၊ တေးထပ်များ ဖွဲ့ဆိုခဲ့ကြောင်း၊ မြို့နယ်၏ လယ်ယာစိုက်ပျိုးရေး အကျိုးစီးပွားအတွက်လည်း အရေးပါအရာရောက်သော ရေကန်တော်ဖြစ်ကြောင်း မှတ်တမ်းများဖြင့် ဆရာ ဦးတင်လှိုင်က ရေးသားတင်ပြထားသည်။ ရွှက်စိမ်းစာပေမှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေကြောင်း သိရသည်။

## လက်တွေ့ကျမ်းစူးသည့် အောင်စွာသိမ်နှင့်

### မိတ္ထီလာက ထင်ရှားကျော်ကြားသည့် သာသနိကအဆောက်အအုံများ၊ အသင်းအဖွဲ့များ




ဆရာဦးတင်လှိုင် (မိတ္ထီလာ)ရေးသားသည့် ဤစာအုပ်တွင် မိတ္ထီလာသာစည်နှင့်ပျော်ဘွယ်မြို့နယ် သုံးမြို့နယ် နယ်စပ်၌ တန်ခိုးကြီး ကျမ်းစူးသည့် အောင်စွာသိမ်ဘုရား၏ တန်ခိုးကြီးပုံကို ရေးသားတင်ပြထားသည်။ မဟုတ်မမှန်ပြုလုပ်ပြီး အငြင်းအခုံ ဖြစ်၍ ထိုအောင်စွာသိမ်ဘုရားတွင် ကျမ်းကျိန်သစ္စာဆိုပါက ပြုလုပ်သူသည် လက်ငင်းဘေးဒုက္ခကြုံတွေ့ကြောင်း၊ ကျမ်းစူးသဖြင့် တန်ခိုးကြီးကြောင်း နှင့်အလောင်းစည်သူမင်းလက်ထက်ကတည်းထားကိုးကွယ်ခဲ့သော ဘုရားအဖြစ် သမိုင်းကြောင်း အဆင့်ဆင့်ပါရှိသည်။ ရွှက်စိမ်းစာပေမှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ထုတ်ဝေသည်။

## ရှေ့ပြေးအရေးတော်ပုံ




စာရေးဆရာ မောင်စိုးလှ(ဘီ-အေ)မြန်မာပြန်သော ရှေ့ပြေးအရေးတော်ပုံစာအုပ်သည် အမေရိကန်ပြည်နယ်ပေါင်းစုံ ဖက်ဒရယ် အခြေခံဥပဒေညီလာခံ အချေအတင်ဆွေးနွေးပွဲအကြောင်း သိကောင်းစရာများကို ရေးသားထားခြင်းဖြစ်သည်။ အမျိုးသမီးဂုဏ်ရည်စာပေမှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိပြီး ဖုန်း-၀၉-၂၅၂၂၄၇၅၄၊ ၀၉-၇၉၅၆၀၁၇၉၉ တို့ကို ဆက်သွယ်မှာယူနိုင်ပါသည်။

ဤစာအုပ်၌ နှစ်ဖက်ကိုးကားပြောဆိုငြင်းခုံကြပုံကို ဖော်ပြထားရာ ပြောဆိုချက်တို့၏ သဘောတရားများကို သုံးသပ်လေ့လာခြင်းမဟုတ်ဘဲ ရိုးရိုးအတ္ထုပ္ပတ္တိအဖြစ်ပေါ်လွင်အောင်ရေးသားထားခြင်းမှသာဖြစ်၍ ပုံတူတစ်ထပ်တည်း ကျင့်သုံးရန်မဟုတ်ဘဲ ဆင်ခြင်စဉ်းစားသုံးသပ်နိုင်ရန်အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြပါရှိသည်။

**(မြန်မာ့အလင်း)**

# လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမို လွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading) နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့် မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝိုင်ယာကြိုးကို သုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard) ချွတ်ယွင်းပါက အလိုအလျောက် (Auto) ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။
**မီးသတ်ဦးစီးဌာန**

# မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်အပေါ် လူမှုအသိုက်အဝန်းမျိုးစုံမှ စကားသံများ

## သပြေနှင့်အဖွဲ့

မောင်တော နိုဝင်ဘာ ၆

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဥပဒေနှင့်အညီ နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း ပြည်ပမီဒီယာအချို့က အခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ပုံကြီးချဲ့ပြောဆိုမှုများ၊ လူမျိုးရေးနှင့် ဘာသာရေးဖိနှိပ်မှုအသွင် ထုတ်လွှင့်ရေးသားမှုများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်သိက္ခာထိခိုက်စေနိုင်သော ထုတ်လွှင့်ရေးသားမှုများ ပြုလုပ်လျက်ရှိရာ အဆိုပါကောလာဟလသတင်းများနှင့်ပတ်သက်၍ မောင်တောမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် ဒေသနေ အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။



အာရ်ဟူစိန်



ဒေါက်တာလှမြင့်



ဦးရှားအာလောမ်



ဦးဇီယာအူဒိန်



မအေးအေးခိုင်



Chris Carter

**အာရ်ဟူစိန်(မြို့မတောင်ရပ်ကွက်၊ မောင်တောမြို့)**

"မကြာမီက အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် အလွန်ဝမ်းနည်းရပါတယ်။ ကျဆုံးခဲ့သူတွေအတွက်လည်း ကြေကွဲရပါတယ်။ ဒီဖြစ်စဉ်ရဲ့ဂယက်ရိုက်ခတ်မှုဟာ ဒီဒေသက ပြည်သူတွေကို ထိခိုက်မှုဖြစ်စေပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာကို နိုင်ငံတကာကလည်း မလိုလား၊ ကျွန်တော်တို့လည်း မလိုလားပါဘူး။ အဲဒီဖြစ်ရပ်ကြောင့် နိုင်ငံတော်မှာ ထိခိုက်ဆုံးရှုံးမှုတွေဖြစ်စေပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာဟာ ဘာအကျိုးကျေးဇူးမှုလည်း မရပါဘူး။ ဒီဖြစ်စဉ်အတွက် နိုင်ငံတော်က လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေတယ်လို့ ယူဆပါတယ်။ ဒီဒေသမှာ အလုပ်လက်မဲ့တွေများပြီး ပညာလည်းမတတ်ကြတာများတယ်။ ဥပဒေကိုလည်း နားမလည်ကြပါဘူး။ ဒါ့ကြောင့် ဒီလိုဖြစ်တာပါ။ နောက်ပြီး အလုပ်အကိုင်တွေလည်း မရှိတာမို့ စိတ်လွဲဖောက်ပြန်မှုတွေဖြစ်ပေါ်တာပါ။ အနာဂတ်မှာ အလုပ်အကိုင်တွေပေးနိုင်ရင်တော့ ကောင်းသွားမယ်လို့ ယူဆပါတယ်။"

**ဒေါက်တာလှမြင့် (အမှတ်(၄)ရပ်ကွက်၊ မောင်တောမြို့)**

"မကြာခင်က ဖြစ်ပွားခဲ့တဲ့အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ဒီဒေသမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးတွေ ရပ်ဆိုင်းခဲ့ရတယ်။ တစ်ဦးချင်း ထိခိုက်နစ်နာသလို နိုင်ငံတော်ဘက်မှာလည်း ထိခိုက်နစ်နာမှုတွေရှိတယ်။ ဒီလိုအကြမ်းဖက်တိုက်ခိုက်တာတွေကို မလိုလားပါ ဘူး။ မကြိုက်ပါဘူး။ ဒီဒေသမှာ နေထိုင်သူတွေဟာ လူမျိုး၊ ဘာသာမတူပေမယ့် ချစ်ချစ်ခင်ခင်နေနိုင်ကြရမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံထဲမှာနေရင် ဒီနိုင်ငံကိုချစ်ရမယ်။ သစ္စာရှိရမယ်။ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာရမယ်ဆိုတဲ့ ခံယူချက်ရှိရမယ်။ နိုင်ငံတော်အစိုးရကလည်း အကျိုးရှိအောင် လုပ်ဆောင်နေတာဖြစ်တယ်။ မိဘဟာ သားသမီးတွေကို ကောင်းအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ရေရှည်မှာ ကောင်းမွန်တဲ့ဆန္ဒနဲ့ လုပ်တာပဲ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်မှုအပေါ် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်လုပ်ရပ်ကြောင့် စားဝတ်နေရေး၊ ပညာသင်ကြားတာတွေ အနှောင့်အယှက်ဖြစ်ရတယ်။ ဒီလိုကြုံတွေ့ရမှုတွေ မြန်မြန်ဆန်ဆန်ပြီးဆုံးသွားစေချင်ပါတယ်။ ဒေသတည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ ဒီလိုမှမဟုတ်ရင် တိုးတက်ဖို့ မလွယ်ပါဘူး။"

**ဦးရှားအာလောမ်**
**(မောင်နီရွာ၊ မြို့မကညင်တန်းအုပ်စု၊ မောင်တောမြို့)**

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွေ ဖြစ်ပွားပြီးနောက်ပိုင်း မောင်တောခရိုင်အတွင်း ကျေးရွာတွေမှာ ပေါ်တာဆွဲတာ၊ အဓမ္မပြုကျင့်တာတွေ မြင်တွေ့တဲ့သူတွေရှိတယ်လို့လည်း မကြားမိပါဘူး။ တကယ်လို့ အဓမ္မပြုကျင့်ခံရတာမှန်ရင်၊ အဲဒီ မိန်းကလေးက ထွက်ဆိုချက်မပေးရင် ဘယ်လိုယုံကြည်လို့ရမလဲ၊ အတည်ပြုလို့ရမလဲ တိုင်ကြားမှုတွေလည်း မရှိပါဘူး။"

**ဦးနူရ်မူဟာမက် (ရပ်ကွက်-၅၊ မောင်တောမြို့)**

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားပြီးနောက် မောင်တောမြို့နဲ့ ကျေးရွာတွေ အသွားအလာတွေ နည်းသွားတယ်။ ဒီဖြစ်စဉ်တွေ မဖြစ်ပွားချိန်ကလည်း အဲဒီရွာတွေဘက်က ရွာသူရွာသားတွေ အသွားအလာများတာတော့ မဟုတ်ပါဘူး။ တချို့ရွာသားတွေက တစ်ရွာနဲ့တစ်ရွာ ပြောင်းရွှေ့နေထိုင်တာမျိုးတော့ရှိတယ်။ အခင်းဖြစ်ပွားခဲ့တဲ့ ရွာအချို့က အိမ်အနည်းငယ် မီးရှို့တာတွေကြားပေမယ့် သေသေချာချာ မသိပါဘူး။"

**ဦးဇီယာအူဒိန်**
**(မောင်နီရွာ၊ မြို့မကညင်တန်းအုပ်စု၊ မောင်တောမြို့)**

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားပြီးတဲ့နောက်ပိုင်း အသွားအလာနည်းသွားတာက လူတွေစိုးရိမ်နေကြတာလည်း ပါတယ်။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ ငါ့ကိုဖမ်းမှာလားဆိုတဲ့အတွေးတွေနဲ့ စိုးရိမ်နေကြတယ်။ ဒါကြောင့်မို့ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ သွားလာလို့ရတယ်ဆိုတာ ဒေသခံတွေ အလွယ်တကူသိရှိနိုင်အောင် တာဝန်ရှိသူတွေက အသိပေးဖို့လိုအပ်ပါတယ်။ အောက်ခြေအထိ ပွင့်ပွင့်လင်းလင်းနဲ့ ပြောပြပေးထားဖို့လိုတယ်လို့ ထင်ပါတယ်။"

**ဦးလှသိန်း(မြို့မတောင်ရပ်ကွက်၊ မောင်တောမြို့)**

"အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဖြစ်ပေါ်ခဲ့လို့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီဒေသကလူတွေ စီးပွားရေး ဒုက္ခရောက်ရတယ်။ ဝမ်းနည်းစရာလည်းကောင်းပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာတွေကို ဘယ်ဘာသာဝင်မှ လက်မခံပါဘူး။ ဒီလိုဖြစ်ရပ်တွေ ဆက်ပြီးမဖြစ်ဖို့လိုပါတယ်။ ဝိုင်းဝန်းကာကွယ်ဖို့လိုသလို သေးတာကို ကြီးအောင်မလုပ်သင့်ပါဘူး။ အကြမ်းဖက်လုပ်ရပ်လုပ်တဲ့သူတွေကလည်း ဒါကောင်းတာလား၊ မကောင်းတာလား စဉ်းစားဖို့လိုပါတယ်။"

**ကိုအေးရမ်(စတိုးဆိုင်ပိုင်ရှင်၊ မြို့မဈေး၊ မောင်တောမြို့)**

"အဲဒီအကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် အရောင်းအဝယ်တွေထိခိုက်တယ်။ ဈေးကို လာရောက်ဝယ်ယူသူတွေ အရင်ထက်နည်းပါးသွားတယ်။ ရွာဘက်ကလူတွေ မလာရဲကြတော့ အရောင်းအဝယ်ကျသွားတာပေါ့။ ကျွန်တော်တို့ကတော့ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုတွေကို မကြိုက်ပါဘူး။ စီးပွားရေးထိခိုက်တာမို့ ကျွန်တော်တို့ကတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ လက်မခံပါဘူး။ အရင်က တစ်နေ့ကို ငွေကျပ် ငါးသိန်းဖိုးလောက် ရောင်းရတာကို အခုငွေကျပ် ငါးသောင်းဖိုးလောက်ပဲ ရောင်းရတော့တယ်။"

**ကိုဇော်မင်းထွန်း**
**(ဘာတာဖိနပ်ဆိုင်ပိုင်ရှင်၊ မောင်တောမြို့မဈေး)**

"ကျွန်တော်တို့ကတော့ အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချပါတယ်။ မကြိုက်ပါဘူး။ နဂိုအတိုင်း အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်။ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် အရောင်းအဝယ်တွေ ကျဆင်းပါတယ်။ စီးပွားရေးထိခိုက်ပါတယ်။ ကျွန်တော်တို့မိဘတွေလက်ထက်ကတည်းက ဒီဆိုင်ဖွင့်ပြီး ဖိနပ်ရောင်းခဲ့တာ နှစ် ၂၀ ရှိပါပြီ။ အကြမ်းဖက်မှုတွေ မဖြစ်စေချင်ပါဘူး။"

**မအေးအေးခိုင်(ရခိုင်တိုင်းရင်းသူ၊**
**အောင်မင်္ဂလာကျေးရွာ၊ မောင်တောမြို့နယ်)**

"ပထမဦးဆုံး ဘူးသီးတောင်ကယ်ဆယ်ရေးစခန်းမှာပါ။ အဲဒီစခန်းကနေ အခုမောင်တောမြို့ပေါ်မှာရှိတဲ့ ကယ်ဆယ်ရေးစခန်းကို ရောက်လာတာပါ။ စားဝတ်နေရေးနဲ့ လုံခြုံရေးအခက်အခဲရှိတာကြောင့် ဒီကယ်ဆယ်ရေးစခန်းကနေ မပြန်သေးတာပါ။ ပြန်ဖို့တော့ အစီအစဉ်ရှိပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ စားဝတ်နေရေး၊ ကျန်းမာရေးကအစ အားလုံးအဆင်ပြေပါတယ်။ ဒီကယ်ဆယ်ရေးစခန်းကို ငါးခူရ၊ အောက်ပြူးမ၊ အောင်မင်္ဂလာ စတဲ့ရွာတွေ အပါအဝင် ရွာပေါင်း ၁၂ ရွာလောက် လာရောက်ခိုလှုံကြတာပါ။"

**ဦးခင်မောင်သန်း(ရခိုင်တိုင်းရင်းသား၊**
**အရေးပေါ် ကူညီထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ၊ မောင်တောမြို့)**

"ဒီကယ်ဆယ်ရေးစခန်းကို လာရောက်တဲ့ ရွာတွေကတော့ ၁၂ ရွာလောက်ရှိပါတယ်။ လက်ရှိတော့ အိမ်ထောင်စု ငါးစုလောက် လူဦးရေအားဖြင့် ၁၆ ယောက်လောက်ပဲ ကျန်ပါတော့တယ်။ သာသနာ့ဗိမာန်မှာ ကျန်နေတဲ့စားနပ်ရိက္ခာတွေကိုတော့ စားဝတ်နေရေးအဆင်မပြေလို့ စာနဲ့လာတောင်းတဲ့အခါ အဲဒီရွာအထိ လိုက်လံပို့ဆောင်ပေးပါတယ်။ အောက်တိုဘာ ၁၆ ရက်ကနေစပြီးတော့ ရေကြောင်းကနေ လိုက်လံပြီး လှူဒါန်းပေးခဲ့ပါတယ်။ ထောက်ပံ့တဲ့ပစ္စည်းတွေကတော့ ဆန်၊ ဆီ၊ ပဲ၊ ငါးခြောက်တွေပါ။ ဝေငှတဲ့အခါမှာလည်း အိမ်ထောင်စု အလိုက်ဝေငှပါတယ်။ အိမ်ထောင်စုဘယ်လောက်ဆိုရင် ဆန်အိတ် ဘယ်လောက်လိုမယ်ဆိုတာ တွက်ချက်ပြီး ဆန်အိတ် ၂၀၀ လိုရင် အိတ် ၂၀၀ သွားရောက်ထောက်ပံ့ လှူဒါန်းပေးပါတယ်။ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ဒေသဆိုင်ရာအဖွဲ့အစည်းတွေရော၊ တခြားလူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။"

**Chris Carter (UN Senior Advisor for Rakhine)**

"ကျွန်တော်တို့ ဒီကိုရောက်လာတဲ့ အဓိကရည်ရွယ်ချက်က လုံခြုံရေးအခြေအနေကြောင့် နယ်မြေစွန့်ခွာထွက်ပြေးခဲ့ရတဲ့ ရခိုင်တိုင်းရင်းသားတွေနဲ့ ဒီဒေသမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေကို လိုအပ်တဲ့ အကူအညီတွေပေးဖို့ ဖြစ်ပါတယ်။ လူမျိုးဘာသာခွဲခြားမှုမရှိပါဘူး။ လောလောဆယ်မှာတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ဆန်၊ ဆီ၊ ပဲ၊ ဆား စတဲ့ အခြေခံစားကုန်တွေကို ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ပံ့ပိုးတဲ့အခါမှာ လောလောဆယ် သီတင်း နှစ်ပတ်စာအတွက် ရိက္ခာပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ နေရပ်စွန့်ခွာသူအရေအတွက်နဲ့ မိသားစုအနည်းအများအပေါ်မူတည်ပြီး ထောက်ပံ့ပေးသွား မှာဖြစ်တဲ့အတွက် ရက်သတ္တလေးပတ် သို့မဟုတ် ငါးပတ်စာဖြစ်နိုင်ပါတယ်။ ဒီလိုအကြမ်းဖက်ဖြစ်ရပ်က ဒေသခံတွေအတွက် ဆိုးရွားတဲ့ရိုက်ခတ်မှုတွေဖြစ်ပေါ်ခဲ့တာမို့ နောက်ထပ် မဖြစ်ပွားအောင် တားမြစ်ဖို့လိုပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောသလို ရခိုင်တိုင်းရင်းသားတွေရော အစ္စလာမ်ဘာသာဝင်တွေပါ ဘယ်သူမဆို တရားဥပဒေကို လိုက်နာဖို့ လိုအပ်ပါတယ်"ဟု ဖွင့်ဟပြောကြားခဲ့ကြပါကြောင်း။ ။

- ❒ ဒီလိုအကြမ်းဖက်ဖြစ်ရပ်က ဒေသခံတွေအတွက် ဆိုးရွားတဲ့ ရိုက်ခတ်မှုတွေဖြစ်ပေါ်ခဲ့တာမို့ နောက်ထပ်မဖြစ်ပွားအောင် တားမြစ်ဖို့ လိုပါတယ်
- ❒ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသလို ရခိုင်တိုင်းရင်းသားတွေရော အစ္စလာမ်ဘာသာဝင် တွေပါ ဘယ်သူမဆို တရားဥပဒေကိုလိုက်နာဖို့ လိုအပ်ပါတယ်

## မုန်တိုင်းငယ် တဖြည်းဖြည်းအားလျော့မည်

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။
(မိုး/ဇလ)

# အီတလီနိုင်ငံ ဖလောရင့်စ်၌ အစိုးရ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်သည့် ဆန္ဒပြမှုဖြစ်

**ရောမ နိုဝင်ဘာ ၆**

အီတလီနိုင်ငံ ဖလောရင့်စ်၌ ဝန်ကြီးချုပ် ရန်ဇီအကောင်အထည်ဖော်ရေးဆွဲလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ဆန့်ကျင်သည့်အနေဖြင့် ရာပေါင်းများစွာသော အစိုးရဆန့်ကျင်မျက်နှာဖုံးစွပ်ဆန္ဒပြသူများနှင့် အီတလီရဲများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်သူလူငယ်များသည် ဖလောရင့်စ်မြို့လယ်ကောင်၌ မစ္စတာရမ်ဇီ၏ ဒီမိုကရက်တစ်ပါတီဝင်များ နှစ်စဉ် ညီလာခံကျင်းပရာ အဆောက်အအုံဆီသို့ ရောက်ရှိရန် စုဝေးချီတက်ခဲ့ကြသည်။ ရန်ဇီကို ဆန့်ကျင်ကြဟု ရေးသားထားသည့် ဆိုင်းဘုဒ်များကို ကိုင်ဆောင်ထားကြသော ဆန္ဒပြဆန့်ကျင်သူများသည် ဆူပူအုံကြွမှုအတွင်း ရဲများ၏လက်မှ အဆီးအတားများကို လမ်းမပေါ် ဒရွတ်ဆွဲလာကြသည်။ ၎င်းတို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြနေကြသူများဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။



ဖလောရင့်စ်မြို့တော်ဝန် ဒါရီယိုနာဒယ်လာကမူ ဆန္ဒဖော်ထုတ်ခြင်းသည် အခွင့်အရေးတစ်ခုဖြစ်သော်လည်း အင်အားသုံးဖြိုခွင်းခြင်းသည် လက်မခံနိုင်ဖွယ်ရာဖြစ်ကြောင်း ပြစ်တင်ပြောဆိုခဲ့သည်။

ပဋိပက္ခအတွင်း အရာရှိတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆန္ဒပြလူအုပ်ကို မျက်ရည်ယိုဗုံးဖြင့် ဖြိုခွင်းရန်ကြိုးစားသည့် ရဲများထံသို့ လူအုပ်က မီးခိုးဗုံးများနှင့် မီးရှူးမီးပန်းများဖြင့် ပစ်ခတ်ခဲ့သည်။

ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲမှုသည် ဆီးနိတ်လွှတ်တော်၏ အရေးပါမှုကို လျှော့ချရန်နှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့်အာဏာ ကျဆင်းအောင် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မစ္စတာရန်ဇီသည် ဒီဇင်ဘာလလေး ရက်နေ့ မဲပေးမှုတွင်ရှုံးနိမ့်ခဲ့လျှင် နုတ်ထွက်မည်ဟု အလေးအနက်ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# ဆိုမာလီရှိ ပါလီမန်အနီးတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၆**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးရှိ ပါလီမန်လွှတ်တော်အဆောက်အအုံအနီးတွင် စနေနေ့ညနေခင်းက အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ စစ်သည်နှစ်ဦး ကျဆုံးသွားကြောင်း လုံခြုံရေးဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း စစ်ဘက်အဖွဲ့ဝင်အချို့မှာလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း အမည်မဖော်လိုသူ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံအတွင်းရှိ အစ္စလာမ္မစ်တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည့် အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုများသည် နိုင်ငံအတွင်း၌ မရေတွက်နိုင်သည့် တိုက်ခိုက်မှုပေါင်းများစွာကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရုရှား၌ သဘာဝဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံးပြီးငါးဦးပျောက်ဆုံးနေ

**မော်စကို နိုဝင်ဘာ ၆**

ရုရှားနိုင်ငံအနောက်ပိုင်းတွင် တနင်္ဂနွေနေ့က သဘာဝဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး လူငါးဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာမီဒီယာက ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် တနင်္ဂနွေနေ့က ရုရှားနိုင်ငံ အီဗန်နိုဗိုမြို့ရှိဝန်ထမ်းအိမ်ရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံမှာ ပေါက်ကွဲမှုကြောင့် အတော်အတန်ပျက်စီးသွားခဲ့သည်ဟု အီဗန်နိုဗို အရေးပေါ်ဝန်ဆောင်မှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထုတ်ပြန်မှုများ ကို ကိုးကားလျက်ပြောဆိုခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အိမ်ရာ၌ လူ ၂၀ ဦးနေထိုင်ပြီး ၁၅ ဦးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ အမျိုးသမီးတစ်ဦးမှာ ပေါက်ကွဲမှုအတွင်း သေဆုံးသွားခဲ့ပြီး ငါးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက RIA နိုဗိုစတီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အမျိုးသမီးတစ်ဦးအား သံကြိုးဖြင့်ချည်နှောင်ကာ ကုန်သေတ္တာအတွင်းပိတ်ထားခဲ့သူ အခြားလူများကိုလည်း သတ်ဖြတ်ခဲ့သေးကြောင်းဝန်ခံ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမျိုးသားတစ်ဦး၏အလောင်းကို တောင်ကာရိုလိုင်းနား၌ တွေ့ရှိခဲ့ပြီး ၎င်း၏ချစ်သူအမျိုးသမီးအား ကုန်သေတ္တာတစ်ခုအတွင်း၌ သံကြိုးဖြင့် ချည်နှောင်လျက်တွေ့ရှိခဲ့ရသည့်နောက်တွင် သံသယရှိသူ တွတ်ခါလက်အား ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ခါလက်ကလူခြောက်ဦးကိုလည်း သတ်ဖြတ်ခဲ့သေးကြောင်းဝန်ခံခဲ့သည်ဟု တောင်ကာရိုလိုင်းနားအာဏာပိုင်များက စနေနေ့တွင် ပြောကြားခဲ့သည်။



ကုန်သေတ္တာအတွင်း ထည့်ပိတ်ထားခြင်းခံရသည့် အမျိုးသမီးအား တွေ့ရှိခဲ့သည့်နောက်တွင် အဆိုပါအမျိုးသမီးက အနီးအနားတစ်ဝိုက်တွင် လူသေအလောင်းလေးလောင်းကို မြုပ်နှံထားကြောင်း ဥပဒေအရာရှိများအား ပြောပြခဲ့သည်။ ပြစ်မှုကျူးလွန်သူ ခါလက်အားဖမ်းဆီးခဲ့ရာ ၎င်းက ၂၀၀၃ ခုနှစ် မော်တော်ဆိုင်ကယ်အရောင်းဆိုင်၌ လူလေးဦးကို သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု စပါတန်ဘတ်ခရိုင် အရာရှိချုပ် ချတ်ရိုက်က စနေနေ့ညပိုင်းတွင်ပြောကြားခဲ့သည်။ ခါလက်သည် တောင်ကာရိုလိုင်းနားရှိ ၎င်း၏နေအိမ်၌လည်း လူသေအလောင်းများ မြုပ်နှံထားသေးကြောင်း ဝန်ခံခဲ့ပြီး အာဏာပိုင်များအား အဆိုပါနေရာများသို့ ခေါ်ဆောင်သွားခဲ့သည်။

သောကြာနေ့က ဂရင်းဗီလီအရှေ့မြောက်ပိုင်း ဝပ်ဒရပ်မြို့အတွင်းရှိ ဧကတစ်ရာကျယ်ဝန်းသည့် ခြံမြေအတွင်း၌ အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ကာလာဘရောင်း (အသက်၃၀နှစ်) အား ကုန်သေတ္တာအတွင်း၌ ထည့်ပိတ်ထားသည်ကို တွေ့ရှိခဲ့ပြီးနောက် ကြာသပတေးနေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့က ခြံဝင်းအတွင်း အနံ့ခံခွေးများဖြင့် လိုက်လံရှာဖွေခဲ့ကြသည်။

ဘရောင်းနှင့် ၎င်း၏ချစ်သူ ချားလ်စ်ကာဗာတို့သည် ဩဂုတ် ၃၁ ရက်က ပျောက်သွားခဲ့ကြခြင်းဖြစ်ပြီး သောကြာနေ့တွင် တွေ့ရှိခဲ့သည့် အလောင်းမှာကာဗာ၏ အလောင်းဖြစ်သည်ဟု ဘရောင်းကပြောသည်။ ခါလက်သည် ကာဗာအား သေနတ်ဖြင့် ပစ်သတ်ခဲ့ ကြောင်း ဘရောင်းက သက်သေထွက်ဆိုခဲ့သည်။ **(ရိုက်တာ)**

# ဝန်ကြီးချုပ်ဟောင်း ရာဘင်အတွက် အောက်မေ့ဖွယ်အခမ်းအနားကျင်းပ

**ဂျေရုဆလင် နိုဝင်ဘာ ၆**

အစ္စရေးနိုင်ငံသားထောင်ပေါင်းများစွာတို့သည် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသော အစ္စရေးနိုင်ငံဝန်ကြီးချုပ်ဟောင်း ယစ်ဇက်ရာဘင်၏ (၂၁) ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားကျင်းပရန် မြို့တော် တယ်အဗစ်မြို့၌ စုဝေးခဲ့ကြသည်။ အဆိုပါအခမ်းအနားကို လက်ဝဲအလုပ်သမားပါတီက စုစည်းကျင်းပခဲ့ခြင်းဖြစ်ပြီး မူလကျင်းပနေကျ အောက်မေ့ဖွယ်စုဝေးပွဲမှာ ရန်ပုံငွေအခက်အခဲကြောင့် ဖျက်သိမ်းခဲ့ရသည်။ ပွဲစီစဉ်သူများ၏အဆိုအရ လူပေါင်း ၅၀၀၀၀ နီးပါး ပါဝင်ခဲ့ကြောင်း သိရသည်။ စုဝေးခဲ့ကြသူများက ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုခဲ့ကြပြီး ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးရရှိရေး၊ ပါလက်စတိုင်းတို့နှင့် ပြဿနာများချုပ်ငြိမ်းရေး တောင်းဆိုခဲ့ကြသည်။ ရာဘင်သည် အစ္စရေးတပ်ဖွဲ့အတွင်း နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို လိုလားသည့် နိုင်ငံရေးသမားဖြစ်လာခဲ့ပြီး စေ့စပ်ဆွေးနွေးရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလေးရက်တွင် အစွန်းရောက်သမားတစ်ဦးက ရာဘင်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ရာဘင်သည် ၁၉၉၃ အောစလို စာချုပ်ချုပ်ဆိုခြင်းနှင့် ၁၉၉၄ခုနှစ်တွင် ဂျော်ဒန်တို့နှင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုအပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# မောင်တောခရိုင်အတွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ ကျေးရွာများတွင် ပြန်လည်ဝင်ရောက်နေထိုင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထင်ယောင်ထင်မှားဖြစ်စေရန် စွပ်စွဲပြောဆိုမှုများမှာ ကောလာဟလများသာဖြစ်

မောင်တော နိုဝင်ဘာ ၆

**ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံးဒဏ်ရာရရှိခဲ့သည့်အပြင် လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် ဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ဝါးပိတ်၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခူရကျေးရွာများမှ ရွာသူ ရွာသားများသည် နီးစပ်ရာကျေးရွာများနှင့် ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များသို့ တိမ်းရှောင်ခဲ့ကြရာမှ ယခုအခါ နယ်မြေတည်ငြိမ်မှုရှိလာသဖြင့် ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကြသည်။**

**ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများ၊ နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ရွာသူ ရွာသားများ နေရပ်စွန့်ခွာ ထွက်ပြေးစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် အခြေအနေရှုပ်ထွေးပြီး မတည်မငြိမ်ဖြစ်စေရန် ပြည်ပသတင်းဌာနအချို့ထံ မဟုတ်မမှန်သတင်းများပေးပို့ကာ လုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုအခါ နယ်မြေတည်ငြိမ်လာပြီဖြစ်၍ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လျက်ရှိသော ကြက်ရိုးပြင်၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခူရကျေးရွာများမှ ရွာသားအချို့မှာ ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ရာ ယင်းကျေးရွာများသို့ သွားရောက်တွေ့ဆုံပြီး အခြေအနေအမှန်များသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

"ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၂၃၀ ခန့်ရှိပါတယ်။ ရွာသားတွေ နေရပ်စွန့်ခွာသွားတယ်ဆိုတာကလည်း အခြေအနေမှန်ကို နားမလည်ဘဲ စိုးရိမ်ထိတ်လန့်စိတ်နဲ့ သွားကြတာပါ။ အခုတော့ ရွာမှာ ပြန်လည်ဝင်ရောက်နေထိုင်ကြပြီ ဖြစ်ပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်တာမရှိပါဘူး။ ပေါ်တာဆွဲတာလည်းမရှိပါဘူး။ ကြားလည်း မကြားမိပါဘူး။ ကျွန်တော်တို့အနေနဲ့ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်"ဟု ပြောင်ပိုက်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးနူဟူစိန်က ပြောသည်။



ဦးနူဟူစိန်



ဦးလှမောင်သိန်း



ဦးအီစူ

နယ်မြေလုံခြုံရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ခဲ့ကြောင်း၊ ရွာသူရွာသားအားလုံးကို ဖမ်းဆီးနေကြောင်း ကောလာဟလသတင်းများအပေါ် ငါးစာကြူးကျေးရွာတွင် ပြန်လည်နေထိုင်လျက်ရှိသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမာမက်ဆော်လင်က "အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမှာ ပါဝင်ပတ်သက်တဲ့သူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရှာဖွေ ဖော်ထုတ်ဖမ်းဆီးတာကို အထင်အမြင်လွဲပြီး ရွာသူရွာသားတွေက တိမ်းရှောင်သွားခဲ့တာဖြစ်ပါတယ်။ ဒီလို နယ်မြေလုံခြုံ တည်ငြိမ်ရေးအတွက် ဆောင်ရွက်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေဟာ အဓမ္မပြုကျင့်မှုတွေ ဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ပါဘူး။ ပေါ်တာဆွဲတာလည်း အခုအချိန်အထိ မရှိပါဘူး။ မီးရှို့တာလည်း မဟုတ်ပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွေကြောင့်သာ ကျေးရွာနေပြည်သူတွေ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်ခဲ့ကြတာပါ"ဟု ပြောပြသည်။

ဆက်လက်ပြီး ဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ငါးခူရကျေးရွာတွင်လည်း နယ်မြေရှင်းလင်းရေးဆောင်ရွက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ကြောင်း၊ နေအိမ်နှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရကြောင်း မဟုတ်မမှန်သတင်းများထုတ်လွှင့်နေမှုအပေါ် ငါးခူရကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးရှုတော်ရှောင်းက "ဖြစ်စဉ်ဖြစ်ပွားချိန်မှာ ငါးခူရ ကျေးရွာမှာရှိတဲ့ ဈေးဆိုင်ခန်းခြောက်ခန်းကို ငါးခူရရွာသားနှစ်ဦးက မီးရှို့ပြီး ထွက်ပြေးသွားတာကို မြင်တွေ့လိုက်ရပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေ မီးရှို့တာမဟုတ်ပါဘူး။ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်တွေ မီးငြိမ်းသတ်ခဲ့တာဖြစ်ပါတယ်။ အဓမ္မပြုကျင့်တာတွေ၊ ခိုးခြောက်မှုတွေ၊ ပေါ်တာဆွဲမှုတွေလည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေ မလုပ်ခဲ့ပါဘူး။ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုနဲ့ ပါဝင်ပတ်သက်သူတွေ၊ အပေါင်းအပါတွေကသာ လုပ်ကြံဇာတ်လမ်းအဖြစ် ပြောဆိုနေကြတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်ပြီး ငါးခူရကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဂျော်ဂျီအောင်ကလည်း "အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားတဲ့ ည ၈ နာရီခွဲအချိန်က အဲဒီဈေးဆိုင်ခန်းတွေ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ၊ ဒေသခံတိုင်းရင်းသားတွေက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့တာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မီးရှို့တာ၊ အဓမ္မပြုကျင့်တာ၊ ပေါ်တာဆွဲတာတွေ မရှိပါဘူး။ ငါးခူရကျေးရွာမှာ ခေတ်အဆက်ဆက်မှာ ဒေသခံ တိုင်းရင်းသားတွေနဲ့ ဘာသာခြားတွေ အတူတကွနေထိုင်ခဲ့ကြတာပါ။ အကြမ်းဖက်မှုတွေမရှိခဲ့ပါဘူး"ဟု ပြောကြားသည်။

ငါးခူရကျေးရွာမှ ဒေသခံတိုင်းရင်းသား ဦးလှမောင်သိန်းကလည်း "ကျေးရွာမှာရှိတဲ့ ဆိုင်ခန်းခြောက်ခန်းကို မီးမရှို့ခင်မှာ သူတို့က ဆိုင်အတွင်းမှာရှိတဲ့ ပစ္စည်းတွေရွှေ့ပြောင်းပြီးမှ မီးရှို့ခဲ့တာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ လူနေအိမ်တွေမဟုတ်ပါဘူး။ အိမ်ကောင်းတွေကိုလည်း သူတို့ မီးမရှို့ပါဘူး။ ဒီလိုမီးရှို့တာကလည်း အစိုးရတာဝန်ရှိသူတွေနဲ့ နိုင်ငံတကာ လူမှုအဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ လာရောက်တဲ့နေ့နဲ့ တိုက်ဆိုင်ပြီး မီးရှို့ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် မောင်တောမြို့နယ် ကြိမ်ချောင်းရွာမှ အီစူကလည်း "ကျွန်တော်က ဆေးဝါးအရောင်းဆိုင်ဖွင့်ထားပါတယ်။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေကို လုံးဝမလိုလားပါဘူး။ ရှုတ်ချပါတယ်။ ဒီလိုဖြစ်ရပ်တွေကြောင့် စီးပွားရေးထိခိုက်ပါတယ်။ အေးအေးချမ်းချမ်းနဲ့ နေချင်ပါတယ်။ ဒီလိုအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေ ဘာကြောင့်လုပ်တယ်ဆိုတာ မစဉ်းစားတတ်အောင်ဖြစ်ရပါတယ်"ဟု ပြောကြားသည်။

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းအပေါ် ဒေသတွင်းရှိပြည်သူများက ဆန့်ကျင်ရှုတ်ချလျက်ရှိသကဲ့သို့ မဟုတ်မမှန်သတင်းများ လုပ်ကြံထုတ်လွှင့်မှုနှင့် ကောလာဟလများမှာလည်း မြေပြင်လက်တွေ့ဖြစ်ရပ်များနှင့် ကွဲပြားနေသည်ကို ဒေသခံရွာသားအချို့၏ ပြောစကားများက သက်သေပြဆိုလျက်ရှိသည်။

**(သတင်းစဉ်)**



ဦးရှုတော်ရှောင်း



ဦးဂျော်ဂျီအောင်



ဦးမာမက်ဆော်လင်



## ကျောက်ထုတ်လုပ်မှုလုပ်ငန်းရပ်ဆိုင်းပေးရန် ဒေသခံများထံမှ ဆန္ဒပြုလက်မှတ်ကောက်ခံ

**ဘီးလင်း နိုဝင်ဘာ ၆**

ဘီးလင်းမြို့နယ် ကေလာသသဘာဝ ထိန်းသိမ်းရေးနယ်မြေအတွင်းတိုက် ကုလားတောင်တန်းတစ်လျှောက် တရားမဝင် ကျောက်မိုင်း ထုတ်လုပ်မှုကြောင့် သောက်ရေချိုအရင်းအမြစ် ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီး၍ သဘာဝဘေးအန္တရာယ် ပိုမိုကျရောက်နိုင်ခြင်း၊ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးနိုင်ခြင်းတို့ကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျောက်ထုတ်လုပ်စခန်း (ကျောက်မိုင်း)များ ရပ်ဆိုင်းပေးရန်အတွက် သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူ လူငယ်များအဖွဲ့က နိုဝင်ဘာ ၃ ရက်မှစတင်၍ ဆန္ဒပြုလက်မှတ်များ ကောက်ယူခဲ့ကြသည်။

ဆန္ဒပြုလက်မှတ်များ ကောက်ယူရာတွင် တောင်စွန်ကေလာသတောင်စဉ်တစ်လျှောက် ကျေးရွာအားလုံးတွင် တစ်ပြိုင်နက် ကောက်ယူခြင်းဖြစ်ပြီး ဒေသခံပြည်သူများထံမှ ဆန္ဒပြုလက်မှတ် တစ်ထောင်ကျော် ရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများ ၁၆ ဦးသာကျန်ရှိ

**မောင်တော နိုဝင်ဘာ ၆**

မောင်တောမြို့၌ အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောမြို့နယ်ရှိ ကျေးရွာပြည်သူများ စိုးရိမ်ကြောင့်ကျမှုများ၊ နေရပ်စွန့်ခွာမှုများဖြစ်ပေါ်ခဲ့သည်။ မောင်တောမြို့တွင် နယ်မြေစွန့်ခွာပြည်သူများအတွက် မြို့နယ်သာသနာ့ ဗိမာန်တော်ကြီးတွင် မောင်တောမြို့အရေးပေါ်ကူညီထောက်ပံ့ရေးအဖွဲ့က စခန်းဖွင့်လှစ်ပြီး အောက်တိုဘာ ၁၄ ရက်မှစ၍ ရေမျက်တောင်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာ၊ ငါးခူရကျေးရွာ၊ ကပ္ပကောင်းကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာ၊ အောင်မင်္ဂလာကျေးရွာ၊ အောက်ပြူးမကျေးရွာ၊ ကြိမ်ချောင်းကျေးရွာ၊ ခြံပြင်ကျေးရွာ၊ ပြားသားကျေးရွာ၊ အောင်ဇလကျေးရွာနှင့် လောင်းဒုံကျေးရွာများမှ ပြည်သူ ၁၆၇ ဦးလက်ခံခဲ့ကြောင်း သိရသည်။

ယခုအခါ ကျေးရွာများတွင် လုံခြုံရေးများတိုးချဲ့ချထားပေးမှု၊ မိမိတို့နေရပ်တွင် စပါးများ၊ ကောက်ပဲသီးနှံများ ရင့်မှည့်နေပြီဖြစ်ရာ ပြည်သူများကို မိမိဒေသသို့ အသီးသီးပို့ဆောင်ခဲ့ကြောင်းသိရှိရပြီး မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတွင် အိမ်ထောင်စုငါးစု၊ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးခြောက်ဦးသာကျန်ရှိနေပြီး ကျန်ရှိနေသော ပြည်သူများမှာလည်း ကျန်းမာရေးအခြေအနေကြောင့်သာ မောင်တောမြို့၌ ဆေးကုသရန် ကျန်ရှိနေကြောင်း သိရပြီး မောင်တောမြို့အရေးပေါ် ကူညီထောက်ပံ့ရေးအဖွဲ့မှ အလှူပစ္စည်းများလက်ခံပြီး မောင်တောကျေးရွာများသို့ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ခေတ္တရပ်နား

**စစ်တွေ နိုဝင်ဘာ ၆**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများ နိုဝင်ဘာ ၆ ရက်တွင် ခေတ္တရပ်နားထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် စစ်တွေမြို့နှင့် အခြားမြို့နယ်များတွင် ခရီးသည်တင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ ခေတ္တရပ်နားထားရသည်။ "ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာနကတော့ ကျွန်တော်တို့ဆီကို မုန်တိုင်းအန္တရာယ်ရှိကြောင်း အသိပေးထားပါတယ်။ ကျွန်တော်တို့ကလည်း သတင်းအချက်အလက်တွေကို နားထောင်စောင့်ကြည့်နေပါတယ်။ မုန်တိုင်းကတော့ လက်ရှိအခြေအနေအထိ ဘင်္ဂလားဒေ့ရှ်ကမ်းခြေကိုဖြတ်ကျော်မယ်လို့ သိရတဲ့အတွက် သင်္ဘောများမထွက်ခွာဘဲ ရပ်နားထားပါတယ်။ ခရီးသည်တွေ သွားလာရခက်ခဲ့တဲ့အတွက် ရာသီဥတု အမြန်ပြန်ကောင်းလာဖို့ပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု စစ်တွေမြို့ အခြေပြု ပြေးဆွဲနေသည့် ရွှေပြည်တန်အမြန်ရေယာဉ် မန်နေဂျာက ပြောကြားသည်။

"ပုံမှန်ဆိုရင် ရွှေပြည်တန်၊ မလိခ အမြန်ရေယာဉ်တွေဟာ မွန်းလွဲ ၂ နာရီဆိုရင် စစ်တွေဆိပ်ကမ်းမှ ကျွန်တော်တို့ ပေါက်တော၊ မြေပုံ၊ မင်းပြားမြို့တွေကို ထွက်ခွာပါတယ်။ အခုမုန်တိုင်းကြောင့် သင်္ဘောမထွက်တော့ စစ်တွေမှာ ညအိပ်ရတော့ အခက်အခဲကြုံနေရတယ်" ဟု မြေပုံမြို့က ဆေးခန်းလာပြသူကိုကျော်နိုင်ထွေးက ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

# နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် မောင်တောမြို့နယ်အတွင်းမှ မသင်္ကာဖွယ် လူလေးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော်  နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာအနီး နယ်ခြားစောင့်ရဲတပ်ဖွဲ့က နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မောင်တောမြို့နေ မသင်္ကာဖွယ်ရာ ဘင်္ဂါလီလူမျိုး နူအာလောင်(ဘ)အဒူဟာကိန်းအား ဖမ်းဆီးရမိခဲ့ပြီး နိုဝင်ဘာ ၅ ရက်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ဒုညောင်ပင်ကြီးကျေးရွာအုပ်စု ခေတ္တအုပ်ချုပ်ရေးမှူး မူဟာမတ်ဘူဖိုက်(ဘ)ရော်ရှီးအာမတ်အား တွေ့ဆုံမေးမြန်းစဉ် ၎င်း၏ဖြေကြားချက်များမှာ အကျိုးအကြောင်းဆီလျော်မှုမရှိသဖြင့် အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်တွင် သဝန်ချောင်းကျေးရွာအတွင်း ဝင်ရောက်စစ်ဆေးစဉ် အဘူဆော်ယောက်(ဘ)မာမတ်ကာတိမ်အား ၎င်း၏ နေအိမ်ခြံဝင်းအတွင်း သစ်သားဖြင့် ပြုလုပ်ထားသည့် အလျား သုံးပေ သုံးလက်မရှိ သေနတ်ပုံစံတစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ကိုးတန်ကောက် ကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် နူရ်အာလောင်(ဘ)မော်ဘီဟူဆောင်း၏ နေအိမ်အနောက်ဘက် ပေ ၂၀ ခန့်အကွာတွင် ဓားခုနစ်ချောင်း၊ မှိန်းတစ်ချောင်းတို့အား ဖော်ထုတ်တွေ့ရှိရသဖြင့် နူရ်အာလောင်အား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အဆိုပါဖမ်းဆီးရမိသူ ဘင်္ဂါလီလေးဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မရဲစခန်းနှင့် အင်းဒင်ရဲစခန်းများသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



နူအာလောင်



မူဟာမတ်ဘူဖိုက်





**အဘူဆော်ယောက်နှင့် သက်သေခံပစ္စည်း** (ဝဲပုံ)

**နူရ်အာလောင်နှင့် ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများ** (အပေါ်ပုံ)

# ကျောက်တံတားမြို့နယ်တွင် နိုင်ငံခြားသားနှစ်ဦး ခိုက်ရန်ဖြစ်ပွားရာမှ လူသတ်မှုဖြစ်ပွား

**ရန်ကုန်  နိုဝင်ဘာ ၆**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် ဗြိတိန်နိုင်ငံသား အချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှ လူသတ်မှုဖြစ်ပွားကြောင်း အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီခန့်က သာကေတမြို့နယ် အမှတ် (၈) ရပ်ကွက်ရှိ မြခွာညိုအိမ်ရာတွင် နေထိုင်သော တရားလိုဖြစ်သူ ထိုင်းနိုင်ငံသူ Mrs. Supatchaya Sichompoo နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဗြိတိန်နိုင်ငံသား Mr, Peter Gary Ferguson (၄၇ နှစ်)တို့သည် မိတ်ဆွေများဖြစ်ကြသော ကျောက်တံတားမြို့နယ် အမှတ် (၈)ရပ်ကွက် ၃၉ လမ်း (အလယ်ဘလောက်)ရှိ အမှတ်(၁၆၀) ပထမထပ်တွင် နေထိုင်သူ Mr. Harris John Italo Binotti (၂၅ နှစ်) (ကျူးလွန်သူ)နှင့် ၎င်း၏ ချစ်သူဖြစ်သူ Mrs. Elsie Devolder တို့နှင့် အတူ သာကေတမြို့နယ် ရှုခင်းသာလမ်းပေါ်ရှိ Up Town ဟိုတယ်ရှိ ပါတီပွဲသို့ အတူတကွ သွားရောက်ခဲ့ကြကြောင်း၊ ထို့နောက် ခင်ပွန်းဖြစ်သူမှာ ပါတီပွဲမှ ကျောက်တံတားမြို့နယ်ရှိ Mr. Harris John Italo Binotti ၏ နေအိမ်သို့ လိုက်ပါသွားခဲ့ကြောင်း၊ နိုဝင်ဘာ ၅ ရက် နံနက် ၄ နာရီခန့်တွင် ကျူးလွန်သူ၏ ချစ်သူဖြစ်သူ Mrs. Elsie Devolder မှ တရားလိုထံသို့ ဖုန်းဆက်ပြီး Mr. Harris John Italo Binotti နှင့် တရားလို၏ ခင်ပွန်းဖြစ်သူတို့ ခိုက်ရန်ဖြစ်ပွားနေကြောင်း ဖုန်းဆက်အကြောင်းကြားခဲ့သည်ကို သိရှိခဲ့ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ထို့နောက် ယင်းနေ့ နံနက် ၆ နာရီခွဲတွင် တရားလိုအနေဖြင့် ခင်ပွန်းဖြစ်သူထံသို့ ဖုန်းဆက်ရာတွင် Mr. Harris John Italo Binotti (ကျူးလွန်သူ)က ဖုန်းကိုင်၍



အခင်းဖြစ် တိုက်ခန်းအားတွေ့ရစဉ်

တရားလို၏ ခင်ပွန်းဖြစ်သူမှာ အိပ်ပျော်နေသည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း၊ မွန်းတည့် ၁၂ နာရီခန့်တွင် တရားလိုမှ ထပ်မံဖုန်းခေါ်ရာ မည်သူမှ ဖုန်းကိုင်ခြင်းမရှိတော့ကြောင်း၊ တစ်နေကုန်ဖုန်းခေါ်နေသော်လည်း ဖုန်းကိုင်မည့်သူမရှိကြောင်း၊ နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီခန့်တွင် (ကျူးလွန်သူ)၏ ချစ်သူဖြစ်သူ Mrs. Elsie Devolder မှ တရားလို၏နေအိမ်သို့ လာခေါ်သဖြင့် အခင်းဖြစ်နေအိမ်သို့ ရောက်ရှိလာရာတွင် တရားလို၏ ခင်ပွန်းဖြစ်သူမှာ အခန်းတွင်း၌ ပက်လက်အနေအထားအတိုင်း ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် ဖူးရောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

"သောကြာနေ့ ညပိုင်းမှာ အဲဒီအခန်းက ဆူညံတဲ့အသံတွေကြားရတယ်။ ဘာဖြစ်မှန်းတော့ မသိဘူး။ နိုင်ငံခြားသားတွေနေတာဆိုတော့ သိပ်ပြီးပတ်ဝန်းကျင်နဲ့ ရင်းနှီးမှုမရှိဘူး။ ဒီနေ့မနက် ရဲတွေရောက်လာမှ လူသေတယ်ဆိုတာသိရတယ်"ဟု အဆိုပါ အခင်းဖြစ် တိုက်ခန်းအနီးမှ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါဖြစ်စဉ် နှင့်ပတ်သက်၍ (ကျူးလွန်သူ) ဗြိတိန်နိုင်ငံသား Mr. Harris John Italo Binotti အား ကျောက်တံတားမြို့မရဲစခန်းက (ပ) ၂၄ ၅/ ၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ အရ အမှုဖွင့်လှစ်၍ ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် ကျူးလွန်သူနှင့် သေဆုံးသူတို့မှာ ဗြိတိန်နိုင်ငံသားများဖြစ်ပြီး ကျူးလွန်သူမှာ နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းလေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း ကနဦးသတင်းများအရ စုံစမ်းသိရှိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**


မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2016 NOVEMBER 7 TO 13 , MONDAY | 1085|

အတွေးအမြင် ဆောင်းပါးအမြင်

ဆင်သွားရာလမ်းဖြစ်

အကြီးမားဆုံး လေကြောင်းပြပွဲမှသည် ကမ္ဘာ့နံပါတ်တစ်လေကြောင်းဈေးကွက်ပိုင်ဆိုင်နိုင်ရေးသို့

မိုဆူးမြို့ ထိုးစစ်မှာ အထိနာရမှာက ဆီးရီးယားဖြစ်နေ

တတိယကမ္ဘာစစ်အတွက် အသင့်ပြင်ဆင်နေသည့် တရုတ်

မြောက်ကိုရီးယားလေကြောင်းရန် ကာကွယ်ရေးစနစ်

အမေရိကန်ရဲ့ အဓိကရန်သူက အိုင်အက်စ်လား၊ အယ်လ်ခိုင်ဒါလား

ဘာသာပြန်စာပေ ဖွံ့ဖြိုးရေး လူငယ်များထံမှ စာမူကောင်းများ ဖိတ်ခေါ်လျှာ

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ိ/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊

မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။

ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၈

E-mail:internationaljournalmm@gmail.com


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ထန်းတပင်-လမုတန်း-ကျူတောလမ်း ၁၄မိုင် ၃ ဖာလုံအား မြေကြီးတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းအတွက် လိုအပ်သောဂဝံမြေများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၉-၁၁-၂၀၁၆ ရက်မှစ၍ ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄) အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၁၁-၂၀၁၆ ရက် ၁၆း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၁၁-၂၀၁၆ ရက် ၁၀း၀၀နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျ တံတားဝင်း၊ လှိုင်သာယာမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ဖုန်း-၀၁-၆၄၅၄၀၇၊ ၀၁-၆၄၅၀၄၆


ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)

အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီး တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။

ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

နိုဝင်ဘာ (၅/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ မန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441


## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၆) ရပ်ကွက်၊ ဖြူဟူဆိုးရိုက်လမ်း၊ မြေကွက်အမှတ်(၂၈၈/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးသန်းဝင်း (၁၂/ဥကတ(နိုင်)၀၅၀၁၈၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမြင့် (၁၂/တမန(နိုင်) ၀၅၁၉၀၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-ဘီ)၊ မြေကွက်အမှတ် ၆၈/၂၁၊ ဧရိယာ(၂၅'×၅၀')ရှိ မြေကွက်တစ်ခုလုံးအနက်မှ တစ်ဝက်တိတိ ပိုင်ဆိုင်ခွင့်ရှိသောပါမစ်မြေကွက်နှင့် ယင်းမြေကွက် တစ်ဝက်တိတိပေါ်တွင်ရှိသော အမှတ် ၆၉၊ ခေါင်းရင်းခန်း၊ ဂန္ဓမာလမ်း၊ မုန့်လက်ဆောင်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူဒေါ်ရီရီစန်း ၁၂/စခန(နိုင်)၀၃၃၆၄၉မှ ဒေါ်သီတာငေါ် ၁၂/ပဘတ(နိုင်)၀၂၃၄၀၈ထံရောင်းချထားခဲ့ရာ၊ အဆိုပါလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သီတာငေါ်ထံမှ ကျွန်ုပ်မိတ်ဆွေသည် အထက်ပါအိမ်နှင့်မြေကို လက်ရောက်ပြန်လည်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများ ပိုင်ဆိုင်ကြောင်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်ငွေပေးချေလျက်အရောင်းအဝယ် စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၂၅၄၂၁၄၄၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၃၁၅ ဟွန်ဒါ ဒရင်းမ်125 ယာဉ်လက်ဝယ်ရှိသူ ဦးငွေသိန်း ၁၀/သဖရ(နိုင်)၁၄၈၃၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8737၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၈၄၀၂ Honda Scoopyi 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဝင်း ၉/ပသက(နိုင်)၀၇၃၃၉၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# ရန်ကုန်-မန္တလေးလမ်းပိုင်း၌ မီးရထားခုံးကျော်တံတား ကာရံထားသော လမ်းလယ်ကွန်ကရစ်တုံးကို ရှေ့ဘီးပေါက်ပြီး ဝင်တိုက်မိ



**နေပြည်တော် နိုဝင်ဘာ ၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စကားအင်း အမြန်လမ်းမကြီးရဲစခန်း အပိုင် မိုင်တိုင်အမှတ် (၃၅၁/၄) နှင့် (၃၅၂/၅)အကြား နေပြည်တော်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အောင်ကျော်ဦး မောင်းနှင်လာသော အယ်လ်ဖရက် မော်တော်ယာဉ်သည် ယနေ့ နံနက် ၄ နာရီ မိနစ် ၅၀ ခန့်က ဝဲဘက်ရှေ့ဘီးပေါက် ပြီး မီးရထားခုံးကျော် တံတား ကာရံထားသော လမ်းလယ် ကွန်ကရစ်တုံးကို ဝင်ရောက်တိုက်မိ ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါ ခြောက်ဦးမှ ငါးဦး ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ယာဉ်မှာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ပျက်စီးသွားသည်။ သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်း အောင်ကျော်ဦးအား စကားအင်းအမြန်လမ်းရဲစခန်းက အရေးယူဆောင်ရွက်ထားသည်။

ထို့ပြင် ပန်းတင်အမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၂၂၃/၄) အနီးတွင် ဦးစိုးမင်းနိုင်မှာ အမြန်လမ်းဘေးတွင် ဆိုင်ကယ်အား သော့ခတ်ရပ်ထားပြီး ယာခင်းထဲသို့ သွားရောက်ရာ အပြန်တွင် ဆိုင်ကယ်ပျောက်ဆုံးသွားကြောင်း၊ ပန်းတင် အမြန်လမ်းရဲတပ်ဖွဲ့အား လာရောက်တိုင်ကြားသဖြင့် လိုက်လံစုံစမ်းစစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၂၄၅ အနီး မြိုင်သာယာကျေးရွာ၌ နိုင်ကြီး (ခ)ကုလားအား ခိုးယူသွားသော ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိသည်။

သို့ဖြစ်၍ ဆိုင်ကယ်ခိုးယူသူ နိုင်ကြီး (ခ)ကုလားအား ပန်းတင်အမြန်လမ်း ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ကသာမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ် ၃၀၂ လုံး ဖမ်းဆီးရမိ

**ကသာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မယ်ဇိုကျေးရွာအနီး ရွှေလီမြစ်အတွင်းမှ တရားမဝင်သစ် ဖောင်တစ်စီးပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် သစ်တောဦးစီးအရာရှိဦးတင်ထွန်းနှင့် သစ်တောဝန်ထမ်းများသည် အင်းရွာနယ်မြေရဲကင်းစခန်းမှ ရဲအုပ်ဝင်းမြင့်အဖွဲ့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၂ ရက်က ရွှေလီမြစ်ကြောင်းအတွင်း တရားမဝင် သစ်ဖောင်များ ဖမ်းဆီးဆောင်ရွက်နေစဉ် ကသာမြို့နယ် မယ်ဇိုရွာနှင့် တက်နူး လယ်ရွာကြား၌ သစ်ဖောင်ပိုင်ရှင် ဦးညွန့်ဝင်းသည် တရားမဝင် သစ်လုံး ၃၀၂လုံး၊ ၆၃ ဒသမ ၇၃၆ တန် တန်ဖိုးငွေကျပ် ၇၉၆၇၅၀ ကို စက်လှေနှစ်စင်းဖြင့် ဖောင်ဖွဲ့၍ ရွှေလီမြစ်ကြောင်းအတိုင်း မျှောလာပြီး ဧရာဝတီမြစ်မှ မန္တလေးသို့ စုန်ဆင်းရာတွင် ဖမ်းမိသဖြင့် တရားမဝင်ကျွန်းသစ်များ လက်ဝယ်ထားရှိသူ ဦးညွန့်ဝင်း မြင်းမူမြို့နယ်နေသူအား ဥပဒေအရ အရေးယူပေးရန် သစ်တောဦးစီးအရာရှိ ဦးတင်ထွန်းက နိုဝင်ဘာ ၄ ရက်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် အင်းရွာနယ်မြေရဲကင်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**



# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက်က ခိုလမ်-နမ့်စန်သွားကားလမ်း နမ့်စန်မြို့နယ် အမှတ်(၃)ကျေးရွာ ရတနာသိဒ္ဓိ ဘုန်းကြီးကျောင်းရှေ့၌ မြင့်ဌေးမောင်းနှင်ပြီး စိုင်းမတ်လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၈၈ ခွက်(အလေးချိန် ၁ ဒသမ ၁၄၄ ကီလို) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ တို့ကို သိမ်းဆည်းရမိသည်။

နိုဝင်ဘာ ၄ ရက်က မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာအုပ်စု မိုးမှောင်ကျဒေသနေ ညီဆာ၏ နေအိမ်ဈေးဆိုင်ကို ရှာဖွေရာ ဘိန်းဖြူ ၆၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ပြည်ကြီးတံခွန်မြို့နယ်၌ ဆိုင်ကယ်လုယက်သူများအား ရဲနှင့်ပြည်သူပူးပေါင်းမှုဖြင့် ချက်ချင်းဖမ်းဆီးအရေးယူနိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ကျော်ကိုထွန်း (၂၀နှစ်)သည် နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီခန့်က ၅၄ယ/---- Honga-150 ထရပ်ကာဆိုင်ကယ်ကို မောင်းနှင်လာစဉ် ပိတောက်လမ်းနှင့် စံပယ်လမ်းကြားအရောက် အမျိုးသားသုံးဦးက တားဆီးကာ ဆိုင်ကယ်ပေါ်မှဆွဲချပြီး ဆိုင်ကယ်ကို လုယူထွက်ပြေးကြသည်။

ထိုသို့ဖြစ်ပွားချိန်တွင် အကူအညီတောင်းရာ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိ လူများက ဝိုင်းဝန်းဖမ်းဆီးရာ တောင်ဒဂုံမြို့နယ် (၂၆)ရပ်ကွက်နေ ဇော်ဇော်(၂၂နှစ်)၊ တွံတေးမြို့နယ် (၁)ရပ်ကွက်နေ အောင်ကိုလွင်(၂၁နှစ်)နှင့် သာကေတမြို့နယ် (၁၄)ရပ်ကွက်နေ နိုင်လင်းထွန်း(ခ) ဝဏ္ဏအောင်(၂၈နှစ်)တို့အား ဖမ်းဆီးရမိသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းက ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**




## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့်လျှပ်စစ်ကြိုးများလဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**



**ကြယ်စင်မိုး** စက်ချုပ်သင်တန်း
အခြေခံမဝတ်အင်္ကျီ - ၄၅၀၀၀ ကျပ်
(၁၅)ရက်အတတ်
အခြေခံမဝတ်စကတ် - ၄၅၀၀၀ ကျပ်
**တိုက်-၈(B)၊ အခန်း(၄)၊ အနော်ရထာ အိမ်ရာ၊ လှည်းတန်း၊ ဖုန်း-၀၉-၅၀၃၇၉၁၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/7769 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/7891 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## လုံးချင်းတိုက်သစ်များငှားမည်

သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံကမ်းသာယာအိမ်ရာဝင်းအတွင်းရှိ (၆၀×၈၀)ပေ မြေအကျယ်ပေါ်တွင် တည်ဆောက်ထားသည့် ၄၀၀၀ စ/ပေ ရှိသော လုံးချင်းနှစ်ထပ်တိုက်အသစ်များကို လချုပ်/နှစ်ချုပ်စနစ်ဖြင့် ငှားမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၀၃၁၁၆၅၊ ၀၁-၅၇၀၀၄၄**

## မြေကွက်အကျယ်ငှားမည်

သုဝဏ္ဏ၊ သွားဆေးတက္ကသိုလ်အနီး သံသုမာလမ်းကြီးမှ ပေ ၂၀၀ခန့်ဝင်ရသော ဗိုလ်တေဇ ၃ လမ်းနှင့် ဗိုလ်တေဇ ၄ လမ်း နှစ်လမ်းပေါက်သော တစ်ဧကအကျယ်ရှိ မြေကွက်လွတ် ငှားမည်။ အုတ်တံတိုင်းခတ်ပြီး၊ ရေ/မီး ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၀၄၃၆၉၅၊ ၀၉-၇၈၂၀၄၃၆၉၅**

**ဖခင် အမည်မှန်**

ကျုံပျော်(အထက)၊ ပဉ္စမတန်း (A)မှ နန့်ယောယမုံ၏ ဖခင်အမည်မှန်မှာ စောယိုသဖြစ်ပါကြောင်း။

**စောယိုသ**


## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၁၁ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၂**

ဦးသိန်းအောင် **နှင့်** ဦးဇမ္ဗူထွန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း (အထက်ဘလောက်)၊ အမှတ် ၃၆၃(၅လွှာ)နေ ဦးဇမ္ဗူထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၆**

မသန်းသန်းဆွေ(ဘ)ဦးစန်းလှိုင် **နှင့်** ကိုကျော်သူ(ဘ)ဦးပြုံး
တောင်သူ၊ အင်ဖက်ကုန်းကျေးရွာ တောင်သူ၊ ခရမ်းစပ်ကုန်းကျေးရွာ
ခရမ်းစပ်ကုန်းအုပ်စု၊ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းအုပ်စု၊ တပ်ကုန်းမြို့နယ်
**တရားလို** **တရားပြိုင်**

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ ခရမ်းစပ်ကုန်းကျေးရွာနေ ကိုကျော်သူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သော မသန်းသန်းဆွေက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဦး)**
**မြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့နယ်တရားရုံး**

# ကျွန်တော်နဲ့ နေပြည်တော်



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ ဟောပြောပွဲတွေကို မြန်မာနိုင်ငံနေရာအနှံ့မှာ ကျင်းပခဲ့ပေမယ့် နေပြည်တော်မှာတော့ တစ်ခါမှမလုပ်ဖြစ်ခဲ့ဘူး။ ဝန်ကြီးဌာနဝန်ထမ်းများအတွက် သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုတော့ လုပ်ဖြစ်ခဲ့တယ်။ အပြည်ပြည်ဆိုင်ရာပွဲတွေမှာလည်း စာတမ်းတွေဖတ်ခဲ့တယ်။ ဒါပေမယ့် အများပြည်သူအတွက်တော့ မလုပ်ဖြစ်ခဲ့ဘူး။ ဒါကြောင့်လည်း စိတ်ထဲမှာ မကျေနပ်ဖြစ်ခဲ့တယ်။ အခွင့်အရေးရအောင်ကြိုးစားဖို့ အမြဲစဉ်းစားခဲ့တယ်။ တစ်ခါတစ်ရံ ကိုယ်လိုချင်တဲ့အခွင့်အရေးဟာ မထင်မှတ်ဘဲပေါ်လာခဲ့တယ်။

**ဩဂုတ်လ ၃၁ ရက် ၂၀၁၆-** ဒီနေ့ကိုတော့ မြန်မာနိုင်ငံသားတိုင်း မှတ်မိကြပါလိမ့်မယ်။ (၂၁) ရာစု ဒုတိယပင်လုံငြိမ်းချမ်းရေးညီလာခံကျင်းပခဲ့တဲ့နေ့၊ လွတ်လပ်ရေးရပြီးချိန်ကစပြီး လူတိုင်းမျှော်လင့်ခဲ့တဲ့ ငြိမ်းချမ်းရေး။ ငြိမ်းချမ်းရေးရဖို့ ခရီးရှည်ကြီးကို ဒီနေ့မှာစလျှောက်ခဲ့ကြတယ်။ ကျွန်တော်လည်း တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရခဲ့တာ။ ဒီညီလာခံမှာ နိုင်ငံ့ခေါင်းဆောင်တွေ မိန့်ခွန်းတွေပြောခဲ့ကြသလို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မိန့်ခွန်းပြောခဲ့တယ်။ မစ္စတာဘန်ကီမွန်းဟာ ငြိမ်းချမ်းရေးညီလာခံရဲ့ အရေးပါမှုကို မီးမောင်းထိုးခဲ့ခြင်းဖြစ်တယ်။ သူဟာ နေပြည်တော်ကို နေ့ချင်းပြန်ခရီးလာရောက်ခဲ့တာ။ သူလာမယ်ဆိုတာသိခဲ့ပေမယ့် ကျွန်တော့်အတွက် တိုက်ရိုက်ပတ်သက်မှုမရှိဘူးလို့ ထင်ခဲ့တယ်။

မလာခင် သုံး၊ လေးရက်မှာ နယူးယောက်မြို့ကုလသမဂ္ဂရုံးချုပ်က ဆက်သွယ်လာခဲ့တယ်။ အထွေထွေအတွင်းရေးမှူးချုပ်က နေ့လယ်စာစားဖို့ ဖိတ်ကြားခဲ့တာ။ ကျွန်တော်တစ်ဦးတည်းတော့ မဟုတ်ပါဘူး။ ကျွန်တော်ဦးစီးတဲ့အဖွဲ့ရဲ့ အဖွဲ့ဝင်တွေကိုလည်း ဖိတ်ကြားခဲ့တာဖြစ်တယ်။

ကျွန်တော်ဦးစီးတဲ့အဖွဲ့က ကုလသမဂ္ဂအဖွဲ့အစည်း ဖော်ထုတ်ခဲ့တဲ့ UN Global Compact (UNGC) မြန်မာနိုင်ငံကွန်ရက် ဖြစ်ပါတယ်။ အမှန်တော့ UNGC နဲ့ ပတ်သက်ပြီး ၂၀၀၀ ပြည့်နှစ်ကတည်းက ကျွန်တော်တာဝန်ယူခဲ့တာဖြစ်တယ်။ ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် UNGC လုပ်ငန်းတွေစတင်ခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း ၂၀၀၈ ခုနှစ် မြန်မာပြည်ပြန်ရောက်ပြီးချိန်မှာ UNGC ကို မြန်မာပြည်မှာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော့်ရဲ့ ကြိုးစားမှုတွေဟာ ၂၀၁၂ ခုနှစ်မှာ အကောင်အထည်ပေါ်ခဲ့တာ။ ဒီတုန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရန်ကုန်မြို့ကို လာရောက်စဉ်ဖြစ်တယ်။ ၂၀၁၂ ခုနှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အနိုင်ရခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်စတင်ယူစဉ် မစ္စတာဘန်ကီမွန်းအနေနဲ့ ရန်ကုန်မြို့ကို လာရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဖို့ သူရန်ကုန်မှာရှိစဉ် ရန်ကုန်မြို့မှာအခြေစိုက်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ ညှိနှိုင်းရေးတာဝန်ခံနဲ့ ကိစ္စတစ်ခုကို တိုင်ပင်ခဲ့ပါတယ်။ ဒီတာဝန်ခံ ဟာ တစ်ချိန်က နယူးယောက်မြို့မှာ တာဝန်ယူစဉ် ကျွန်တော့်ရဲ့ဝန်ထမ်းအရာရှိတစ်ဦး မြန်မာပြည်မှာ တာဝန်ကျတော့သူ့ရုံးမှာ အကြီးတန်းအကြံပေးအဖြစ် တာဝန်ယူပေးဖို့ တောင်းဆိုလာခဲ့တယ်။ ဒါကြောင့် ဒီတာဝန်ယူစဉ် မြန်မာနိုင်ငံမှာ ဖြစ်ပေါ် စေချင်လှတဲ့ ကိစ္စတစ်ခုကို ကြိုးစားခဲ့ပါတယ်။

ဒါကတော့ တာဝန်ကျေတဲ့ စီးပွားရေးကဏ္ဍဖော်ထုတ်ဖို့ ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုကို နိုင်ငံရေး ဘောဂဗေဒရှုထောင့်မှ ကြည့်သင့်ပါတယ်။ လွတ်လပ်ရေးရပြီးချိန် တက်လာတဲ့နိုင်ငံရေးအစိုးရဟာ ပုဂ္ဂလိကကဏ္ဍကို အားပေးခဲ့ပေမယ့် တစ်ဖက်ကလည်း နိုင်ငံပိုင်ကဏ္ဍကို ဖော်ထုတ်ခဲ့တယ်။ တစ်နည်းပြောရရင် (Mixed Economy) ရောနှောတဲ့ စီးပွားရေးစနစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့တယ်။ နောက်ပိုင်းမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖော်ထုတ်ခဲ့တာမို့ ပုဂ္ဂလိကကဏ္ဍဟာ မှေးမှိန်ခဲ့တယ်။ တစ်ချိန်က အရှိန်ရနေတဲ့ ပုဂ္ဂလိကကို သိမ်းကျုံးပြီး ပြည်သူပိုင်သိမ်းခဲ့တယ်။ အသေးစား၊ အလတ်စားတွေအထိ လုပ်ခဲ့တာတွေ့ရတယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကစီးပွားရေးစနစ်ကို စနစ်တကျ မတည်ထောင်နိုင်ခဲ့ဘူး။ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ထုတ်တဲ့အခါ စီးပွားရေးကို တာဝန်ကျေကျေ ဆောင်ရွက်နိုင်သူတွေမရှိတော့ဘဲ ခရိုနီအရင်းရှင်စီးပွားရေးစနစ် ကြီးထွားလာခဲ့တယ်။ တာဝန်ရှိသူတွေနဲ့ အဆက်သွယ်ရအောင်ကြိုးစားပြီး အခွင့်အရေးတွေယူခဲ့ကြတယ်။ ကိုယ်ကျိုးစီးပွားရေးပဋိပက္ခတွေ ကျူးလွန်ခဲ့တယ်။ အခုလိုဆောင်ရွက်နေတာကို မှားတယ်လို့မမြင်ဘဲ ထုံးစံတစ်ခု၊ ယဉ်ကျေးမှုတစ်ရပ်လို့ မြင်လာခဲ့တယ်။ စီးပွားရေးတိုးတက်ဖို့ အဓိကလိုအပ်တာက ယှဉ်ပြိုင်မှုဖြစ်တယ်။ ခရိုနီအရင်းရှင်စီးပွားရေးစနစ်မှာ ယှဉ်ပြိုင်မှုကိုအားပေးမှုမရှိဘဲ လက်ဝါးကြီးအုပ်စနစ်ကို ပြုစုအားပေးခဲ့တယ်။

ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးကဏ္ဍမှာ တာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်စေချင်တယ်။ အားပေးချင်တယ်။ အခုဆောင်ရွက်ဖို့ UNGC ကို မြန်မာပြည်မှာ ပေါ်ပေါက်လာအောင် ကြိုးစားခဲ့တာဖြစ်ပါတယ်။ UNGC ဟာ အခြေခံလေးရပ်အပေါ် ရပ်တည်ထားတာဖြစ်တယ်။ ပထမမဏ္ဍိုင်က လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်။ လူ့အခွင့်အရေးဟာ စီးပွားရေးလုပ်ငန်းတွေနဲ့ ဘယ်လိုပတ်သက်သလဲလို့ မေးစရာဖြစ်ပေါ်ပေမယ့် တစ်ချိန်က စီးပွားရေးလုပ်ငန်းတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ ပါဝင်ခဲ့ကြသလို တချို့ကလည်း အားပေးခဲ့ပြန်တယ်။ ဒုတိယမဏ္ဍိုင်ကတော့ ဝန်ထမ်းရေးရာနဲ့ ပတ်သက်ပြီး တည်ဆဲဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြဖို့၊ အထူးသဖြင့် အသက်မပြည့်သေးတဲ့ ကလေးသူငယ်တွေကို အတင်းအဓမ္မခိုင်းစေခြင်းမှ ရှောင်ဖို့။ တတိယမဏ္ဍိုင်ကတော့ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းဖို့ဖြစ်တယ်။ နောက်ဆုံးကတော့ အဂတိလိုက်စားမှုကို တိုက်ဖျက်မှုဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုကို တာဝန်ရှိသူတွေက အားပေးခဲ့ကြတယ်။ အဂတိလိုက်စားမှုကို အခြေခံတဲ့စီးပွားရေးအဆောက်အအုံကို တည်ထောင်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းများအနေနဲ့ အခုလိုမဏ္ဍိုင်လေးရပ်ကို ထိန်းသိမ်းဖို့ ကတိပေးခြင်းဖြစ်တယ်။ ဒါကြောင့်လည်း (Compact) နားလည်မှုဆိုတဲ့ ဝေါဟာရကို သုံးစွဲတာဖြစ် တယ်။ ဥပဒေအရ တရားစွဲဆိုနိုင်တဲ့ (Contract) စာချုပ်စာတမ်းနဲ့ လုပ်ထားတာမဟုတ်ဘဲ လုပ်မယ်လို့သာ ကတိပေးခြင်းဖြစ်တယ်။ ဒါကြောင့်လည်း ပိုပြီးထိရောက်မှုရှိတယ်လို့ ထင်ခဲ့ပါတယ်။ ဥပဒေအရလုပ်မယ်ဆိုတာထက် လုပ်သင့်တာကို ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် UNGC ဟာ (UN Global Compact) အပြည်ပြည်ဆိုင်ရာ နားလည်သဘောတူမှုဖြစ်တယ်။ အမှန်တော့ UNGC ဟာ ကမ္ဘာ့အကြီးဆုံး လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းများရဲ့ အစုအဖွဲ့ဖြစ်ပါတယ်။

**၂၀၁၂ခုနှစ် ရန်ကုန်မှာ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ တွေ့ဆုံခြင်း-** ပြည်တွင်းလုပ်ငန်း ၁၅ ခုဟာ UNGC အဖွဲ့ဝင်အဖြစ် လျှောက်လွှာတင်သွင်းခဲ့ပါတယ်။ ဒုတိယအကြိမ် မစ္စတာဘန်ကီမွန်း နေပြည်တော်မှာ ကျွန်တော်တို့အဖွဲ့နဲ့တွေ့တဲ့အချိန်မှာ အဖွဲ့အစည်းအရေအတွက်က ၁၈၀ ရှိခဲ့ပါတယ်။ နှစ်နှစ်ကာလအတွင်း အံ့သြစရာကောင်းအောင် တိုးတက်ခဲ့တာဖြစ်တယ်။ ဒါကြောင့် ၂၀၁၅ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပတဲ့ အိုအီးစီဒီအဖွဲ့အစည်း အစည်းအဝေးမှာ ကျွန်တော်က စိန်ခေါ်ခဲ့ပါတယ်။ ၂၀၁၆မကုန်မီ မြန်မာနိုင်ငံက အဖွဲ့ဝင် ၁၀၀၀ ရှိအောင်လုပ်ဖို့။ ၁၀၀၀ ပြည့်ရင် တစ်ကမ္ဘာလုံးမှာ မြန်မာနိုင်ငံဟာ ပထမနေရာမှာရပ်တည်မှာ ဖြစ်တယ်။ ပြင်သစ်နိုင်ငံမှာအဖွဲ့ဝင် ၉၀၀ ရှိပြီး စပိန်နိုင်ငံမှာတော့ ၈၀၀ ရှိတယ်။ ကျွန်တော်ကတော့ မခံချင်တဲ့စိတ်နဲ့ရအောင်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။

ဩဂုတ်လ ၂၉ ရက်နေ့ နေပြည်တော်မှာရှိတဲ့ ကာပင်းစကီးဟိုတယ်မှာ နေ့လယ်စာစားဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန်တော်က ပင်လုံငြိမ်းချမ်းရေးညီလာခံတက်ပြီး ဟိုတယ်ကို အရောက်သွားခဲ့တယ်။ ကျွန်တော်နဲ့အတူ မြန်မာနိုင်ငံကွန်ရက်ဘုတ်အဖွဲ့ဝင်တွေပါဝင်ခဲ့တယ်။ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးမာတင်ပန်း၊ အတွင်းရေးမှူး ဒေါက်တာထက်ဇော်လင်း၊ ဒေါ်ခိုင်ခိုင်နွယ်၊ ရောဝတီဘဏ်က အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မမ၊ စီးတီးမတ်ဥက္ကဋ္ဌဒေါ်ဝင်းဝင်းတင့်၊ အမ်အိုင်တီကုမ္ပဏီက အမှုဆောင်အရာရှိချုပ် ဒေါက်တာထွန်းသူရသက်၊ ရွှေတောင်ကုမ္ပဏီက ဒါရိုက်တာစန္ဒာထွန်း၊ ဦးနိုင်ဦးရဲ့ဇနီး ဒေါ်လင်းလင်းတင်ထွန်း၊ ကျန်တစ်ဦးဖြစ်တဲ့ ဦးတင်ဇံကျော်က နိုင်ငံခြားခရီးသွားနေတဲ့အတွက် မပါဝင်နိုင်ခဲ့ပါဘူး။ ထမင်းစားပွဲမှာ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ဇနီးနဲ့ နယူးယောက်ကအရာရှိကြီးတွေ၊ ရန်ကုန်မြို့မှာ အခြေစိုက်တဲ့ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်တို့လည်း တက်ရောက်ခဲ့တယ်။ အတွင်းရေးမှူးချုပ်က ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ချီးကျူးပြီးအားပေးခဲ့ပါတယ်။ အခုချိန်မှာ အဖွဲ့ဝင်လုပ်ငန်းစုစုပေါင်း ၃၃၅ ခု ရှိနေပြီးဖြစ်တယ်။ အရှေ့တောင်အာရှနိုင်ငံတွေအနက် နံပါတ်တစ်နေရာမှာရှိနေပြီး ကျန်တဲ့အာဆီယံနိုင်ငံတွေမှာရှိတဲ့ အဖွဲ့ဝင်လုပ်ငန်းတွေအားလုံးပေါင်းရဲ့ အရေအတွက်ဟာ မြန်မာနိုင်ငံကိုမမီသေးတာတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့စွမ်းဆောင်မှုကို အထွေထွေအတွင်းရေးမှူးချုပ်က ကိုယ်တိုင်ကိုယ်ကျ အသိအမှတ်ပြုခဲ့တာဖြစ်တယ်။ အခုလို နှစ်နှစ်တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင်သူနဲ့တွေ့ရတဲ့ အဖွဲ့အစည်းတစ်ကမ္ဘာလုံးမှာမရှိပါဘူး။ နိုင်ငံသားတွေအားလုံးဂုဏ်ယူရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးချုပ်က ကျွန်တော်တို့အဖွဲ့ကို အကူအညီတောင်းခဲ့ပါတယ်။ ဒါက ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေသဘောတူညီခဲ့တဲ့ စဉ်ဆက်မပြတ်ရည်မှန်းချက်တွေနဲ့ပတ်သက်ပြီး ပြည်သူတွေသိအောင် ဆောင်ရွက်ပေးဖို့၊ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ပန်ကြားချက်ကို လုပ်ပေးနိုင်ဖို့ ကျွန်တော်က ဘီအိုဒီအဖွဲ့ဝင်တွေနဲ့ တိုင်ပင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်ကျော် ခရစ်နှစ် ၂၀၀၀ တုန်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ထောင်စုနှစ်ရည်မှန်းချက်ကိုးခုကို လက်ခံသဘောတူခဲ့တယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်တွေကို ၁၅ နှစ်အတွင်းပြည့်မီအောင် ကြိုးစားဖို့ကတိပြုခဲ့ကြတာ။ ၂၀၁၅ မှာ ကာလပြည့်သွားတဲ့အတွက် ထောင်စုနှစ်ရည်မှန်းချက်နေရာမှာ စဉ်ဆက်မပြတ်ရည်မှန်းချက် ၁၇ နဲ့ အစားထိုးခဲ့တာဖြစ်တယ်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလို့ပြောရင် မျက်မှောက်ခေတ် လူသားတွေအတွက်သာမက နောင်လာနောက်သားတွေအတွက် စဉ်းစားဖို့လိုအပ်ပါတယ်။ ကိုယ်အသက်ရှင်စဉ် ကိုယ့်အတွက်အကျိုးရှိအောင်သာစဉ်းစားပြီး နောင်လာနောက်သားတွေအတွက် လုံးဝမျက်ကွယ်ပြုတာမျိုး မဖြစ်သင့်ဘူး**

စဉ်ဆက်မပြတ်ရည်မှန်းချက်ကို ပြည်သူတွေထဲထဲဝင်ဝင်သိနိုင်အောင် နည်းလမ်းတွေရှာဖွေခဲ့တယ်။ B2B အဖွဲ့သားများနဲ့ လုပ်နေကျ Better Future Better Myanmar (BFBM) ပိုမိုကောင်းမွန်တဲ့အနာဂတ် ပိုမိုကောင်းမွန်တဲ့ မြန်မာနိုင်ငံအစီအစဉ် တွဲဖက်ပြီးလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ လုပ်မယ့်နေရာကို ရွေးချယ်တဲ့အခါ နေပြည်တော်မှာလုပ်ဖို့လည်း သဘောတူခဲ့ကြတယ်။ ကျွန်တော်တို့အဖွဲ့ဟာ မြန်မာနိုင်ငံအနှံ့ (BFBM) ပွဲတွေလုပ်ခဲ့ပေမယ့် နေပြည်တော်မှာ မလုပ်ဖြစ်ခဲ့ဘူး။ ဟောပြောပွဲတွေ ကျင်းပတဲ့နေရာမှာ အဓိကက ပရိသတ်ဖြစ်တယ်။ ပရိသတ်ရှိမှ ပွဲကဖြစ်တာ။ ပရိသတ်မရှိရင်ပွဲကမဖြစ်ဘူး။ နေပြည်တော်မှာ အစိုးရဝန်ထမ်းတွေများတယ်။ စနေ၊ တနင်္ဂနွေမှာလည်း အားရက်မို့ အနားယူချင်ကြတယ်။ တချို့ကလည်း ရန်ကုန်ပြန်ကြမယ်။ ဒါကြောင့် ပရိသတ်နဲ့ ပတ်သက်ပြီးစိုးရိမ်ခဲ့တာ။ နောက်ဆုံးမှာရအောင်လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ တစ်နေရာနဲ့တစ်နေရာ ဝေးနေတဲ့ နေပြည်တော်မှာလူသိအောင် ပွဲနဲ့ပတ်သက်ပြီး ကြော်ငြာတာကို တစ်မျိုးစဉ်းစားခဲ့ရတယ်။ တစ်ဖက်ကလည်း လူမှုရေးကွန်ရက်ကိုလည်း အသုံးချခဲ့ရတယ်။ လုပ်မယ့်နေရာကိုလည်း သတိထားရွေးချယ်ခဲ့တယ်။ Excel Capital ဟိုတယ်မှာ ပရိသတ် ၁၀၀၀ ကျော်တက်နိုင်တာမို့ ဒီဟိုတယ်ကိုရွေးချယ်ခဲ့တယ်။ လုပ်မယ့်ရက်က စနေနေ့ရုံးပိတ်ရက်၊ ကျွန်တော့်စိတ်ထဲမှာ ပရိသတ်တွေလာ မလာစိတ်ပူမိတယ်။

နေပြည်တော်မှာ ဟောပြောပွဲမလုပ်မီ ကျွန်တော်ရယ်၊ ဦးတင်ဇံကျော်ရယ် ပုဂံမြို့မှာကျင်းပတဲ့ မြန်မာနိုင်ငံစားသောက်ဆိုင်အသင်းရဲ့ညီလာခံမှာတက်ပြီး ဟောခဲ့ကြတယ်။ အစတော့ ပုဂံမှာဖြစ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပွဲဖြစ်မဖြစ်စိတ်ပူမိခဲ့တယ်။ အခုလို သဘာဝဘေးအန္တရာယ် ကြုံကြိုက်နေရတဲ့ အချိန်မှာ ဟောပြောပွဲလုပ်သင့်ပါ့မလားဆိုပြီး စိတ်ထဲမှာဖြစ်ခဲ့တယ်။ ဥက္ကဋ္ဌနဲ့ အမှုဆောင်အဖွဲ့တွေက လုပ်လို့အဆင်ပြေကြောင်း ပြောတာနဲ့ ကျွန်တော်တို့နှစ်ယောက်တက်ရောက်ပြီး ဆွေးနွေးပေးခဲ့ပါတယ်။ ပုဂံမှာနေ့လယ်စာကို ရွှေစည်းခုံဘုရားအနီးမှာရှိတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီက ဖွင့်ထားတဲ့ စားသောက်ဆိုင်မှာစားခဲ့ကြတယ်။ စားသောက်ဆိုင်မှာစားရင်း ဝိုင်းထဲမှာရှိတဲ့ သနပ်ခါးပြတိုက်ကို တာဝန်ရှိသူက လိုက်ပြပေးတယ်။ ပုဂံကို အကြိမ်ကြိမ်ရောက်ခဲ့ပေမယ့် သနပ်ခါးပြတိုက်ကို တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူး။ ပြတိုက်ကဆန်းကြယ်လိုက်တာ။ သနပ်ခါးပင်မျိုးစုံကို ခင်းကျင်းပြသထားတယ်။ အင်ကြင်းကျောက်နဲ့လုပ်ထားတဲ့ရတနာတွေ၊ အမှတ်တရပစ္စည်းတွေကလည်း စုံနေတာပဲ။ နေ့လယ်စာစားပြီး ပုဂံကနေ နေပြည်တော်ကို မော်တော်ယာဉ်နဲ့သွားခဲ့ကြတယ်။ ကျောက်ပန်းတောင်းမြို့ကတစ်ဆင့် မိတ္ထီလာမြို့အထွက်အမြန်လမ်းကတစ်ဆင့် နေပြည်တော်ကိုသွားခဲ့ကြတာ။ ညစာကို ရွှေစည်တော်မြန်မာထမင်းဆိုင်မှာ စားခဲ့တယ်။

နောက်တစ်နေ့ဟောပြောပွဲမစမီ ရောဝတီဘဏ်က ကြီးမှူးကျင်းပတဲ့ ဈေးရောင်းပွဲဖွင့်ပွဲအခမ်းအနားမှာ ဖွင့်လှစ်ပေးခဲ့တယ်။ ဖဲကြိုးဖြတ်ပြီး ဟောပြောပွဲကျင်းပမယ့်ဟိုတယ်ကို သွားခဲ့ကြတယ်။ ဟောပြောပွဲကို နံနက် ၉ နာရီခွဲမှာစပြီး မွန်းလွဲ ၁ နာရီခွဲမှာပြီးဖို့ ကျွန်တော်ကစီစဉ်ပေးတဲ့ ဒေါက်တာထက်ဇော်လင်းကို ပြောခဲ့တယ်။ ဟောပြောပွဲအစမှာ (BFBM) နဲ့ပတ်သက်ပြီး ဦးတင်ဇံကျော်က ရှင်းပြပေးခဲ့တယ်။ ဒီအစီအစဉ်ဟာ အမှန်တော့လူငယ်တွေကို အားပေးတဲ့အစီအစဉ်ဖြစ်ပါတယ်။ အနာဂတ်နဲ့ပတ်သက်ပြီး မျှော်လင့်ချက်အပြည့်နဲ့ ရှင်သန်ကြဖို့ အားပေးတဲ့ပွဲတွေသာဖြစ်ပါတယ်။ ခေါင်းစဉ်မျိုးစုံကိုရွေးချယ်ပြီး ဟောပြောပွဲတွေလုပ်ခဲ့တာဖြစ်ပါတယ်။

ဆရာတင်ဇံကျော်ပြောပြီးချိန် ကျွန်တော်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် ရည်မှန်းချက်တွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ မကြာခင်ကာလ ကုလသမဂ္ဂအဖွဲ့အစည်း အထွေထွေညီလာခံ၌ မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ဖို့ကတိပြုခဲ့တယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလို့ပြောရင် မျက်မှောက်ခေတ် လူသားတွေအတွက်သာမက နောင်လာနောက်သားတွေအတွက် စဉ်းစားဖို့လိုအပ်ပါတယ်။ ကိုယ်အသက်ရှင်စဉ် ကိုယ့်အတွက် အကျိုးရှိအောင်သာစဉ်းစားပြီး နောင်လာနောက်သားတွေအတွက် လုံးဝမျက်ကွယ်ပြုတာမျိုး မဖြစ်သင့်ဘူး။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဟာ စီးပွားရေးပညာရဲ့ အခြေခံတစ်ရပ်ဖြစ်လာခဲ့တယ်။

စဉ်ဆက်မပြတ်ရည်မှန်းချက်အနေနဲ့က ၁၇ ချက်ရှိပါတယ်။ ဒီရည်မှန်းချက်တွေဟာ လွန်ခဲ့တဲ့ခရစ်နှစ် ၂၀၀၀ တုန်းကသဘောတူခဲ့တဲ့ ထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ကို ပိုပြီးပြည့်စုံအောင် လုပ်ခဲ့ခြင်းသာဖြစ်ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက် နံပါတ်(၁)မှာ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၅၀ ရာခိုင်နှုန်းလျှော့ချဖို့သတ်မှတ်ခဲ့ပြီး စဉ်ဆက်မပြတ်ရည်မှန်းချက်မှာတော့ ဆင်းရဲမှုကို လုံးဝပပျောက်အောင် ဆောင်ရွက်ဖို့ သဘောတူထားတယ်။ ပိုမိုမြင့်မားတဲ့ ရည်မှန်းချက်ကို ရွေးချယ်ခဲ့တာ။ ကျွန်တော်က တက်ရောက်လာတဲ့ ပရိသတ်တွေကို ရည်မှန်းချက် ၁၈ ချက်ကို အသေးစိတ်တင်ပြခဲ့ပြီး အမေးအဖြေကဏ္ဍကို ကျင်းပခဲ့တယ်။

လက်ဖက်ရည်သောက်ဖို့ခေတ္တနားပြီး ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပခဲ့တယ်။ ဒေါက်တာထက်ဇော်လင်းနဲ့ ဒေါ်ခင်ခင်မှတ်က UNGC နဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြပြီး အဖွဲ့ဝင်ဖြစ်ဖို့ ဘယ်လိုဆောင်ရွက်ဖို့လိုတာကို တင်ပြပေးခဲ့တယ်။

နောက်ဆုံးအပိုင်းမှာတော့ စကားဝိုင်းတစ်ခုကိုလုပ်ခဲ့တယ်။ ဆရာဦးမာတင်ပန်းက ဦးဆောင်ခဲ့ပြီး ဆွေးနွေးသူတွေက ဒေါက်တာစန္ဒာထွန်း၊ ဒေါ်ဝင်းဝင်းတင့်၊ ဒေါ်မေမြတ်သူ၊ ရောဝတီဘဏ်ကဒုတိယစီမံအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လွှင်လွှင်ငြိမ်းနွယ်၊ အမ်အိုင်တီကုမ္ပဏီ (ဒါရိုက်တာ)နဲ့-မန္တလေးမြို့ နယူးစတားလိုက်ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မေရင်။ ပွဲကအလွန်လှပပါတယ်။ ဆွေးနွေးသူတွေအားလုံးက အမျိုးသမီးတွေ။ ဒါကြောင့်လည်း ပရိသတ်တွေရဲ့စိတ်ဝင်စားမှုအရှိန်က ပိုမြင့်ခဲ့တာ။ သူတို့တစ်တွေက သူတို့ဦးစီး စီမံတဲ့လုပ်ငန်းတွေမှာ ဆောင်ရွက်နေကြတဲ့ လူမှုရေးတာဝန်ကျေပွန်တဲ့ အစီမံတွေကို တင်ပြခဲ့ကြတယ်။ ဝေဝေဆာဆာပါပဲ။ ပရိသတ်တွေကလည်း စိတ်ဝင်တစား မေးခွန်းတွေမေးခဲ့ကြတယ်။ အဖြေတွေကလည်း ထိရောက်မှုရှိခဲ့တယ်။

မေးခွန်းတွေကို အစိုးရဝန်ထမ်းတွေက မေးကြတယ်။ သူတို့ရဲ့မေးခွန်းတွေနားထောင်ရင်း စိတ်ထဲမှာမကောင်းဖြစ်ခဲ့ပါတယ်။ အားလုံးဟာ စိတ်ဓာတ်ကျနေကြတယ်။ အနာဂတ်အတွက် စိုးရိမ်နေကြတယ်။ အလုပ်ထွက်ဖို့စဉ်းစားနေကြတယ်။ ဒီကိစ္စကို ဂရုစိုက်ဖို့လိုအပ်လှပါတယ်။ ကျွန်တော်ကိုယ်တိုင် ဝန်ထမ်းတစ်ဦးပါ။ ဝန်ထမ်းလောကကို နှစ်ပေါင်း ၄၀ ကျော်ဖြတ်သန်းခဲ့သူ။ ဝန်ထမ်းတစ်ဦးမှာစီးပွားရေးအရ မျှော်လင့်ချက်နည်းပေမယ့် အများအတွက် အလုပ်အကျွေးပြုနိုင်ခဲ့တာကို ဂုဏ်ယူခဲ့တယ်။ အလုပ်ပေါ်မှာစိတ်ဝင်စားခဲ့တယ်။ ဒါကြောင့် ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်မြင့်မားမှုအတွက် ဟောပြောပွဲတွေ လုပ်ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။

# မွေးမြူရေးလုပ်ငန်းနှင့် အခက်အခဲများ . . .

**သတင်းဆောင်းပါး- ကျော်သူဝင်း**
**ဓာတ်ပုံ- သက်ထက် — —**



မွေးမြူရေးလုပ်ငန်းရှင်များသည် ထုတ်လုပ်မှုစရိတ်နှင့် အခြားအစာ၊ စားကျက်မြေ၊ အလုပ်သမားရှားပါးမှုများအပြင် မြေနေရာပြဿနာများက မွေးမြူသူလုပ်ငန်းရှင်များအတွက် အဓိကပြဿနာတစ်ခုဖြစ်လာကြောင်း တပ်ကုန်းမြို့နယ် ကန်ကြီးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဇုန် ဥက္ကဋ္ဌ ဦးတင်မြိုင်ကပြောပြသည်။

တပ်ကုန်းမြို့နယ်တွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများအပြင် ရွှေမြို့မွေးမြူရေးဇုန်နှင့် ကန်ကြီးမွေးမြူရေးဇုန်အဖြစ် ဇုန်နှစ်ခုရှိပြီး ယင်းမွေးမြူရေးဇုန်များမှ နို့စားနွား၊ဒေသနွား၊ ဆိတ်၊ အသားတိုးကြက်နှင့် ဥစားကြက်များ မွေးမြူထားလျက်ရှိကြောင်း သိရသည်။

ကန်ကြီးမွေးမြူရေးဇုန်သည် တပ်ကုန်းမြို့၏ အရှေ့ဘက်ကန်ကြီးရွာနှင့် သပြေကုန်းရွာအနီး၌ တည်ရှိပြီး လုပ်ငန်းရှင် ၁၈ ဦးနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များဖြင့် နွား၊ ဆိတ်၊ ကြက်စသည့်မွေးမြူရေးလုပ်ငန်းများလည်ပတ်နေကြောင်း၊ နို့စားနွားအကောင် ၃၀၀၊ ဒေသနွားအကောင် ၃၀၀ နှင့် ကြက်ခြံတစ်ခြံလျှင် အကောင် ၃၀၀၀ နှုန်းဖြင့် ၅၇ ခြံမွေးမြူထားကြောင်း၊ အလုပ်သမားများအနေဖြင့် ကြက်ခြံ ၁၀ ခြံလျှင် အလုပ်သမား ၂၅ ဦးအထိထားရှိပြီး မွေးမြူရေးလုပ်ငန်းများ လည်ပတ်စေလျက်ရှိကြောင်း၊ အလုပ်သမားများကိုလည်းဥပ ဒေနှင့်အညီ လစာများပေးအပ်ထားကြောင်း၊ အဆိုပါ မွေးမြူရေးဇုန်တွင် နွားနို့ချက်စက်ရုံ၊ နို့မှထွက်ရှိသောပစ္စည်းများ ထုတ်လုပ်လျက်ရှိကာ ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ၎င်းကပြောပြသည်။

"ကျွန်တော်တို့ ကန်ကြီးမွေးမြူရေးဇုန်မှာ အခက်အခဲတွေကတော့ မြေနေရာပဲဖြစ်ပါတယ်၊ အရင် အစိုးရလက်ထက်က မြေလွတ်မြေရိုင်းတွေကို မွေးမြူရေးဝန်ကြီးဌာနက မွေးမြူရေးလုပ်ငန်းရှင်တွေကို မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် နေရာချထားပေးခဲ့ပါတယ်။ အစိုးရပြောင်းလာတော့ ပေါ်လစီပြောင်းနေတာမို့ မွေးမြူရေးလုပ်ငန်းရှင်တွေက လုပ်ငန်းတွေ မတိုးချဲ့တော့ဘဲ ပုံမှန်သာလုပ်နေကြတာကြောင့် ရွှေမြို့မွေးမြူရေးဇုန်နဲ့ ကန်ကြီးမွေးမြူရေးဇုန်တို့ဟာ တိုးတက်မှုနည်းတာဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းတွေမှာ မြေနေရာ ခိုင်မာမှုမရှိတဲ့အတွက် အဆောက်အအုံတိုးချဲ့တာတို့၊ လုပ်ငန်းတိုးချဲ့တာတို့ မပြုလုပ်တာကြောင့် မွေးမြူရေးလုပ်ငန်းဟာ အောင်မြင်သင့်သလောက် မအောင်မြင်တာပါ။

ဒီမှာက စတင်မွေးမြူချိန်မှ ရောင်းချိန်အထိလုပ်ငန်းစဉ်အဆင့်ဆင့်ရှိတာမို့ လုပ်ငန်းတစ်ခုက အရှုံးပေါ်နေရင် အဲဒီလုပ်ငန်းခွဲတစ်ခုကအမြတ်ရနေတော့ လုပ်ငန်းလည်ပတ်နေသေးပါတယ်။ ဥပမာ ကြက်မွေးမြူရေးလုပ်ငန်းဆိုရင် ကြက်စာ၊ ကြက်အူချောင်းစတဲ့ လုပ်ငန်းတွေ လုပ်ကိုင်နေတာကြောင့် ကြက်ဥဈေးတွေ၊ ကြက်သားဈေးတွေ ကျနေလည်း အဲဒီလုပ်ငန်းတွေကြောင့် အရှုံးကိုကာမိနေပါတယ်။ နွားမွေးမြူရေးမှာလည်း နွားနို့အပြင် နို့ချက်လုပ်ငန်း၊ ဒိန်ချဉ်၊ ဒိန်ခဲစတဲ့လုပ်ငန်းတွေတွဲလုပ်ထားတာကြောင့် ကန်ကြီးဇုန်မှာရှိတဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေ အရှုံးနည်းတာ ဖြစ်ပါတယ်။

နောက်တစ်ခုက မွေးမြူရေးလုပ်ငန်းရှင်က အဆင့်မြင့်နည်းပညာနဲ့ မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့ဖို့ စီစဉ်နေတာတွေရှိပါတယ်။ ကြက်မွေးမြူရေးလုပ်ငန်းက နွေရာသီမှာ ကြက်ဥပုံမှန်ထွက်ဖို့အတွက် အဲကွန်းတွေတပ်ဆင်ပြီး မွေးမြူသွားဖို့ရှိပါတယ်။ အခြားနည်းပညာတွေလည်းပြုလုပ်ဖို့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

နွားမွေးမြူရေးလုပ်ငန်းတွင် နွားများအတွက် စားကျက်မြေကေများစွာလိုအပ်ပြီး ယင်းမြေပေါ်တွင် နိုင်ငံခြားမြက်မျိုးများစိုက်ပျိုးနိုင်မှ ထုတ်လုပ်မှုလုပ်ငန်းများလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ပြည်ပမှဝင်ရောက်လာသည့် ကြက်သား၊ ကြက်ဥဈေးနှုန်းမှာ ပြည်တွင်းထက် ဈေးနှုန်းကြီးမြင့်နေခြင်းသည် နည်းပညာနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ အရင်းအနှီးစိုက်ထုတ်မှုနှင့် စိတ်ပါဝင်စားမှုများပေါ်တွင် များစွာတည်မှီနေကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် နည်းပညာများအသုံးပြုလာပါက အလုပ်သမားများစွာ အသုံးမပြုရသောကြောင့် အလုပ်သမားရှားပါးမှု ပြဿနာကိုလည်း တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာများဖြင့် လုပ်ကိုင်လာပါက ကုန်ထုတ်လုပ်မှုများ သွက်လက်မြန်ဆန်လာကာ အသားနှင့်ကြက်ဥများ ပြည်တွင်း ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း ဦးတင်မြိုင်၏ ပြောပြချက်အရ သိရသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာနည်းတူနည်းပညာများနှင့် မွေးမြူရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ လိုအပ်လျက်ရှိကြောင်း သိရသည်။

# ရေစကြိုမြို့နယ်တွင် မိုးရွာသွန်းမှုများလွန်းသဖြင့် ကြက်သွန်နီစိုက်ခင်းများပျက်စီးဆုံးရှုံး

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် အောက်တိုဘာလအတွင်း ယခင်နှစ်များထက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကြက်သွန်နီစိုက်ခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ကြက်သွန်နီများကို ကျွန်းထဲကျေးရွာများမှ စိုက်ပျိုးမှုများပြားသည်ဟုသိရပြီး အဆိုပါစိုက်ခင်းအများစုမှာ တစ်ဆက်တစ်စပ်တည်းစိုက်ခင်းများဖြစ်နေသဖြင့် မိုးရေများအား စိုက်ခင်းအပြင်ထုတ်ရန် အခက်အခဲရှိသောကြောင့် ပုလဲခာတ်မြေသြဇာများ ကြဲပက်ကြလျက်ရှိကြောင်း သိရသည်။

"ကြက်သွန်နီပျိုးဥတွေကို စိုက်ခင်းထဲချစိုက်ထားတာ တစ်လသားကျော်ကျော်ရှိပြီး အပင်က တစ်ပေလောက်ရှည်နေပါပြီ။ အခု ကြက်သွန်နီစိုက်ခင်းထဲ ရေတွေဝင်တော့ ကြက်သွန်နီဥတွေက ဥမဖြစ်တော့ဘဲ အပင်တွေပဲဖြစ်သွားပါတယ်။ အပင်အဖျားတွေလည်း ခြောက်နေပါတယ်။ တစ်ခင်းနဲ့တစ်ခင်း ဆက်နေတာဆိုတော့ ကိုယ့်စိုက်ခင်းကရေတွေကို ဖောက်ချလိုက်ရင် သူများအခင်းထဲရောက်မှာဆိုတော့ ဖောက်ချလို့မရဘူး။ ဒီတိုင်းလည်းပစ်မထားနိုင်တော့ အပင်အပူခာတ်ရအောင်လို့ ပုလဲခာတ်မြေသြဇာတွေ ပက်နေကြပါတယ်။ တချို့စိုက်ခင်းတွေက ပုလဲဘယ်လောက်ပက်ပက် ပြန်မကောင်းတော့ပါဘူး။ စိုက်ခင်းတစ်ခုလုံး မိုးရေထဲနစ်နေတော့ ဒီတိုင်းပဲပစ်ထားကြရပါတယ်"ဟု ကျွန်းထဲကျေးရွာတစ်ရွာဖြစ်သော ဂွက်ကြီးကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူဦးအောင်မြင့်က ပြောသည်။

ကြက်သွန်နီစိုက်တောင်သူအများစုသည် နှစ်စဉ်နှစ်တိုင်း ကြက်သွန်စိုက်ပျိုးချိန်များတွင် မိမိစိုက်ခင်းအတွင်း တင်သောရေများ အခြားစိုက်ခင်းများသို့ ရောက်ရှိမသွားစေရန် ကန်သင်းပေါင်များဖြင့် အခိုင်အမာပြုလုပ်ကာ ရေပိတ်လှောင်ထားကြလေ့ရှိသည်။ ယခုကဲ့သို့ စိုက်ခင်းအတွင်း မိုးရေဝင်ရောက်ချိန်များ၌ မိုးရေများကို စိုက်ခင်းအတွင်းမှ အပြင်မထွက်စေရန် သိုလှောင်ထားသကဲ့သို့ဖြစ်နေ၍ ကြက်သွန်နီပင်များအား ပိုမိုပျက်စီးစေလျက်ရှိသည်ဟု သိရသည်။

တစ်ဆက်တစ်စပ်တည်း မဟုတ်သော ကြက်သွန်နီစိုက်ခင်းများတွင်မူ ၎င်းတို့စိုက်ခင်းအတွင်း ဝင်ရောက်လျက်ရှိသော မိုးရေများကို ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ကြလျက်ရှိသည်ဟု သိရသည်။

ကြက်သွန်နီစိုက်ခင်း တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျသည်ဟုသိရပြီး ယခုအခါတွင် မိုးရွာသွန်းမှုများသောကြောင့် ကြက်သွန်နီစိုက်ခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိသဖြင့် ကြက်သွန်နီစိုက်တောင်သူများ စိုက်စရိတ်ဆုံးရှုံးရလျက်ရှိသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို) . . .**

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင် (AMIA)**
**ဓာတ်ပုံ - ကိုတင့် . . . .**

ယခု တစ်ပတ်အတွင်းမှာတော့ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းတွေက အတက်၊ အကျတွေနဲ့ လှုပ်ခတ်နေတာကို တွေ့ရပါတယ်။ သိသိသာသာကျဆင်းသွားတာကတော့ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့ မတ်ပဲ (FAQ/RC) ဖြစ်ပါတယ်။ နှမ်းရောင်စုံ ဈေးတွေကတော့ ဈေးအနည်းငယ်မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က ထူးထူးခြားခြား ဈေးမြင့်ခဲ့တဲ့ ကြက်သွန်နီတွေကတော့ ယခုတစ်ပတ်မှာ ဈေးပြန်ကျသွားတာကို တွေ့ရပါတယ်။ ဆန်ဈေးတွေကတော့ ဒီတစ်ပတ်လုံးမှာလည်း ပုံမှန်အတိုင်း တည်ငြိမ်နေပါတယ်။

**ပဲစင်းငုံနီ (RC)ဈေး သိသိသာသာကျဆင်း**

ယခုအပတ်မှာ တနင်္လာနေ့က ပဲစင်းငုံနီ (RC) တစ်တန် ငွေကျပ် ၁၀၁၀၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန် ငွေကျပ် ၉၃၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၈၀၀၀၀ ခန့် ကျဆင်းသွားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန် ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာ တွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC) ဈေး စံချိန်တင်ကျဆင်း**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ မတ်ပဲ (FAQ/RC) ကတော့ ယခုအပတ် တနင်္လာနေ့က ငွေကျပ် ၁၅၀၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၁၃၃၆၀၀၀ အထိ ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်းတစ်တန် ငွေကျပ် ၁၆၄၀၀၀ ခန့် ကျဆင်းသွားတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက မတ်ပဲ(FAQ/RC) တစ်တန် ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်းဈေး တည်ငြိမ်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ၁၀၅၀၀၀ အကြားမှာ အရောင်းအဝယ် ဖြစ်နေပါတယ်။



**နှမ်းရောင်စုံ ဈေးတက်**

နှမ်းရောင်စုံဈေးတွေကတော့ အခုအပတ်အတွင်းမှာ အနည်းငယ် မြင့်တက်လာတာကို တွေ့ရပါတယ်။ တနင်္လာနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၅၄၀၀၀ ရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၅၅၀၀၀ အထိ မြင့်တက်လာပါတယ်။ နှမ်းနက်ကတော့ ယခုအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၃၀၀၀၀ ရှိရာမှ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၃၅၀၀၀ အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

နှမ်းညိုက ယခုအပတ် တနင်္လာနေ့က တစ်အိတ်ကိုအမြင့်ဆုံးဈေး ငွေကျပ် ၈၁၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၇၅၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းဖြူကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၀၀၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၉၆၀၀၀ ကို ကျဆင်းသွားတာကို တွေ့ရပါတယ်။ ပန်းနှမ်းလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၇၈၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၇၈၀၀၀ ကို ကျဆင်းသွားတာကို တွေ့ရပါတယ်။

**ဆန်ဈေးနှုန်းတည်ငြိမ်**

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေး ဆန်တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၄၅၅၀၀၊ ညှော်မထဆန် တစ်အိတ် ငွေကျပ် ၁၈၅၀၀၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မြီးတိုးဆန်တစ်အိတ် ငွေကျပ် ၂၂၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၄၀၀၀၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၁၇၅၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။



**ကြက်သွန်နီဈေး ပြန်လည်ကျဆင်းလာ**

ပြီးခဲ့တဲ့ ရက်ပိုင်းက ရုတ်တရက် ဈေးမြင့်တက်ခဲ့တဲ့ ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူးနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ယခုတစ်ပတ် တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၄၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ်၁၇၀၀နဲ့ အရောင်းအဝယ် ရှိနေရာမှ ယခုတစ်ပတ်ရဲ့ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၃၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၂၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီ တစ်ပိဿာကို ငွေကျပ် ၁၀၀ ကနေ ငွေကျပ် ၄၅၀ ကြားအထိ ဈေးနှုန်းပြန်လည်ကျဆင်းလာတာဖြစ်ပါတယ်။

# ရေချို/ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် တရားဝင်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန**



ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့နိုင်ရန် ရေချို/ရေငန် ပုစွန်တိုးတက်ထုတ်လုပ်ရာတွင် ရာသီဥတုပြောင်းလဲခြင်းအပေါ် မွေးမြူနိုင်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော ကျွမ်းကျင်ပညာရှင်များနှင့် ခေတ်မီနည်းပညာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးအရမွေးမြူနိုင်သော ရေချိုပုစွန်မျိုးမှာ ရေချိုပုစွန်တုပ်ကြီး *(Macrobranchium rosembergii)* ဖြစ်ကြောင်း၊ အဆိုပါပုစွန်တုပ်ကြီးကို သိပ္ပံနည်းကျမွေးမြူခဲ့သော်လည်း ထွက်ရှိမှုနည်းသဖြင့် ငါးနှင့်ရောနှောမွေးမြူသောနည်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရေချိုပုစွန်တုပ်ကြီး မွေးမြူရေးလုပ်ငန်းနှင့် သားဖောက်လုပ်ငန်းသည် ဌာနနှင့် ပုဂ္ဂလိကတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရေချိုပုစွန်မျိုးအနေဖြင့် ကျားပုစွန် *(Penaeus monodon)* မွေးမြူခြင်းအားဖြင့် ၁၉၈၀ ပြည့်နှစ်တွင် သမားရိုးကျမွေးမြူ နည်းဖြင့် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် စတင်ခဲ့ကြောင်း၊ သဘာဝသားပေါက်များအား ရေထရက်များတွင် ရေတက်ချိန် ရေတံခါးများမှတစ်ဆင့် ကန်အတွင်းသို့ ဝင်ရောက်စေပြီးကန်ပြင်ဆင်ခြင်း၊ ငါးရိုင်းသတ်ခြင်း၊ မြေသြဇာထည့်သွင်းခြင်းနှင့် အစာကျွေးခြင်းများဆောင်ရွက်မှုမရှိကြောင်း စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောလားဖောဝါးထံမှသိရသည်။

"၂၀၀၀ ပြည့်နှစ်မှာ ဝန်ကြီးဌာနက ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ပုစွန်မွေးမြူရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလိုသူများကို အားပေးကူညီခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်က ပုစွန်တိုးတက်မွေးမြူထုတ်လုပ်ရေး အထူးအဖွဲ့ကို ဖွဲ့စည်းကာ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိပထမ သုံးနှစ်စီမံကိန်းကိုဆောင်ရွက်ခဲ့ပါတယ်။ ရေငန်ပုစွန်သမားရိုးကျ မွေးမြူနည်းနှင့်အတူ သိပ္ပံနည်းကျမွေးမြူရေးစနစ်ကို ဆောင်ရွက်လာကြပါတယ်။ ပုစွန်မွေးမြူရေးကန်များ တိုးတက်လာတာနဲ့အမျှ သားပေါက်လိုအပ်ချက် ပိုမိုလာခဲ့ပါတယ်။ ပြည်တွင်း ပုစွန်သားပေါက်များ ထုတ်လုပ်မှုမှာ မွေးမြူရေးကန်လိုအပ်ချက် ပိုမိုလာခဲ့ပါတယ်။ ပြည်တွင်းပုစွန်သားပေါက်များ ထုတ်လုပ်မှုမှာ မွေးမြူရေးကန် လိုအပ်ချက်ကို ပြည့်မီခြင်းမရှိသေးတဲ့အတွက် ပြည်ပနိုင်ငံတွေက တင်သွင်းလာခဲ့ရပါတယ်။ အဲဒီလိုအခြေအနေမှာ သားပေါက်တွေကနေ ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်တဲ့ White Spot Syndrome Virus (WSSV) ကူးစက်ဝင်ရောက်လာတဲ့အတွက် ပုစွန်မွေးမြူရေးလုပ်ငန်းမှာ တိုးတက်မှုနှောင့်နှေးခဲ့ပါတယ်" ဟု ၎င်းကပြောပြသည်။



**ပုစွန်မွေးမြူရေးကန်များ တိုးတက်လာတာနဲ့အမျှ သားပေါက်လိုအပ်ချက် ပိုမိုလာခဲ့ပါတယ်။ ပြည်တွင်း ပုစွန်သားပေါက်များ ထုတ်လုပ်မှုမှာ မွေးမြူရေးကန်လိုအပ်ချက် ပိုမိုလာခဲ့ပါတယ်**

ငါးလုပ်ငန်းဦးစီးဌာနနှင့် အရှေ့တောင်အာရှငါးလုပ်ငန်း ဖွံ့ဖြိုးရေးဗဟိုအဖွဲ့ (SEAFDECAQD)တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော ပုစွန်မွေးနည်းကို စမ်းသပ်အောင်မြင်ခဲ့ပြီး ပုစွန်မွေးမြူရေးအနေဖြင့် သမားရိုးကျမွေးမြူနည်း၊ ဖြည့်စွက်အစာ အနည်းငယ်ထည့်ကျွေး မွေးမြူနည်းနှင့် သိပ္ပံနည်းကျမွေးမြူနည်းစသည့် မွေးမြူနည်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"၂၀၁၃ခုနှစ်ဖေဖော်ဝါရီလက ရေချိုပုစွန်တုပ်ကြီးသားပေါက်ထုတ်လုပ်ခြင်းလုပ်ငန်းမှာ သားလောင်းများ(အဆင့် ၅-၆)မှာကောင်ရေ သန်း ၅၀ လောက် သေဆုံးမှုမြင့်မားစွာကြုံတွေ့ခဲ့ရပြီး ငါးလုပ်ငန်းဦးစီးဌာန ငါးရောဂါရှာဖွေခြင်း ဓာတ်ခွဲခန်းနဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်းက ARIZONA University Laboratory မှာ ရောဂါရှာဖွေခဲ့သော်လည်း ရောဂါမတွေ့ရှိခဲ့ပါဘူး။ မျိုးပုစွန်တွေ ကျန်းမာမှုအားနည်းတဲ့အတွက်ကြောင့် သားပေါက်များရှင်သန်မှု နည်းခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။ ရေငန်ပုစွန်သားဖောက်လုပ်ငန်းမှာလည်း ရေအနက်မီတာ ၆၀ ကနေ ၈၀ အကြားမိတ်လိုက်ရာသီကနေ သားဥတွေကမ်းခြေကို ရွေ့လျားရင်း ဒီရေတောများမှာ သားပေါက်များစားသောက်ကြီးပြင်းကြပြီး ၂ဒသမ ၅ လက်မ အရွယ်ခန့်မှာ ရေနက်ပိုင်းကိုတစ်စ တစ်စပြန်လေ့ရှိတဲ့ ပုစွန်သဘာဝဖြစ်တာကြောင့် သမားရိုးကျမွေးနည်းမှာပင်လယ်ပြင်ကို ပုစွန်များ ပြန်လည်ကြီးထွားမျိုးပွားရန် အခွင့်အလမ်းပိတ်ပင်ရာရောက်တဲ့အတွက် မျိုးပုစွန်များ ဖမ်းဆီးရရှိမှုနည်းလာပြီး ပုစွန်သားပေါက် ထုတ်လုပ်မှု တဖြည်းဖြည်းကျဆင်းလာပါတယ်"ဟု၎င်းကပြောသည်။

ပုစွန်ဖြူ *(Penaeus vannamei)* မွေးမြူခြင်းသည် အကျိုးအမြတ်များစွာရရှိသော်လည်း (Taura Syndrome Virus) ကြောင့် အခြားပုစွန်မွေးမြူရေးလုပ်ငန်းများကို ထိခိုက်နိုင်ပြီး ၂၀၀၅ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပသော ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲမှ ခိုင်လုံသောအထောက်အထားဖြင့် ပုစွန်ဖြူသားပေါက်များ ပြည်ပမှတင်သွင်း၍ မွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ပုစွန်ဖြူသားပေါက်များတင်သွင်း၍ ပုစွန်ဖြူမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်းနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သော ပြည့်ဖြိုးထွန်း၊ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်တွင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို သိပ္ပံနည်းကျခေတ်မီနည်းစနစ်များအသုံးပြုကာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပွင့်လင်းမြင်သာတဲ့ဈေးကွက်စီးပွားရေးစနစ်ဆောင်ရွက်လျက်ရှိရာမှာ အခုအချိန်ဟာ ရေချို/ရေငန်ပုစွန်မွေးမြူနိုင်ရန် ရင်းနှီးဆောင်ရွက်တဲ့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ ရင်းနှီး မြှုပ်နှံလိုသူတွေကို အကူအညီပေးဖို့လည်း ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ အသင့်ရှိနေပါတယ်။ ရေချို/ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် တရားဝင်ရင်းနှီးမြှုပ်နှံလိုသူတိုင်းကို ကြိုဆိုလျက်ရှိပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

# ပြည်တွင်းဆန်ဈေးတည်ငြိမ်စေရန် သုံးလစီမံချက်ဖြင့် ဆောင်ရွက်မည်

**ကေဇူး (AMIA)**
**ဓာတ်ပုံ-ဟန်စော . . . .**

လတ်တလော ကျဆင်းနေသော ဆန်ဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာစေရန် သုံးလစီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က "စပါးဈေးကျတဲ့အတွက် တောင်သူလယ်သမားဥပဒေအရပဲ လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ဦးဆောင်အဖွဲ့ကိုတင်ပြပြီး ဘယ်လိုနည်းလမ်းနဲ့ ဝယ်မယ်ဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ညှိနှိုင်းနေတယ်။ ဘယ်လိုနည်းလမ်းနဲ့ ဝယ်မယ်ဆိုတာကိုတော့ ဦးဆောင်အဖွဲ့ကို တင်ပြပြီးမှ နိုင်ငံတော်ဘတ်ဂျက်ကို ဘယ်လိုယူရမလဲဆိုတာ ဆက်လက်ဆောင်ရွက်ရမှာပါ"ဟု ပြောသည်။



ပြည်တွင်း ဆန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အဆိုပါဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ တွေ့ဆုံညှိနှိုင်းပြီးနောက် ပြည်နယ်/တိုင်းဒေသကြီးအလိုက် အရန်ဆန်များ ဝယ်ယူရေး၊ ပြည်ပနိုင်ငံများနှင့် အစိုးရချင်း သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ရေး စသည့်အချက်အချို့ကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက "ဈေးနှုန်းကတော့ အခုလိုလုပ်ပေးရင်တော့ ပြန်ပြီးတော့ တည်ငြိမ်သွားမှာပါ။ ဘယ်သူပဲဝယ်ဝယ် ဝယ်မယ့်သူရှိရင်တော့ ဈေးနှုန်းကပြန်ပြီးတော့ တက်လာမှာပါပဲ"ဟု ပြောသည်။ လက်ရှိ ဆန်စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ငွေကျပ် သုံးသိန်းခွဲဝန်းကျင်ဖြစ်သည်။ ယခု နိုဝင်ဘာလမှစ၍ စပါးအသစ်များလည်း စတင်ပေါ်လာမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

# ပဲတီစိမ်းစိုက်တောင်သူများ အခြားသီးနှံပြောင်းလဲစိုက်ပျိုးမည့်အပေါ် စိုးရိမ်ကြောင်း ထုတ်ပြန်

**ကေဇူး (AMIA) . . . .**

ပဲတီစိမ်း စိုက်တောင်သူများမှာ ဈေးနှုန်း တွက်ခြေမကိုက်၍ မတ်ပဲနှင့် အခြား သီးနှံများ ပြောင်းလဲစိုက်ပျိုးမည့်အပေါ် စိုးရိမ်မှုရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက ထုတ်ပြန်လိုက်သည်။

ဈေးကွက်သဘောတရားအရ ပဲတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးပါက ပဲပေါ်ချိန်တွင် ရောင်းလိုအားများနေပြီး ဝယ်လိုအားလျော့ကျကာ ဈေးနှုန်းများလည်း ကျဆင်းနိုင်ကြောင်း ပဲကုန်သည်များက ပြောသည်။

မြန်မာနိုင်ငံမှ အရည်အသွေးမီ ပဲတီစိမ်း(ရွှေဝါ)ကို ဂျပန်၊ ကိုရီးယားနှင့် ဥရောပနိုင်ငံအချို့က ဝယ်ယူပြီး မတ်ပဲမှာ အိန္ဒိယနိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ အားထားနေရကြောင်း၊ ထို့ကြောင့် မတ်ပဲတစ်မျိုးတည်းကိုသာ အဓိကထားပြီး စိုက်ပျိုးပါက ဈေးကွက်အနေအထားအရလည်း စိုးရိမ်စရာဖြစ်နေကြောင်း မြန်မာနိုင်ငံပဲ၊ နှမ်းလုပ်ငန်းရှင်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

ယမန်နှစ် ပဲစိုက်ရာသီချိန်တွင် ရာသီဥတုဖောက်ပြန်ကာ ပဲတီစိမ်းအရည်အသွေးများလျော့ကျပြီး ဈေးနှုန်းကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် အရှုံးပေါ်ခဲ့၍ ယခုနှစ်တွင် မတ်ပဲကို ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း ပဲစိုက်တောင်သူများထံမှ သိရသည်။

# ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ

**သတင်း-ဒေးဒေးဖိုး**

**ဓာတ်ပုံ- နားကား**



ချဉ်ပေါင်ဖာလာပင်များသည် ကရင်ပြည်နယ်အတွင်း သံတောင်ကြီးမြို့နယ်၊ ဖာပွန်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဘားအံမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တို့တွင် နေရာအနှံ့အပြား ပေါက်ရောက်သည်။ ပင်လယ်ရေပြင်အထက် ပေ ၃၀၀၀ ကျော်ပါက ပေါက်ရောက်မှု နည်းသွားကြောင်း တွေ့ရသည်။ သဘာဝတောများအတွင်းရှိ အမြဲစိမ်းသစ်တောများတွင် အောက်ပေါင်းပင်အဖြစ် သဘာဝအလျောက် ပေါက်ရောက်သည်။ ယခုအခါဈေးကွက်စီးပွားရေးအရ ဝယ်ယူသူများပြားသောကြောင့် ဒေသခံခြံပိုင်ရှင်များ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ဖာလာပင်တစ်နှစ်သား ပျိုးပင်များကို (၂ × ၂) ပေ ပန္နက်ဖြင့် စိုက်ပျိုးသည်။ နောက်တစ်နှစ် မိုးနှောင်းပိုင်းတွင် အသီးစတင်သီးသည်။ နှစ်ချင်းပေါက်ပင်ငယ်များကို (၆ × ၆) ပေ ပန္နက်ဖြင့် စိုက်ပျိုးသည်။ နှစ်နှစ်အကြာတွင် အသီးစတင်သီးသည်။ အရိပ်များလွန်း၊ အုပ်ဆိုင်းလွန်းပါက အပင်သေတတ်သကဲ့သို့ အလင်းရောင်ကျရောက်မှုများလွန်းပါကလည်း အပင်သေတတ်သည်။ အသီးစတင်သီးသည့် အချိန်တွင် ဆီးသီးအရွယ်ခန့်ရှိပြီး အစိမ်းရောင်ရှိသည်။ နှစ်စဉ်သြဂုတ်လနှင့် စက်တင်ဘာလတွင် စတင်ခူးဆွတ်သည်။ ချဉ်ပေါင်ဖာလာသီးများသည် အမြစ်မှ မြေပြင်ပေါ်တွင် ဖျာခင်းထားသကဲ့သို့ သီးပြီးတစ်ခိုင်လျှင် ခုနစ်လုံး၊ ရှစ်လုံးခန့်ရှိသည်။ ပူစပ်သောဂုဏ်သတ္တိရှိသည်။ အသီးခိုင်ကို လက်နှင့်ဆွဲနုတ်၍သော်လည်းကောင်း၊ ဓားဖြင့်ဖြတ်၍သော်လည်းကောင်း ခူးဆွတ်ရသည်။ သုံးနှစ်ခန့်သီးပြီးသော အပင်များသည် သီးထွက်နှုန်း ကျဆင်းလာသဖြင့် အပင်ငယ်များ ပိုမိုပွားလာစေရန် အသီးခူးဆွတ်ချိန်တွင် ပင်အို၊ ပင်ဟောင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ပြုလုပ်ပေးရသည်။

ခူးဆွတ်ပြီး ချဉ်ပေါင်ဖာလာသီးများကို နေပူတွင် ဖြန့်လှန်းပြီး အခြောက်ခံရသည်။ အကယ်၍ နေရောင်မရရှိပါက မီးဖိုပေါ်တွင် ချဉ်ပေါင်ဖာလာမီးကင်သော သံဆန်ခါဖြင့် မီးကင်ရသည်။ အသီးခြောက်ပါက အညိုရောင်သို့ အရောင်ပြောင်းသွားသည်။ ချဉ်ပေါင်ဖာလာသီးများကို အခွံအုပ်အနေဖြင့်သော်လည်းကောင်း၊ အခွံခွာပြီး အတွင်းမှ ချဉ်ပေါင်ဖာလာစေ့ကိုလည်းကောင်း အရောင်းအဝယ် ပြုလုပ်ကြသည်။

ချဉ်ပေါင်ဖာလာပင်သည် အရိပ်ခိုပင်မျိုးဖြစ်သောကြောင့် ရွှေ့ပြောင်းတောင်ယာကဲ့သို့ သဘာဝတောများကို ခုတ်ထွင်ရှင်းလင်းရန် မလိုအပ်ပါ။ အခြားသော အောက်ပေါင်းပင်များကို ရှင်းလင်းပြီး စိုက်ပျိုးသောကြောင့် မြေဆီလွှာ ကာကွယ်မှုဖြစ်စေပါသည်။ ချဉ်ပေါင်ဖာလာ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သဘာဝတောများကို တိုးပွားစေရန် အလိုအလျောက် ထိန်းသိမ်းကာကွယ်ပြီးဖြစ်ပါသည်။ ချဉ်ပေါင်ဖာလာပင်ငယ်များသည် အမြစ်ပွားများမှ ထွက်သဖြင့် မြေဆီလွှာထိန်းသိမ်းထားနိုင်ပါသည်။ မိုးရွာလျှင် မြေဆီလွှာပေါ်သို့ မိုးစက်များ တိုက်ရိုက်မကျရောက်နိုင်ခြင်းကြောင့် မိုးရေတိုက်စားမှုကို အကာအကွယ်ရနိုင်သဖြင့် တောင်စောင်းများ မြေပြိုခြင်းကိုလည်း သဘာဝအလျောက် ထိန်းသိမ်းကာကွယ်ပြီးဖြစ်ပါသည်။

ချဉ်ပေါင်ဖာလာသည် ဒဏ်ကြေဆေး၊ အစာအိမ်ဆေး၊ သလိပ်ကြေဆေး၊ ဟင်းခတ်အမွှေးအကြိုင် စသည်ဖြင့် အသုံးပြုကြသည်။ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ သံတောင်မြို့၊ လိပ်သိုမြို့နယ်ခွဲ၊ ဘောဂလိမြို့နယ်ခွဲနှင့် ယာဒိုဒေသများမှ ထွက်ရှိသော ချဉ်ပေါင်ဖာလာသီးများကို တောင်ငူမြို့ရှိ ချဉ်ပေါင်ဖာလာပွဲရုံများသို့ အောက်တိုဘာလမှ စတင်၍ တင်ပို့ရောင်းချကြသည်။ ချဉ်ပေါင်ဖာလာသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၅၄) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များကောက်ခံရမည့် အခွန်အခများ ဇယား (၅) အမှတ်စဉ် ၁၂ (ခ) တွင် အသေးစား သစ်တောထွက်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ကောက်ခံရသည့် အခွန်အခများကို တိုင်းဒေသကြီး (သို့) ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဟု ဖော်ပြထားသောကြောင့် သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ချဉ်ပေါင်ဖာလာတစ်ပိဿာလျှင် ငွေကျပ် ၂၅၀ ဖြင့် စိုက်ပျိုးထုတ်လုပ်ခွန် ကောက်ခံသည်။ လိပ်သိုမြို့နယ်ခွဲရှိ ခြံပိုင်ရှင်တစ်ဦးက "ချဉ်ပေါင်ဖာလာပင်ဆိုတာ သစ်တောကြိုးဝိုင်းထဲက ထွက်ရှိတာ မဟုတ်ဘူး။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေ စိုက်ပျိုးထားတာဖြစ်တဲ့အတွက် သစ်တောခွန်မကောက်သင့်ဘူး" ဟု ပြောသည်။ တောင်ငူမြို့ ချဉ်ပေါင်ဖာလာပွဲရုံ လုပ်ငန်းရှင်တစ်ဦးကလည်း ၂၀၁၆ ပြည်ထောင်စု အခွန်အကောက် ဥပဒေပုဒ်မ (၁၄) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ (၆) အရ အသေးစားသစ်တောထွက်ပစ္စည်း ချဉ်ပေါင်ဖာလာအပါအဝင် သက်ငယ်၊ ဓနိ၊ တောင်ထန်း၊ သနပ်ခါး၊ ကြိမ်၊ ပျားရည်၊ ပျားဖယောင်း၊ ချိပ် စသည်တို့ကို ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရဟု ပါရှိသည့်အတွက် အခွန်မဆောင်သင့်ကြောင်း ပြောသည်။

ချဉ်ပေါင်ဖာလာသီးများကို မန္တလေး၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ တင်ပို့ရောင်းချပြီး တရုတ်နိုင်ငံ ချဉ်ပေါင်ဖာလာဝယ်သော ကုမ္ပဏီများမှ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ တရုတ်လူမျိုးကုန်သည်များ တောင်ငူမြို့ပွဲရုံများတွင် လာရောက်ဝယ်ယူကြသည်။ ၂၀၁၆ ခုနှစ် ချဉ်ပေါင်ဖာလာရာသီတွင် ရာသီဥတုပူပြင်းသောကြောင့် အထွက်နှုန်း ယခင်နှစ်ထက်နည်းကြောင်း ဒေသခံခြံပိုင်ရှင်များက ပြောသည်။ ဈေးနှုန်းအနေအထားအရ တရုတ်နိုင်ငံမှ ဖာလာကုန်များသည် ဖာလာသီးအခွံပါ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ အခွံခွာပြီး တစ်ပိဿာလျှင်ငွေကျပ် ၂၆၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူကြပြီး အထွက်နှုန်းနည်း သောကြောင့် ဝယ်လိုအားများကြောင်း သိရသည်။ ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိသည်။

ချဉ်ပေါင်ဖာလာသီးများကို တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံများမှ ဝယ်လိုအားများသောကြောင့် ဒေသခံဖာလာခြံပိုင်ရှင် တိုင်းရင်းသားများသည် မိမိတို့ပိုင်ခြံမြေများတွင် ဒေသထွက် အခြားသီးနှံများထက် တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

# ရှမ်းပြည်တောင်ပိုင်းရှိ မြေကေသုံးရာကျော်တွင် ဘိန်းအစားထိုး လက်ဖက်စိုက်ပျိုးရန် စီစဉ်

**ကေဇူး (AMIA)၊ ဓာတ်ပုံ-ဟန်စော**

ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်သော ရပ်စောက်၊ ပင်းတယနှင့် ပင်လောင်းမြို့နယ်များရှိ မြေကေသုံးရာကျော်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် လက်ဖက်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လက်ဖက်အသင်းမှ ဥက္ကဋ္ဌ ဦးမောင်နက "ဘိန်းအစားထိုး လက်ဖက်စိုက်ပျိုးရေးကို ဂျာမနီ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (GIZ ) အကူအညီနဲ့ လွန်ခဲ့တဲ့ သုံး နှစ်ကစတင်ပြီး အကောင်အထည်ဖော်ခဲ့တာပါ။ လတ်တလော မှာ ကေ ၁၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု ပြောသည်။

ဘိန်းအစားထိုးသီးနှံ ဖွံ့ဖြိုးရေးအတွက် လက်ဖက်အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကို ပူးတွဲလုပ်ကိုင်နေပြီး အရည်အသွေးမြင့်လက်ဖက်စက်ရုံများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။





# မကြာခဏ အခါမဲ့မိုးရွာသွန်းနေသဖြင့် စပါးများရိတ်သိမ်းရန်ခက်ခဲပြီး မတ်ပဲများ စိုက်ပျိုးရန်နောက်ကျနိုင်

**ဖြူးမြင့်ဦး**

ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူခရိုင် ရှစ်မြို့နယ်အတွင်း ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းရာသီစိုက် မတ်ပဲ အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခု ၂၀၁၆ ခုနှစ် မိုးစပါးများကို ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားများက သတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်း စိုက်ကေ ၁၅၁၄၅၄ ကေ စိုက်ပျိုးခဲ့ကြသည်။ မိုးစပါးစိုက်ခင်းများမှာ အောက်တိုဘာလ နောက်ဆုံးပတ်မှ စတင်၍ ရင့်မှည့်နေကြပြီဖြစ်၍ ရိတ်သိမ်းရန် ပြင်ဆင်နေကြသော်လည်း ယခုရက်ပိုင်းတွင် အခါမဲ့မိုးက တစ်ပတ်နှစ်ကြိမ်ခန့် ရွာသွန်းလျက်ရှိနေသဖြင့် စပါးရိတ်သိမ်းရန် အခက်အခဲရှိနေကြသည်။ အခါမဲ့မိုးရွာသွန်းမှုကြောင့် စပါးအထွက်နှုန်းလျော့မည်ကို တောင်သူလယ်သမားများ စိုးရိမ်နေကြသည်။

ထို့ပြင် နိုင်ငံခြားဈေးကွက်ဝင် ဆောင်းရာသီစိုက် မတ်ပဲများကို နှစ်စဉ် ကေတစ်သိန်းကျော် စိုက်ပျိုးခဲ့ကြသည်။ ယခု ၂၀၁၆ - ၂၀၁၇ ခုနှစ် မတ်ပဲစိုက်ရာသီတွင်လည်း မတ်ပဲစိုက်ကေ ၁၀၄၅၅၀ စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အခါမဲ့ မိုးရွာသွန်းလျက်ရှိသဖြင့် လယ်သမားများမှာ စပါးရိတ်သိမ်းမှု နောက်ကျနေကြသဖြင့် မတ်ပဲစိုက်ပျိုးမှုနောက်ကျပြီး ပဲအထွက်နှုန်းလျော့မည်ကို စိုးရိမ်လျက်ရှိနေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

# ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ပင်ပြန့်မြေပဲမျိုးများ တိုးချဲ့စိုက်ပျိုးလာ

**မျိုးဝင်းထွန်း (မုံရွာ)**
**ဓာတ်ပုံ- ကိုတင့်**

မိုးမြေပဲအများဆုံးစိုက်ပျိုးသော စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ပင်ပြန့်မြေပဲမျိုးများ တိုးချဲ့စိုက်ပျိုးလာခြင်းနှင့် မိုးလယ်ကာလ မိုးရွာသွန်းမှုကောင်းခြင်းကြောင့် စကမြေပဲအဖြစ် ပြောင်းလဲစိုက်ပျိုးလာခြင်းကြောင့် လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပင်ပိုင်းဆိုင်ရာ ကြီးထွားချိန်ဖြစ်တဲ့ ဇူလိုင်လမှာ မိုးရွာသွန်းတာပိုခဲ့တဲ့အတွက် ရေကြီးနစ်မြုပ်သီးနှံတွေပျက်စီးခဲ့ပြီး ရိတ်သိမ်းကတွေ လျော့နည်းခဲ့ရတယ်။ မိုးမြေပဲအထွက်နှုန်း အဓိကလျော့နည်းတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေထဲမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေနဲ့အတူ စစ်ကိုင်းတိုင်းဒေသကြီးလည်း ပါဝင်ပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

ဆောင်းမြေပဲအထွက်နှုန်း အဓိကလျော့နည်းသောဒေသများတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အပြင် စစ်ကိုင်းတိုင်းဒေသကြီးလည်းပါဝင်ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ ဧရာဝတီမြစ်ရေ ရုတ်တရက်တိုးမြင့်လာခြင်းကြောင့် ကသာခရိုင်အတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် စိုက်ပျိုးထားသော မြေပဲခင်းများရေတိုက်စားမှုကြောင့် အပင်များကျွတ်ပါသွားခြင်း၊ နုန်းထူထပ်စွာ ဖုံးလွှမ်းသွားသည့်အတွက် အပင်များ လုံးဝမြုပ်သွားသည့်အပြင် ရေလုံးဝထုတ်၍မရသော ရေဝပ်ဧရိယာများတွင် ပါဝင်သောကြောင့် စိုက်ကေများ လျော့နည်းကာ အထွက်နှုန်းလျော့နည်းရခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ရာသီဥတုပြောင်းလဲလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံစိုက်ပျိုးရာတွင် စိုက်ချိန်မှန်ကန်မှုမရှိသည့်အပြင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ မိုးပြတ်တောက်၍ အစိုဓာတ်မလုံလောက်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ ပန်းပွင့်ချိန် မိုးကြီး၍ သန္ဓေမအောင်ခြင်း၊ အစေ့အဆန်ဖြစ်ထွန်းမှုအားနည်းခြင်း စသည့် အခြေအနေများ ကြုံတွေ့နေရကြောင်း သိရသည်။

ရာသီအလိုက် စိုက်ချိန်မှန်ကန်မှုသည် အထွက်ကို များစွာအကျိုးသက်ရောက်မှုရှိခြင်းကြောင့် လိုအပ်ပါက ဒေသအလိုက် ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်၍ စိုက်ချိန်နှင့်သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးနိုင်ရန် ဒေသအလိုက် သီးနှံပုံစံ စမ်းသပ်ကွက်များ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များကို အကျိုးဆောင်တောင်သူများနှင့် စဉ်ဆက်မပြတ်စမ်းသပ်ဆောင်ရွက်သင့်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးတာဝန်ရှိသူက အကြံပြုထားသည်။



# မြန်မာထွက်ဖရဲသီးများ ဈေးနှုန်းကျဆင်းပြီး အရောင်းအဝယ်မဖြစ်သောကြောင့် ဒေသခံပြည်သူများထံအခမဲ့ပေးဝေ

**သတင်းဓာတ်ပုံ -သန့်ဇင် (မူဆယ်)**



**မူဆယ် နိုဝင်ဘာ ၆**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)ကုန်သွယ်ရေးဇုန်အတွင်း၌ မြန်မာထွက်ဖရဲသီးများ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်မဖြစ်သောကြောင့် နိုဝင်ဘာ ၄ ရက်က 3 Star သစ်သီးပွဲရုံမှ အများပြည်သူများ စားသုံးရန်အတွက် ရပ်ကွက်ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ စာသင်ကျောင်း၊ လမ်းသွားလမ်းလာသူများနှင့် ရပ်ကွက်ကျေးရွာနေအိမ်များသို့ အခမဲ့လှူဒါန်းခဲ့သည်။

မူဆယ်နယ်စပ် တရုတ်နိုင်ငံသို့ မြန်မာအနယ်နယ်အရပ်ရပ်မှ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိသော မြန်မာထွက် ဖရဲသီးများသည် ယခုရက်ပိုင်းအတွင်း ဈေးနှုန်းသိသိသာသာ ကျဆင်းသွားသောကြောင့် ဖရဲကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကားဆရာများ၊ အရှုံးနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ ဖရဲဈေးနှုန်းကျဆင်းရခြင်းမှာ တရုတ်နိုင်ငံမှ ဖရဲသီးများ ယခင်နှစ်ထက်ပိုမို စိုက်ပျိုးလာမှုကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံမှ ကုန်သည်များ၏ သတ်မှတ်ထားသည့် အရည်အသွေးမမီသောကြောင့်လည်းကောင်း၊ မြန်မာပြည်အတွင်း မိုးများသောကြောင့်လည်းကောင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတွင်း မြန်မာထွက်ဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရသော ဈေးနှုန်းမှာ ၁၀ ဘီး ယာဉ်တစ်စီးလျှင် တရုတ်ယွမ်ငွေ ၁၀၀၀ ခန့်သာရရှိပြီး မြန်မာငွေအနေနှင့် ၁၈၀၀၀၀ သာ ရရှိသောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ရန် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သည် ယခင်နှစ်တွင် ဖရဲသီးယာဉ်များ အလုအယက် ဝင်ရောက်ရောင်းချမှုများရှိသောကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုရက်ပိုင်းတွင် ဖရဲသီးယာဉ်များဈေးမရရှိသဖြင့် ကုန်သွယ်ရေးဇုန်အတွင်း ဖရဲယာဉ်များ အဝင်နည်းကာ ယာဉ်ကြောရှင်းလင်းမှုရှိသော်လည်း ကုန်သွယ်ရေးဇုန်အနေဖြင့် ကုန်သွယ်မှုပမာဏ သိသာစွာကျဆင်းခဲ့ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အတွင်းသို့ နှစ်စဉ်စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဖရဲသီးယာဉ်များ စည်ကားပြီး ဒေသခံဈေးရောင်းစားကြသူများလည်း အရောင်းဖြစ်ကြသလို ယခုနှစ်တွင် ဖရဲသီးဈေးကျပြီး ဖရဲသီးယာဉ်များ အဝင်နည်းလာသောကြောင့် မူဆယ်ဒေသအတွင်းရှိ ဈေးဆိုင်များလည်း အရောင်းအဝယ် သိသာစွာ ကျဆင်းခဲ့ကြောင်း သိရသည်။

# ပြင်ဦးလွင် စပျစ်သီးနှင့် စပျစ်ဝိုင်လုပ်ငန်းများအား နယ်သာလန်နိုင်ငံမှ သင်တန်းပေး

**ပြင်ဦးလွင် နိုဝင်ဘာ ၆**
စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနသည် PUM Netherlands Experts အဖွဲ့နှင့် ပြင်ဦးလွင်မြို့ရှိ စပျစ်သီး စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အရည်အသွေးကောင်းမွန်သည့် စပျစ်သီး၊ စပျစ်ဝိုင် ထုတ်လုပ်သည့် နည်းပညာများကို သင်တန်းပေးခဲ့ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံမှ PUM Netherlands Experts အဖွဲ့သည် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြင်ဦးလွင်မြို့ရှိ စပျစ်သီးစိုက်ပျိုးထုတ်လုပ်သူများ၊ စပျစ်လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)မြမာလာရပ်ရှိ စိုးစံကုမ္ပဏီလီမိတက်တွင် သင်တန်းပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ပြီး နယ်သာလန်နိုင်ငံမှ Grape Experts ဖြစ်သူ Dr.Anne Westen Dorp က စပျစ်ပင်ဖြစ်ထွန်းရန် စနစ်တကျ စိုက်ပျိုးပုံအဆင့်ဆင့်၊ စပျစ်ဝိုင်အား အရည်အသွေးကောင်းမွန်သည့်ဝိုင်အဖြစ် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို စာတွေ့လက်တွေ့ ပို့ချခဲ့ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# အပူပိုင်းဇုန်ဒေသများတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၆**
မြန်မာနိုင်ငံတွင် တောင်သူများ စိုက်ပျိုးလျက်ရှိသော သီးနှံများအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထိုသို့ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားစေရန် ပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဇုန်ဒေသများတွင် ACAIR Project အစီအစဉ်ဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဆွေးနွေးခဲ့ကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒေါက်တာဒေါ်စန်းစန်းရီမှ ACAIR Project သည် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာများကို အသုံးချပြီး စိုက်ပျိုးထုတ်လုပ်ရာတွင် ဝန်ထမ်းနှင့် တောင်သူပူးပေါင်းပြီး တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်နည်းများအစား ခေတ်မီစိုက်ပျိုးပညာများကို တိုးချဲ့ဆောင်ရွက်နိုင်မှသာ ပြည်ပဈေးကွက်ဝင် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**တင်မောင်-မန်းကိုယ်ပွား**

# ရေကြီးနစ်မြုပ်သော ငါးကန်များအတွက် ငါးမျိုးများပေးအပ်

**မင်းလှ နိုဝင်ဘာ ၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်သည့် ငါးမွေးကန်များကို ငါးမျိုးနှင့်ငါးသားပေါက်များထောက်ပံ့ခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ငါးမျိုးပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်တို့က အမှာစကားပြောကြားပြီး ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့ရသော ငါးမွေးကန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုကို တိုင်းဒေသကြီးရှိ ဌာနပိုင်ငါးလုပ်ငန်းစခန်းများမှ မျိုးငါးနှင့်ငါးသားပေါက်များ ဖြန့်ဖြူးနိုင်ရေးအတွက် မင်းလှမြို့နယ်မှငါးကန်ပိုင်ရှင်များအား ငါးသားပေါက်ငါးခုံးမကောင်ရေ ၄၅၄၉၆၅ ကောင်၊ မိုးညိုမြို့နယ် ငါးကန်ပိုင်ရှင်များအား ငါးသားပေါက် ငါးခုံးမကောင်ရေ ၁၄၅၅၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မြောင်းမြမြို့ မြမာလာပန်းခြံ ပြည်သူများအပန်းဖြေနေရာအဖြစ် အဆင့်မြှင့်မည်

**မြောင်းမြ နိုဝင်ဘာ ၆**

မြောင်းမြမြို့ကမ်းနားရှိ မြမာလာပန်းခြံကို ပြည်သူများ အနားယူအပန်းဖြေရာ Public Area အဖြစ် ပြန်လည်၍ အဆင့်မြှင့်တင်ပြုပြင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းက ပြောကြားသည်။

နိုဝင်ဘာ ၄ ရက်က ပြုလုပ်သော ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တွေ့ဆုံပွဲ၌ အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မြောင်းမြမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ကလည်း မြမာလာပန်းခြံ ပြန်လည်ပြုပြင်မွမ်းမံမည့် အစီအစဉ်များ၊ ပန်းခြံရှိဆိုင်ခန်းများကို မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ရန် အစီအမံများကို ရှင်းလင်းပြသခဲ့ပြီး မြို့မိမြို့ဖများနှင့် ပန်းခြံရှေ့ရှိ ဆိုင်ခန်းပိုင်ရှင်များကလည်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မြမာလာပန်းခြံ အဆင့်မြှင့်တင်ပြုပြင်ခြင်းကို မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးရန်ပုံငွေမှ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်ခန်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကြေးလုပ်ငန်းများ၌ မည်သည့်ပါဝင်ပတ်သက်မှုမျိုးမှ ပြုလုပ်မည်မဟုတ်ဘဲ မိမိကော်မတီအလိုက်သာ ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ Public Area အဖြစ် ဆောင်ရွက်မှုတွင် မြေပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြစ်ဘက်ကမ်း လက်ရမ်းများကာရံတပ်ဆင်ခြင်း၊ ပန်းခြံအတွင်း ကွန်ကရစ်လမ်းများခင်းခြင်း၊ မြက်ခင်းပြုပြင်ခြင်း၊ အများသုံး အဆင့်မြင့်သန့်စင်ခန်း ဆောက်လုပ်ခြင်း၊ လုံခြုံရေးမီးများ အလှမီးဆိုင်းများ တပ်ဆင်ခြင်း၊ နားနေထိုင်ခုံတန်းလျားများ ဆောက်လုပ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးလှဦးက ပြောကြားသည်။ **အောင်မင်း**

# ခရီးသွားလုပ်ငန်း တန်ဖိုးမြှင့်တင်မှု အကဲဖြတ်ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေး

**မြိတ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ Grand Jade ဟိုတယ် အစည်းအဝေးခန်းမ၌ ခရီးသွားလုပ်ငန်းတန်ဖိုးမြှင့်တင်မှု အကဲဖြတ်ဆန်းစစ်ခြင်း အစပြုအလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ မြိတ်ခရိုင်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ILO မှ တာဝန်ရှိသူ Mr. Jonathan Bird၊ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီနှင့် မြိတ်ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲတက်ရောက်သူများက Value Chain Assessment(VCA) လုပ်ဆောင်ချက်အဆင့်ဆင့်နှင့် အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်များ၊ အခြေခံ ဈေးကွက်စီးပွားရေးစနစ်အကြောင်း၊ ခရီးသွားလုပ်ငန်းများ ပြိုင်ဆိုင်မှု ပိုမိုရရှိလာအောင် ပါဝင်ကူညီဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကို ပံ့ပိုးနိုင်မည့်အခန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းတွင်လိုအပ်မည့် စည်းမျဉ်းစည်းကမ်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့် အကြောင်းအရာများကို အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်း တန်ဖိုးမြှင့်တင်မှု အကဲဖြတ်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ကွင်းဆင်းလေ့လာခြင်း၊ mini workshop များ ပြုလုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ထိုဆောင်ရွက်ခဲ့သည့် ရလဒ်များအပေါ် အားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ မြိတ်ဒေသကိုရောက်ရှိစဉ် ရေမြေတောတောင်၊ ကျွန်းများနှင့် ဂေဟစနစ်မပျက်စီးသေးသည့် သန္တာကျောက်တန်းများ၏ သဘာဝအလှများကို ကြည့်ရှုခံစားနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# လယ်ယာလုပ်ငန်းတွင် မြက်ဖြတ်စက်များ အသုံးများလာ

**ကျုံပျော် နိုဝင်ဘာ ၆**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိသည်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ တောင်သူများ၏ လယ်မြေများအတွင်း မတ်ပဲများ ကြဲပက်ချိန်၌ မြက်ဖြတ်စက်များ အသုံးပြုမှုများလာကြောင်းနှင့် စက်ရောင်းဝယ်သည့်ဆိုင်များတွင် ယခုရက်ပိုင်းအတွင်း နေ့စဉ် မြက်ဖြတ်စက်များ ရောင်းအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။

စပါးရိတ်သိမ်းပြီးချိန်၌ ရိုးပြတ်များအတွင်း မတ်ပဲကြဲပက်စိုက်ပျိုးရာတွင် ရိုးပြတ်များကို မြက်ဖြတ်စက်များအသုံးပြု၍ ခုတ်ထွင်ပြီး ပြန်လည်ဖုံးအုပ်ကာ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ယခင်က ဓားဖြင့်ခုတ်ထွင်ကြရာ၌ လူတစ်ဦး တစ်ရက်လျှင် တစ်ဧက၏ လေးပုံတစ်ပုံခန့်သာ ပြီးစီးရာမှ မြက်ဖြတ်စက်များသုံးခြင်းကြောင့် လုပ်ငန်းပိုမိုတွင်ကျယ်ပြီး လူတစ်ဦး တစ်ရက်လျှင် နှစ်ဧကအထိ ပြီးစီးကြောင်း သိရသည်။ ဓားဖြင့်ခုတ်ထွင်ခြင်းကြောင့် လူအင်အားပိုမိုစိုက်ထုတ်ရသလို အချိန်ကြန့်ကြာသောကြောင့် မြေအစိုဓာတ်လွတ်ကာ စိုက်ပျိုးချိန်မမီဘဲ ပဲမျိုးများဆုံးရှုံးမှု မကြာခဏ ဖြစ်ပေါ်ရကြောင်း၊ ယခုအခါ မြက်ဖြတ်စက်များကို တွင်ကျယ်စွာ အသုံးပြုလာနိုင်သောကြောင့် လုပ်သားအင်အားနှင့် ကုန်ကျစရိတ် ပိုမိုသက်သာကြောင်း မှော်သေးကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

လက်ရှိအချိန် ဈေးကွက်အတွင်း တရုတ်နိုင်ငံထုတ် မြက်ဖြတ်စက်တစ်လုံးလျှင် အမျိုးအစားပေါ်မူတည်၍ ကျပ် ၇၀၀၀၀ ဝန်းကျင်မှ ၁၅၀၀၀၀ ခန့်အထိ ရှိပြီး ဈေးနှုန်းသက်သာသောကြောင့် ဝယ်သူပိုများကြောင်း၊ ထိုင်းနိုင်ငံထုတ် အမျိုးအစားမှာ ကျပ်နှစ်သိန်းအထက်မှ ကျပ်သုံးသိန်းဝန်းကျင်ခန့် ရှိသောကြောင့် ကြာရှည်အသုံးခံသော်လည်း ဝယ်သူနည်းကြောင်း၊ လယ်သမားအချို့မှာ ကိုယ်ပိုင်စက်ဝယ်ယူခြင်းမရှိဘဲ တစ်ဧကလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ငှားရမ်း၍ အသုံးပြုကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## မှတ်ပုံတင်ရရှိထားသော်လည်း ဆက်လက်သက်တမ်းတိုးခြင်းမရှိသော၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင် ရရှိထားသော်လည်း ဆက်လက်သက်တမ်းတိုးခြင်းမရှိသော၊ ဆေးဝါးတွင် အနောက်တိုင်းဆေးရောနှောထားသောဆေးဝါးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသောအနောက်တိုင်းဆေးအမည် |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာအောင် | လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး | ဆေးမှုန့် | ဝိဇ္ဇာအောင်ဆေးတိုက် (လိပ်စာဖော်ပြထားခြင်းမရှိပါ။) | Diclofenac |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ရရှိထားသော်လည်း ဆက်လက်သက်တမ်းတိုးခြင်းမရှိသော၊ ဆေးဝါးတွင် အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ၂၀၁၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၁၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

၂၀၁၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ငွေကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ငွေကျပ် ၃၅၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်၊ ဖုန်း-၀၆၇- ၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း- ၀၁ -၂၄၉၀၃၁၊ ၃၈၀၄၄၈ ၊ စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(၁၅၉)၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း ၀၁- ၂၄၈၁၀၂ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်( ၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် လှူဒါန်း

မြန်မာနိုင်ငံ စာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိကြသည်။ မဟာသရေစည်သူ(ဗိုလ်ချုပ်ကြီးစိုးဝင်း-ငြိမ်း)-ဇနီး ဒေါ်သန်းသန်းနွဲ့(စာရေးဆရာမ မလေးမုံရွာ)နှင့် သားသမီးမြေးများက အလှူငွေကျပ် ၁၀ သိန်း၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(သုတစွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဒုတိယအကြိမ်ညီလာခံ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအေးချို(မဟာဝိဇ္ဇာ)၊ အတွင်းရေးမှူး ဦးတင်ယု(ချစ်ကိုကိုယု)နှင့် အဖွဲ့ဝင်များက ငွေကျပ် သုံးသိန်း၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း) စိုးမှူး-စာရေးဆရာမ စိုးကြည်ဖြူက ငွေကျပ်သုံးသိန်း၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် ၁၁၁၀၀၀၊ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)၊ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)၊ ဦးခင်ဆွေ(ရွှေစွန်ညို)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာအောင်ထက်(ဆေး-၁)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ဒေါ်သန်းသန်းမြင့်(သျှီ-အင်ကြင်း)၊ စာရေးဆရာမင်းရိုးယဉ် မိသားစုတို့က ကျပ်ငါးသောင်းစီ၊ ဦးကျော်စိုး(မောင်ကျေးဇူး)နှင့် ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)တို့က ငွေကျပ် ၃၀၀၀၀ စီ၊ စာရေးဆရာ ကျော့ရှင်းက 'တစ်လှေတည်းစီး ညီအစ်ကိုမောင်နှမများ' စာအုပ် ၁၈၀ တို့ကို အသီးသီးလှူဒါန်းခဲ့ကြပြီး အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅)ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သတင်းတိုများ

### ခါကာဘိုရာဇီကမ္ဘာ့အမွေအနှစ်နယ်မြေသတ်မှတ်နိုင်ရေးအလုပ်ရုံဆွေးနွေး

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့ လုံမောင်ခန်းမ၌ ခါကာဘိုရာဇီ ကမ္ဘာ့အမွေအနှစ်သဘာဝနယ်မြေ သတ်မှတ်နိုင်ရေးနှင့် တောင်ပိုင်းတိုးချဲ့နယ်မြေ သတ်မှတ်နိုင်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျမင်းက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးမျိုးညွန့်က ခါကာဘိုရာဇီ ကမ္ဘာ့အမွေအနှစ်သဘာဝနယ်မြေ သတ်မှတ်နိုင်ရေးနှင့် တောင်ပိုင်းတိုးချဲ့နယ်မြေ သတ်မှတ်နိုင်ရေးဆိုင်ရာများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### အခြေခံကြက်တောင်အားကစားနည်း သင်တန်းပို့ချ

မန္တလေးတိုင်းဒေသကြီးအတွင်းမှ မျိုးဆက်သစ်ကြက်တောင်အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီက ကြီးမှူးပြီး မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများ၌ အခြေခံကြက်တောင်သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၃ ရက်က သင်ကြားပို့ချခဲ့သည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းတွင် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီမှ ဦးထွန်းနွယ်လင်း၊ ဦးမြင့်ဆွေ၊ ဦးဝင်းမြင့်၊ ဦးကျော်နေလင်းနှင့် မအေးစုဝင်းတို့က ကျောင်းသူ ၈၈ ဦးအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### ကမ်းနီးငါးဖမ်းစက်လှေတစ်စင်းပင်လယ်ပြင်တွင်နစ်မြုပ်၊ လူသုံးဦး ပျောက်ဆုံး

ပုသိမ်မြစ်၏အရှေ့တောင်ဘက် ၁၃မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် နိုဝင်ဘာ ၂ ရက်က အောင်သန်းကျော် ကမ်းနီးငါးဖမ်းစက်လှေ နစ်မြုပ်ခဲ့ပြီး လူသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ အဆိုပါစက်လှေနစ်မြုပ်စဉ်တွင် လှေဦးစီးဦးမောင်မောင် အပါအဝင် ရေလုပ်သား ၁၃ ဦး လိုက်ပါခဲ့ပြီး အဏ္ဏဝါစိုးမိုးအောင် ငါးဖမ်းစက်လှေက လှေဦးစီး ဦးမောင်မောင်အပါအဝင် ခုနစ်ဦးအား တွေ့ရှိကယ်ဆယ်နိုင်ခဲ့ကာ ကျန်ရေလုပ်သားများအား ဆက်သွယ်ရရှိသော ကမ်းဝေးငါးဖမ်းစက်လှေများဖြင့် လိုက်လံရှာဖွေခဲ့ရာ ရေလုပ်သားသုံးဦးကို ဘိုဘိုဇော်အမည်ရှိ ငါးဖမ်းစက်လှေက ထပ်မံတွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသော လှေလုပ်သားသုံးဦးဖြစ်သော ဦးမြဝင်း(ခ)ဦးသန်းဇော်၊ ဦးချစ်ရွှေနှင့် ဦးဘသန်းတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ရေယာဉ်နစ်မြုပ်မှုကြောင့် ငါးဖမ်းစက်လှေနှင့် စက်လှေပါပစ္စည်းများ တန်ဖိုး ကျပ်သိန်း ၈၀ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **အောင်မင်း(ဟိုင်းကြီး)**


HITACHI
Inspire the Next
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
လူမှုဘဝတီထွင်ဆန်းသစ်ခြင်းနှင့် သင့်ရဲ့မနက်ဖြန်ကို စတင်လိုက်ကြပါစို့။ ရိုးရှင်းသော
စိတ်ကူးအကြံဉာဏ်လေးတစ်ခုသည် ကမ္ဘာလောကကြီးကိုပြုပြင်ပြောင်းလဲ ဖန်တီးနိုင်ပါသည်။ ထိုသို့သော
အလားအလာကောင်းများကို ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ရှင်သန်ကြီးထွားလာစေနိုင်ပါသည်။
Hitachi အနေဖြင့် အင်တာနက်နှင့်ဆက်စပ်သောအရာများအတွက် ဆန်းသစ်သော Co-creation Platform များကို
အတွေးအခေါ်ပညာရှင်များ၊ အတတ်ပညာရှင်များနှင့်ပူးပေါင်းရင်း ပိုမိုကောင်းမွန်သည့် အနာဂါတ်တစ်ခုအတွက်
လူမှုဘဝတီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်တင်ကာ တီထွင်ဖန်တီးမှုများ ပြုလုပ်လျက်ရှိပါသည်။
social-innovation.hitachi
Hitachi Social Innovation

METRO
IT & Japanese Language Centre

တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများနှင့်
တက္ကသိုလ်တက်ရောက်နေသူများအတွက်
Professional အလုပ်အကိုင် အခွင့်အလမ်းကောင်း
ရရှိနိုင်မည့်ကျောင်း "Only One School in Myanamar"

IT & ဂျပန်ဘာသာ

**SYSTEM CREATOR COURSE ( 2 years Course )**

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro General Business College မှ တိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ်သင်ရိုးညွှန်းတမ်းတွေကို မြန်မာနိုင်ငံတွင် စျေးနှုန်းချိုသာစွာ ဖြင့် သင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် Metro မှ ကျောင်းသားကျောင်းသူများအား ဂျပန်ဘာသာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြားပေးပါသည်။
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင်ဆရာ၊ဆရာမများက IT ဘာသာရပ်တွေကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေးအသိအမှတ်ပြု လက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာ လူမျိုး ဆရာ၊ဆရာမများက သင်ကြားပေးပါသည်။
- သင်တန်းကာလ ၂နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာများအပြင် Cultural Activity လုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူပြုစေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ ၊ ပျော်ရွှင်ဖွယ်ရာ School Events များပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိနိုင်ပါမည်။
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ပြီးချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည် ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေး နည်းဗျူဟာများကြောင့် Japan နိုင်ငံ National Exam နှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိနိုင်ပါသည်။
- တွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံမှအသိအမှတ်ပြု ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအောင်လက်မှတ်များကိုLevel အလိုက် အသီးသီး ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။
- ကျောင်းသားတစ်ဦးချင်းစီအား Continuous Accessment System ဖြင့် သင်ကြားပေးပြီး သင်တန်းကာလပြီးမြောက်ချိန်တွင်လည်း ကျောင်းသားတစ်ဦးချင်း စီအား အလုပ်အကိုင်လမ်းညွှန်မှု(Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction) များကို ဆောင်ရွက်ပေးပါမည်။



သင့်ရင်သွေး၏အနာဂါတ် ဘဝလမ်းကြောင်း အောင်မြင်ဖို့ Metro မှာ ယုံကြည်စွာ အပ်နှံလိုက်ပါ။

**2016 November 13 (Sun) နေ့လည်1:00 တွင် IT Course Seminar ရှိပါသဖြင့်**
**စိတ်ပါဝင်စား၍ တက်ရောက်လိုသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

01-372691, 09-262007800,09-262007900

**2016 November Intake !**
ကျောင်းအပ်လက်ခံနေပါပြီ။

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
လမ်းညွှန် ⇒ ဘားလမ်းမှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင် ဆင်းပါ။ ပန်းဆိုးတန်းအလယ်ဘလောက်တွင် တည်ရှိပါသည်။
Mail ⇒ mminfo@metro-myanmar.com
Web ⇒ http://www.metro-myanmar.com/mic

**MOMO - My Ooredoo, My Offer**
အုရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ

ooredoo



*234# ကို
အပတ်တိုင်း
ခေါ်ဆိုပါ

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(က) နိုင်ငံခြားစက္ကူ ၃၀" (High Bright) 45 Gsm - ၁၇၀၀ တန်
(ခ) Web Ink (Black) - ၁၄၀၀၀ ကီလို
(ဂ) Web Ink (Cyan) - ၈၀၀၀ ကီလို
(ဃ) Web Ink (Magenta) - ၅၆၀၀ ကီလို
(င) Web Ink (Yellow) - ၆၉၀၀ ကီလို
(စ) Fountain Solution - ၂၀၀၀ လီတာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁၁-၂၀၁၆ရက်မှ ၂၅-၁၁-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၀၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁၁-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇) ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**မြန်မာနိုင်ငံ FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)
## တံတားအထူးအဖွဲ့ (၁)
# ဆည်ဆောက်ရေးပစ္စည်း တင်ဒါခေါ်ယူခြင်း
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်
## တင်ဒါအမှတ်စဉ် (၄/၂၀၁၆)

(က) ကချင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၇-၁၁-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၁-၁၁-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၁၁-၂၀၁၆ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့ (၁)**
**ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၉၇၁၁၉၅၇၅၅၊ ၀၉-၂၅၃၇၈၈၂၀၀**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၂)
## အဆောက်အဦ အထူးအဖွဲ့ (၆)
## တင်ဒါအမှတ် (၃)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အဦအထူးအဖွဲ့(၆)မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်ရသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အရေးပေါ်ကုသရေးဦးစီးဌာန (၁၀)ထပ် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းအတွက် Press Pile လုပ်ငန်းနှင့် မုံရွာဆေးသိုလှောင်ရေးဌာန၊ ဆေးဂိုဒေါင်နှင့် ရုံးဆောက်လုပ်ခြင်း Steel Structure လုပ်ငန်းများကို မြန်မာငွေ(ကျပ်)ဖြင့် ရွေးချယ်ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၅-၁၁-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ
၂။ **တင်ဒါ Profile များစစ်မည့်ရက်နှင့်အချိန်** - ၁၅-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီအထိ
၃။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အဦအထူးအဖွဲ့ (၆) မန္တလေးမြို့
၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အဦအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၈-၁၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း (၀၂-၇၆၃၆၄၊ ၀၂-၇၆၀၀၁)သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အမျိုးသားလွှတ်တော်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (၂၅)နေရာ၊ လစာနှုန်း (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)အတွက် အောက်ဖော်ပြပါ ပညာအရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်/ပြင်သစ်/တရုတ်/ဂျပန်/ဂျာမန်စသည့် နိုင်ငံခြားဘာသာများ)
(ခ) ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့
(ဂ) ဥပဒေဘွဲ့
(ဃ) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး)
(င) ဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့်သုတပညာ)
(စ) စာရင်းကိုင်ပညာဘွဲ့၊ ဝါဏိဇ္ဇဘွဲ့

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၂-၂၀၁၆ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်စေရ။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
(ဃ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင်-
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏ အလုပ်အကိုင်
(စ) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်း၏ အလုပ်အကိုင်
(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာတို့ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-
(က) (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) (၆)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း
(စ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိ ရေးထိုးစာတို့ ပူးတွဲပါရှိရပါမည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၁၈-၁၁-၂၀၁၆ ရက်(သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပြီး ၂၆-၁၁-၂၀၁၆ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၌ ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၁၁-၂၀၁၆ ရက် (သောကြာနေ့) တွင် ရုံးအမှတ်(၂၀)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးသွားမည် ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော်ရုံး ဖုန်း-၀၆၇-၅၉၁၂၄၁၊ ၅၉၁၂၄၀ နှင့် ၅၉၁၂၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွံရေရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **ပစ္စည်းကြည့်ရှုရမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ဝန်ကြီးရုံး) ရုံးအမှတ် ၁၉၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၀-၁၁-၂၀၁၆ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၆-၁၂-၂၀၁၆ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၈၃၊ ၀၆၇-၄၁၄၁၈၄ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

---

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏
# C-Band IPSTAR (MPT Satellite Terminal)
## သုံးစွဲသူများသို့ မေတ္တာရပ်ခံချက်

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ C-Band IPSTAR (MPT Satellite Terminal) ဝန်ဆောင်မှုသုံးစွဲသူများအတွက် Thaicom-7 ဂြိုဟ်တုအား အသုံးပြုနေရာမှ ပိတ်သိမ်း၍ Myanmar Satellite ဂြိုဟ်တုပေါ်သို့ ပြောင်းလဲအသုံးပြုနိုင်ရန် စီစဉ်လျက်ရှိရာ လက်ရှိ IPSTAR Terminal များကို Myanmar Satellite (62° East) သို့ ပြောင်းလဲချိန်ညှိခြင်း၊ စက်ပစ္စည်းအစိတ်အပိုင်းအချို့ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုယ်စား မြတ်သန္တာကုမ္ပဏီလီမိတက်မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်အတွင်း (အခမဲ့)ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ C-band IPSTAR ဝန်ဆောင်မှု သုံးစွဲသူများအနေဖြင့် ပြောင်းရွှေ့ခြင်းလုပ်ငန်းအတွက် မြတ်သန္တာကုမ္ပဏီလီမိတက်သို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ **ဆက်သွယ်ရန်လိပ်စာမှာ-**
မြတ်သန္တာကုမ္ပဏီလီမိတက်၊ အမှတ် (၅၇)၊ အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၈၅၀၅၂၄၃၃၊ ၀၉-၄၄၅၀၅၂၄၃၃၊ ၀၉-၄၄၄၄၃၄၃၃၄၊
၀၁-၅၄၄၈၀၁၊ ၀၁-၆၅၃၃၉၆၊ ၀၁-၆၅၃၃၉၇
E-mail:migration.itcs-mpt@mtdcomm.net

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့(လေကြောင်းနှင့် အာကာသ)သင်တန်းနှင့် ဘွဲ့လွန်ဒီပလိုမာ(လေဆိပ်စီမံခန့်ခွဲမှု)သင်တန်း
# သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများကို ၅-၁၂-၂၀၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့်အာကာသ)သင်တန်း
(ခ) ဘွဲ့လွန်ဒီပလိုမာ(လေဆိပ်စီမံခန့်ခွဲမှု)သင်တန်း

၂။ အထက်ဖော်ပြပါ သင်တန်းများအတွက် ပညာအရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့်အာကာသ) သင်တန်းအတွက်

| သင်တန်းအမျိုးအစား | အရည်အချင်းသတ်မှတ်ချက် |
|---|---|
| M.E (Aerospace-Propulsion & Flight Vehicles) | B.E (Aerospace-Propulsion & Flight Vehicles) |
| | B.E (Aeronautical)/B.E (Mechanical) |
| M.E (Aerospace-Avionics) | B.E (Aerospace. Avionlcs)/B.E (Electronics) |
| M.E (Aerospace-Electrical Systems and Instrumentation | B.E (Aerospace-Electrical Systems & Instrumentation)/B.E (Electrical Power) |
| M.E (Aerospace-Fuel & Propellant) | B.E (Aerospace-Fuel & Propellant)/ B.E (Chemical) |
| M.E (Aerospace- Space Systems | B.E (Aerospace-Space Systems) |

(ခ) ဘွဲ့လွန်ဒီပလိုမာ(လေဆိပ်စီမံခန့်ခွဲမှု)သင်တန်းအတွက်-
- B.E (Aerospace)/B.E (Aeronautical)
- B.E (Mechanical/ Electronics/ Elecrical Power/IT)
- B.B.A/B.B.M
- B.Com
- Any Bachelor Degree (လေဆိပ်တွင် အနည်းဆုံး (၂)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ)

၃။ လေဆိပ်စီမံခန့်ခွဲမှုသင်တန်းမှာ အချိန်ပြည့် (၁)နှစ်သင်တန်းဖြစ်ပြီး၊ Course Work (၉)လနှင့် Pilot Project (၃)လပြုလုပ်၍ စာတမ်းတင်ရမည်ဖြစ်သည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံအောင်မြင်ပါက Post Graduate Diploma in Airport Management (P.G.Dip-AM) ဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။

၄။ သင်တန်းလျှောက်ထားရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။
(က) မဟာအင်ဂျင်နီယာဘွဲ့သင်တန်းအတွက် အင်ဂျင်နီယာနောက်ဆုံးနှစ်သင်တန်းတွင် ပျမ်းမျှကြိမ်နှုန်း(၆၅)မှတ်နှင့် အထက်ရရှိသူများဖြစ်ရမည်။
(ခ) အထက်ပါသင်တန်းများသို့ စတင်တက်ရောက်သည့်ရက်တွင် အသက် (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် (၄၀)ထက်မကြီးသူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။
(ဃ) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအနက် သင်တန်းအလိုက် သတ်မှတ်ဦးရေအရ လက်ခံမည်။
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို နိုဝင်ဘာလပထမပတ်မှစ၍ ဤတက္ကသိုလ်သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး ၂၆-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မိတ္ထီလာမြို့၌ အောက်ပါအတိုင်း ကျင်းပစစ်ဆေးမည်ဖြစ်သည်။

| ရက်စွဲ | အချိန် | ဘာသာရပ် | သင်တန်း |
|---|---|---|---|
| ၂၉-၁၁-၂၀၁၆ | နံနက် ၉ နာရီမှ ၁၂ နာရီထိ | အင်္ဂလိပ်စာ | သင်တန်းနှစ်ခုလုံးအတွက် |
| ၃၀-၁၁-၂၀၁၆ | နံနက် ၉ နာရီမှ ၁၂ နာရီထိ | သက်ဆိုင်ရာဘာသာ | မဟာအင်ဂျင်နီယာ |
| | | လေဆိပ်ဆိုင်ရာဗဟုသုတ | လေဆိပ်စီမံခန့်ခွဲမှု |

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၀၃၅၂၄၂၊ ၀၆၄-၂၀၃၅၂၄၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(သန့်ဇင်ဝင်း)**
**မော်ကွန်းထိန်း**
**မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်**

---

# အမည်ပြောင်း

ပေါင်မြို့နယ်၊ အထက၊ ဇင်းကျိုက်၊ သတ္တမတန်းမှ ဦးရွှေအောင်-ဒေါ်မြင့်မြင့်အေးတို့၏သမီး မအေးသက်ဖြိုးအား ယနေ့မှစ၍ မဖူးပြည့်မျက်သွယ်ဟုလည်းကောင်း၊ သားဖြစ်သူ ပဉ္စမတန်းမှ မောင်ကောင်းထက်အား မောင်ဟိန်းထက်ကုဍ္ဍေဟု အမည်ပြောင်းလဲခေါ်ကြပါရန်။

**မဖူးပြည့်မျက်သွယ်**
**မောင်ဟိန်းထက်ကုဍ္ဍေ**

---

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၄၀၆၆ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြ ၉/ပမန(နိုင်)၀၉၅၀၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

---

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7439 Nissan Clipper U 71 T, P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမောင် ၇/ပခန(နိုင်)၁၀၆၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အောက်ဖော်ပြပါအတိုင်း စက်မှုလယ်ယာစနစ်ကျလယ်ယာမြေဖော်ထုတ်သော လုပ်ငန်းများမှ ကုန်ထုတ်လမ်း၊ ရေပေးမြောင်း၊ ရေနုတ်မြောင်း၊ ကန်သင်း၊ ရေသွင်းပြွန်၊ လမ်းဖြတ်ပြွန်၊ စက်ဆင်းလမ်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာ** - ၂၀၀ ဧက

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၆ ရက်မှ ၂၁-၁၁-၂၀၁၆ ရက်ထိ နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီ ရုံးချိန်အတွင်း

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊တောင်ကြီးမြို့

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၁၁-၂၀၁၆ ရက် (ညနေ ၄ နာရီ)

(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃၀-၁၁-၂၀၁၆ ရက်

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

၃။ **အသေးစိတ်အချက်အလက်များ သိရှိလိုပါက** - ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၄၃၉၁၊ ၀၈၁-၂၁၂၁၅၆၈၊ ၀၉-၅၂၁၄၃၉၁ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**Invitation for Tenders**
**Ministry of Industry (MoI)**
**Republic of the Union of Myanmar**
**Tender Notice (Post-qualification)**
**Vocational Training Programme Sinde**
**KfW Ref:No.:2014 67 521**
**Tender Reference T-03**
**Procurement of Machinery, Accessories, Training Equipment for:**
**Information & Communication (ICT) trades**

The Republic of the Union of Myanmar has received financial assistance from the German Government through KfW Development Bank towards the improvement of the TVET ector in Myanmar. GOPA Consultants, Germany, acting in the name and on behalf of the Ministry of Industry (MoI), Naypyitaw, Invites qualified contractors to bid for the procurement of goods for the ITC Sinde in Sinde.

The Tender covers the supply of machinery, accessories, training equipment to the ITC Sinde in one lot package.

Firms may request the full tender dossier by email mentioning the full company address, contact data and contact person from:

**GOPA Consultants**
**Hindenburgring 18**
**61348 Bad Homburg**
**Germany**
**E-Mail:vtpsinde@gopa.de**

The tender dossier will be distributed in electronic version only(download link).

**Deadline for submission of bids is December 12, 2016, 10:00 a.m. local time, at below mentioned premises in Naypyitaw:**

Ministry of Industry(MoI)
Directorate of Industrial Collaboration
Departement of Supervision of Industrial Training Centers
Office Building No 30, Zaya Htarni Road,
Nay Pyi Taw.
Republic of the Union of Myanmar

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

ဦးမြင့်စိုး နှင့် ဒေါ်ခင်ရတနာဌေး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကဲညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် (၅၄) (6-A)နေ ဒေါ်ခင်ရတနာဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အလွဲသုံးစားပြုထားသည့် ကုန်ပစ္စည်းဖိုးငွေ (၇၁၀၀၀၀၀ိ/-) (ခုနစ်ဆယ့်တစ်သိန်းတိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိတရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ခင်သန္တာ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းအတွက် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ပါရှိသော အောက်ဖော်ပြပါပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဒီဂရီကောလိပ်၊ စစ်ကိုင်းအရောက်ဝယ်ယူလိုပါသည်-

(က) **Lot-1**

| | | |
|---|---|---|
| (၁) | အိပ်ဆောင်သုံးဗီရို(၃'×၁'၆"×၄') | (၄၇၀)လုံး |
| (၂) | အိပ်ဆောင်သုံးခုတင်(သစ်မာ) (၆' ၆"×၁'၆"×၃') | (၄၇၀)လုံး |

(ခ) **Lot-2**

| | | |
|---|---|---|
| (၁) | အိပ်ဆောင်သုံးစာကြည့်စားပွဲ(ကျွန်း) (၃'×၂'×၂' ၆") | (၅၀၀)လုံး |
| (၂) | အိပ်ဆောင်သုံးစာအုပ်စင် (၃'×၂' ×၉") | (၅၇၀)ခု |

(ဂ) **Lot-3**

| | | |
|---|---|---|
| (၁) | စာသင်ခန်းသုံးစားပွဲ(ကျွန်း)(၂.၅' ×၁.၅' ×၂.၅') | (၄၀၀)လုံး |
| (၂) | ပုံဆွဲစားပွဲ (ကျွန်း) (၃' ×၂' ×၃' ၆") | (၁၂၀)လုံး |
| (၃) | လက်တင်မပါသစ်မာကုလားထိုင် | (၃၀၀)လုံး |
| (၄) | စာသင်ခန်းသုံးလမ်းလျှောက်စင်(သစ်မာ) (၁၆'×၄'×၁') | (၅)ခု |
| (၅) | Green Board (၁၆'×၄') | (၁၈)ချပ် |
| (၆) | စားရိပ်သာစားပွဲရှည်(၈'×၃'×၂'၆") | (၄၀)လုံး |
| (၇) | အရာရှိရုံးသုံးစားပွဲ (ကျွန်း)(၅'×၃'×၂.၆') | (၁၃)လုံး |
| (၈) | ရုံးသုံးစာရေးစားပွဲ အံ (၂)ခု တစ်ဖက်ပါ(ကျွန်း) (၄'×၂.၆'×၂.၆') | (၅)လုံး |

(ဃ) **Lot -4**

| | | |
|---|---|---|
| (၁) | ကွန်ပျူတာစားပွဲ (၂'×၁.၆'×၂' ၆") | (၁၀၀)လုံး |
| (၂) | ကွန်ပျူတာကုလားထိုင် | (၉၀)လုံး |
| (၃) | လက်တင်ပါပလတ်စတစ်ထိုင်ခုံ | (၂၂၅)လုံး |
| (၄) | လက်တင်မပါပလတ်စတစ်ထိုင်ခုံ | (၃၀၀)လုံး |
| (၅) | White Board (၈'×၄') လက်တွေ့ခန်းသုံး | (၁၀)ချပ် |
| (၆) | သံမဏိဗီရို (၄ ဆင့်ပါ) | (၂)လုံး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၈-၁၁-၂၀၁၆ရက်မှစ၍ ငွေစာရင်းဌာနစုတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၂-၂၀၁၆ရက် ၁၆း၀၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၁၄-၁၂-၂၀၁၆ရက် ၁၀း၃၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် စစ်ကိုင်းသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၉-၄၄၈၅၄၇၄၆၈၊ ၀၉-၂၀၄၃၄၂၈၊ ၀၉-၄၄၄၀၃၁၈၁၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ**
**စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း**

---


## အိမ်ငှားရန်ရှိသည်

အနန္တသူရိယလမ်း၊ (၁၀)မိုင်

နှစ်ထပ်တိုက်၊ အလုပ်သမားနေအိမ်မီးဖိုဆောင်၊ အဲကွန်း၊ ရေမော်တာ၊ ပရက်ရှာပန့်၊ ရေမြှုပ်ပန့်၊ ရေတံခွန်၊ ရေပူ/ ရေအေးစက်ဈေးနှုန်း - သိန်း (၅၀)

စုံစမ်းရန် - ၀၉-၄၃၁၈၂၀၀၁၊ ၀၉-၅၀၀၅၁၁၀





---

## ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာန နှစ် (၇၀)ပြည့် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ခြင်း

ရန်ကုန်တက္ကသိုလ်တွင် ဘူမိဗေဒဌာနကို သီးခြားဌာနတစ်ခုအဖြစ် ၁၉၄၆ ခုနှစ်တွင် တည်ထောင်ခဲ့သဖြင့် ယခုအခါ နှစ် (၇၀)ပြည့်ပြီးဖြစ်ပါသည်။ ဤသို့ နှစ် (၇၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီအတွင်း၌ ထုတ်ဝေရန် မဂ္ဂဇင်းကော်မတီကိုဖွဲ့ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ဆရာ ဆရာမဟောင်းများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ လက်ရှိဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အမှတ်တရဆောင်းပါးများ၊ ကဗျာများ၊ ဝတ္ထုတိုများ၊ ကာတွန်းများကို ရေးသားပေးပို့ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနသို့ ၅-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မဂ္ဂဇင်းကော်မတီ**

---

## ၁၉၇၃-၇၉ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဆရာပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၃-၇၉ခုနှစ် ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ ကျောင်းသား/သူများ၏ ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းပြီးသည်ဖြစ်စေ ကျောင်းမပြီးသည်ဖြစ်စေ ၁၉၇၃ ခုနှစ်တွင် ကျောင်းအတူဝင်ခဲ့သူများ၊ ၇၃-၇၉Batchနှင့် အတန်းတူတက်ခဲ့သူများနှင့် မည်သည့်ခုနှစ်တွင် ကျောင်းဝင်ခဲ့သည်ဖြစ်စေ ၁၉၇၉ခုနှစ်တွင် ကျောင်းအတူပြီးခဲ့သူ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်၊ အချိန်** - ၃၀-၁၂-၂၀၁၆(သောကြာနေ့) ၁၁း၀၀နာရီ
**နေရာ** - **Dolphin Restaurant နတ်မောက်လမ်း၊ ကန်တော်ကြီး၊ ဗဟန်းမြို့နယ်**
**ဆက်သွယ်/လှူဒါန်းရန်-**

| | |
|---|---|
| **ပြုံးပြုံး Civil** | ဖုန်း-၀၉-၇၃၀၁၈၈၁၁ |
| **နိုင်နိုင် Civil** | ဖုန်း-၀၉-၄၂၀၁၈၂၈၃၈ |
| **ညွန့်ညွန့်ဆွေ Civil** | ဖုန်း-၀၉-၃၁၀၆၈၃၈၄ |
| **ခင်မောင်သန်း Civil** | ဖုန်း-၀၉-၈၃၀၁၂၆၆၊၀၉-၅၀၃၀၇၀၅ |
| **အောင်မြင့် Civil** | ဖုန်း-၀၉-၅၁၄၆၆၂၄ |
| **ကြည်ကြည်ဝင်း EP** | ဖုန်း-၀၉-၂၅၀၅၁၀၁၉၂ |
| **မောင်မောင်ဟန် EC** | ဖုန်း-၀၉-၇၉၅၀၀၄၄၇၃ |
| **ဝင်းနိုင် EC** | ဖုန်း-၀၉-၂၀၀၅၃၃၄ |
| **ခင်သန်းဝင်း Civil** | ဖုန်း-၀၉-၈၃၀၃၈၀၀ |
| **မင်းစိုး Mech** | ဖုန်း-၀၉-၈၆၂၀၀၄၄ |

---

## ဓာတုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဒီပလိုမာဘွဲ့၊ နည်းပညာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပမည်

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း(ယာယီ) မှ ဦးစီး၍ ဓာတုအင်ဂျင်နီယာမိသားစု အာစရိယပူဇော်ပွဲကို နှစ်စဉ်ပြုလုပ်နေကျ အမျိုးသားနေ့တွင် စာတမ်းဖတ်ပွဲနှင့်အတူ ပူးတွဲကျင်းပသွားမည်ဖြစ်ပါ၍ စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များနှင့် ကောလိပ်သိပ္ပံတစ်ခုခုမှ ဓာတုအင်ဂျင်နီယာဆိုင်ရာဘွဲ့၊ ဓာတုနည်းပညာဘွဲ့နှင့် ဒီပလိုမာသင်တန်းများတွင် တက်ရောက်အောင်မြင်ခဲ့သူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၄-၁၁-၂၀၁၆ရက် အမျိုးသားနေ့ (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီ၊ အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပခြင်း
- မွန်းလွဲ ၁နာရီ၊ ဓာတုအင်ဂျင်နီယာဆိုင်ရာ စာတမ်းများ ဖတ်ကြားခြင်း

**ကျင်းပမည့်နေရာ** - စုဝေးခန်းမ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း

အာစရိယပူဇော်ပွဲကို စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကောလိပ်သိပ္ပံအသီးသီးရှိ ဓာတုအင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသောဆရာကြီး၊ ဆရာမကြီးများအား (၅၅)နှစ်အထက်နှင့် (၆၅)နှစ်အထက် ခွဲခြားပူဇော်ကန်တော့မည်ဖြစ်ပါ၍ ပူဇော်ကန်တော့လိုသူများအနေဖြင့် အလှူငွေကို သက်ဆိုင်ရာနည်းပညာတက္ကသိုလ်အသီးသီးရှိ ဓာတုအင်ဂျင်နီယာဌာန၊ ဌာနမှူးများထံတွင် ထည့်ဝင်နိုင်ပါကြောင်းနှင့် အောက်ပါကမ္ဘောဇဘဏ်ငွေစာရင်းသို့လည်း ပေးပို့လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

Account Name - DAW YEE YEE MYINT (1992) + U THAN OO (1995) + U KHIN MAUNG WIN (1996)

Account No. - 230-302-99900061501 [KANBAWZA BANK LTD. (HTY-4)]

**အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ (မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း (ယာယီ)**

---

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် စတုတ္ထအကြိမ်သက်ကြီးသင်္ဘောသားများအား ထောက်ပံ့ကြေးပေးအပ်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ ၂၇-၁၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် အမှတ် (၁၃၀)၊ ယုဇနဟိုတယ်၊ တတိယထပ်(MSF -MTC)၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၌ အသက် (၇၀)ကျော်နှင့်အထက် သက်ကြီးသင်္ဘောသားများအား စတုတ္ထအကြိမ်မြောက် သက်ကြီးထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လျှောက်လွှာလာရောက်လျှောက်ထားနိုင်ပြီး ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့)တွင် စာရင်းပိတ်မည်ဖြစ်ပါသည်။ ထောက်ပံ့ကြေးငွေလက်ခံရရှိမည့် အမည်စာရင်းအား အမှတ် (၅၃)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

---

### ဖခင်အမည်မှန်

ဦးသန်းစိန် (ကိုယ်ပိုင်အထက်တန်းကျောင်း) နဝမတန်းမှ မအေးသဇင်ဦး၏ ဖခင်အမည်မှန်မှာဦးကျော်ဇံသိန်းဖြစ်ပါကြောင်း။

**ဦးကျော်ဇံသိန်း**

### ဖခင်အမည်မှန်

မိုးမောက်မြို့ အထက ခွဲ မိုင်းခတ်ကျောင်း နဝမတန်း (A)မှ မမရှုဆိုင်းနူး၏ ဖခင်အမည်မှန်မှာ ဦးမရှုဘရန် ၁/မမန(နိုင်)၀၀၉၈၀၁ ဖြစ်ပါသည်။

**ဦးမရှုဘရန်**
**နွယ်လန်းကျေးရွာ၊ မိုးမောက်မြို့နယ်**

### အမည်မှန်

မကွေးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ဦးအောင်ကျော်၏သမီးအမည်မှန်မှာ မငြိမ်းသက်စုစ်ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ဃ/၅၃၀၆၁ ဟွန်ဒါဝေဗ့် 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေးဦး ၁၀/ခဆန(နိုင်)၀၆၄၃၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**21**
ANNIVERSARY
MYITTAR OO

မျက်စိစမ်းသပ်ခ **Free**

မျက်မှန်၊ မျက်ကပ်မှန်



Up to **30%** off

ပါဝါမျက်မှန် ဝယ်ယူသူတိုင်းအတွက်
မေတ္တာလက်ဆောင်များ

# MYITTAR OO
## Eye Hospital

၂၁ - နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရဟန်းရှင်လူ မိဘပြည်သူများအား
မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊
မျက်မှန်ပါဝါစမ်းသပ်ပေးခြင်းတို့ကို ကုသိုလ်ဖြစ်အခမဲ့
ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့စွဲ - ၂၀၁၆၊ နိုဝင်ဘာလ(၉၊၁၀)ရက်
အချိန် - နံနက် ၉နာရီ မှ ည ၇နာရီ အထိ

**မေတ္တာဦးဆေးရုံ**၊ အမှတ် (၄၉၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
၀၁-၅၂၇၃၈၁၊ ၀၁-၅၃၄၂၈၁၊ ၀၁-၅၃၇၉၇၅

GS GRAND STYLE
# LIGHTING EXPO' 16
GREATEST DISCOUNT
**SALE 60-65% OFF**



Event of the year for Lighting, Bulbs, Accessories and more.
Oct 10 - Nov 11, 2016
Lighthouse

**Thiriyadanar Wholesale Market Compound**
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon,
Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့. Tel. +95-9785088488, +95-95088488 GrandStyleMM





**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အထက(၁၂)၊ သတ္တမတန်းမှ မောင်ဘုန်းသန့်ဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/ပခက(နိုင်)၀၃၁၁၄၁ ဖြစ်ပါကြောင်း။
**ဦးခင်မောင်မြင့်**

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ ရွှေမြိုင် - ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း နဝမတန်းမှ မသင်းရန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/ပခက(နိုင်)၀၃၁၁၄၁ ဖြစ်ပါကြောင်း။
**ဦးခင်မောင်မြင့်**


# IP Camera Installation

CCTV ကင်မရာထက် နည်းပညာအရ ပြုပြင်ထိန်းသိမ်းမှုမှုအစ သာလွန်သော IP Camera တပ်ဆင်မှုများအား ကျေကြီးမားကျယ်ပြန့်သော၊ အဆောက်အဦများပြားသော စက်ရုံများ၊ ဟိုတယ်များတွင် Fiber Cable, Industrial Grade Network Cable, PoE Switch များဖြင့် စနစ်တကျတပ်ဆင်ပေးလျက်ရှိပါသည်။

**NAWARAT Global Technology Co., Ltd.**
**01-2301968, 095133220, 09793332220**

# Pre - Opening

## GOLDEN VALLEY RESORT

ကျောက်မောင်နမ ဘုရားဘေး (ချောင်းသာကမ်းခြေ)
(Discount) Room Rate - 40000 Kyats.
09-777230094,09-5057029

# သင့်စီးပွားရေး အောင်မြင်မှုအတွက် လမ်းညွှန် ..

# မြန်မာ့စီးပွားရေး လမ်းညွှန်




**အောက်မိုင်း**

Myanmar Business DIRECTORY
www.myanmarbusiness-directory.com
YGN Hotline No. 09 448001662 I MDY Hotline No. 02 4000611

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## တန်ယူကမ်း(ခ) ဒေါ်စမ်းစမ်းယဉ်(ခ) ဒေါ်ကျင်မြ

**ပွဲန်တန်ဆာ၊ ကျောက်တံခါး**

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးလေယား-ဒေါ်ရွှေညွန့်)တို့၏သမီး၊ ပွဲန်တန်ဆာမြို့၊ မင်းလမ်းနေ (ဦးရင်ချောင်-ဒေါ်အုန်းကျင်)တို့၏သမီးချွေးမ၊ (ဒေါ်ရီ)၊ (ဒေါ်တင်)တို့၏အစ်မ၊ ဒေါက်တာအေးငြိမ်း (စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်း/ကျန်းဦးစီးမှူး)-ဒေါ်လီလီသိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်အိအိသိန်း(USA)၊ ဦးခင်မောင်ကြိုင်-ဒေါ်နီလာသိန်း(USA)၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း(Myanmar Thiri Co.,Ltd) (ဇဋ္ဌိလသက်န်းတိုက်)၊ ဦးတင်တိုး-ဒေါ်အေးမော်သိန်း(မြ-မူလီ ဘုရင့်နောင်)၊ မမာလာသိန်း၊ မစန္ဒာသိန်း(ဆန္ဒမွန်စက်သုံးဆီ အရောင်းဆိုင်-ပွဲန်တန်ဆာ)၊ [မမျိုးမျိုးသိန်း(USA)]၊ မောင်ဉာဏ်ဌေးသိန်း၊ မအေးထွေးသိန်း(ဇဋ္ဌိလသက်န်းတိုက်၊ ပွဲန်တန်ဆာ)၊ မောင်ကံလင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဟံသာရိပ်မွန် လုံးချင်းအိမ်ရာနေ [လင်စွန်တိတ်(ခ)ဦးမြသိန်း]၏ချစ်လှစွာသော ဇနီးသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့)ည ၉နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပွဲန်တန်ဆာမြို့၊ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## တန်ယူကမ်း(ခ) ဒေါ်စမ်းစမ်းယဉ်(ခ) ဒေါ်ကျင်မြ

**ပွဲန်တန်ဆာ၊ ကျောက်တံခါး**

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးလေယား-ဒေါ်ရွှေညွန့်)တို့၏သမီး၊ ပွဲန်တန်ဆာမြို့၊ မင်းလမ်းနေ (ဦးရင်ချောင်-ဒေါ်အုန်းကျင်)တို့၏သမီးချွေးမ၊ (ဒေါ်ရီ)၊ (ဒေါ်တင်)တို့၏အစ်မ၊ မကြူယဉ်လှိုင်(ခ)မခိုင်သဇင်ငြိမ်း(USA)၊ မောင်သွင်ကိုငြိမ်း(USA)၊ မထူးရွှေစင်ငြိမ်း၊ မအေးခန့်စံ(USA)၊ မဖူးမိုစံ(USA)၊ မသျှင်သုစံ(USA)၊ မ Andrea (USA)၊ မောင် Leonard (USA)၊ မောင်မင်းမဟာတိုး(USA)၊ မောင်ရှင်းခန့်တိုးတို့၏အဘွား၊ရန်ကုန်မြို့၊ ဟံသာရိပ်မွန် လုံးချင်းအိမ်ရာနေ [လင်စွန်တိတ်(ခ)ဦးမြသိန်း]၏ချစ်လှစွာသောဇနီးသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့)ည ၉နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၆ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပွဲန်တန်ဆာမြို့၊ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးတင်ဦး (ပုသိမ်)

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**အသက်(၈၉)နှစ်**

၂၆-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော (ဦးမောင်ဟန်-ဒေါ်မြ) တို့၏သား၊ (ဦးဘိုးသိုက်-ဒေါ်ဒေါ်ယု)တို့၏ သားသမက်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဦး၏နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော ဆရာတော်၊ သံဃာတော်များအားလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဘဏ်အသီးသီးမှ လုပ်ဖော်ကိုင်ဖက် တပည့်ရောင်းရင်းသားချင်းများလည်းကောင်း၊ ပုသိမ်အသင်း(ရန်ကုန်)မှ အသင်းသူအသင်းသားများအားလည်းကောင်း၊ ပုသိမ်မြို့ အထက(၁)မှ တပည့် ကျောင်းသူ ကျောင်းသားများအားလည်းကောင်း၊ (၁၉၆၄-၈၈)လူရည်ချွန်အဖွဲ့အားလည်းကောင်း၊ နာရေးကူညီမှုအသင်း(ဗဟန်းမြို့နယ်)အားလည်းကောင်း၊ ဖုန်း၊ E-mail တို့ဖြင့် သတင်းမေးမြန်း နှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူညီမနှင့် သားသမီး မြေးမြစ်များ**

**အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၆ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၀၇**

၁။ ဒေါ်စန်းစန်းလွင် **နှင့်** ဒေါ်တင်တင်လွင်
၂။ ဒေါ်မာမာသီ
(၎င်းတို့၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်စန်းလွင်)

**အယူခံတရားလို** **အယူခံတရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ အမှတ် ၇၇နေ အယူခံတရားပြိုင် ဒေါ်တင်တင်လွင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၂၇၉/၂၀၁၁၏ အမှုတွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ ပထမ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်း ၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3K/7774, J/N BEI HA-ISE SY6548 J/S3BH, Mini Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ထွန်း ၁/ကမန(နိုင်)၀၁၃၄၂၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ အမှတ် ၁၅၅၃၊ အောင်ချမ်းသာ၄လမ်း၊ အကွက်အမှတ်၁၁၀၊ ရွှေဘိုတပ်အကွက်၊ ဦးပိုင်အမှတ် ၂၉၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက အတွင်းမှ ဧရိယာ ၀ဒသမ ၀၂၇၅ ဧကရှိမြေကို ဦးတင်အောင်ဟိန်း အမည်ဖြင့် မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဝမ်းနည်းကြေကွဲရပါကြောင်း

## ဒေါ်ခင်စောလှိုင်

## အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ၄ဝါလမ်း၊ အမှတ် F/B နေ ဦးငွေတိုး(အထွေထွေမန်နေဂျာ-ချမ်းသာဆောက်လုပ်ရေး)၏ဇနီးသည် ၃-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျင်တီ-ဒေါ်မြင့်မြင့်ကြည်**
**ချမ်းသာဆောက်လုပ်ရေးဝန်ထမ်းများ**
**ချမ်းသာပလာဇာဝန်ထမ်းများ**
**RICHALAND HOTEL ဝန်ထမ်းများ**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/1605 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4B/2565 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**သီဟထက်ဇော်(ခ)မင်းကွန်ချမ်း အသက်(၁၆)နှစ်**

ရန်ကုန်မြို့နေ ဦးဖိုးပိန်-ဒေါ်တရုတ်မ၊ မော်လမြိုင်မြို့နေ နိုင်တင့်ခိုင်-ဒေါ်ကြည်ကြည်နွဲ့တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၇၆ (အေ)၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေနေ ဦးမင်းကြည်ဝင်း-ဒေါ်ခင်သန်းဝင်းတို့၏သား၊ မမြတ်နိုးသွယ် Grade-8A ဒဂုံ(၁)၊ မောင်မင်းနေခန့်အောင် Grade-5B ဒဂုံတို့၏ အစ်ကို သည် ၅-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/4462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၇၀၅၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အကွက်အမှတ် ၅၉၉၊ ဦးပိုင်အမှတ် (၄၅-ခ)နှင့် (၄၅-ဃ)၊ ဧရိယာ ၀ဒသမ ၂၂ဧကရှိ မြေကွက်နှစ်ကွက်ကို ဦးအောင်သိန်း ၁၀/မလမ(နိုင်)၁၁၀၈၄၇ က လွဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အထက်ပါမြေနှစ်ကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး ဂရန်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြိုးဖြိုးအောင်** | **ဒေါ်နှင်းသဇင်အောင်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၅၁၆၀)** | **(စဉ်-၉၉၁၈)** |

**အမှတ် ၃၉၅၊ ရှင်စောပုလမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၂၅၃၁၇၀၀၁၊ ၀၉-၉၆၄၅၃၁၇၇**

## ဦးမစ်ကီ(ခ)ဦးလှရွှေ (၁၂/ဒဂန(နိုင်)၀၀၆၅၄၁) (ဘ-ဦးခင်စော)က အောက်ပါအတိုင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ ခြံအမှတ် (၁၇/က) တိုက်(အေ)၊ အခန်းအမှတ် (၃၀၂)နေ ကျွန်ုပ်တို့ မိတ်ဆွေ ဦးမစ်ကီ(ခ)ဦးလှရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉-အေ)၊ မြေကွက်အမှတ် ( ၅၁ A/ ၆ – ၁၂ )၊ အကျယ်အဝန်း (၀.၄၂၈ ဧက) ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်(အေ)၊ (ဘီ)၊ (စီ)ဟု ခေါ်တွင်သော မြေပိုင်ဆိုင်မှုနှင့်တိုက်ခန်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ကျွန်ုပ်မိတ်ဆွေ၏ဇနီးဖြစ်သူ ဒေါ်ခင်မေကြည် (၁၂/ဒဂန(နိုင်)၀၀၆၀၈၉) ကွယ်လွန်သွားပြီဖြစ်သည့် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမစ်ကီ(ခ)ဦးလှရွှေ အမည်သို့ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်အမှတ် (၅၁၇၆/၂၀၁၆) အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၂၆-၉-၂၀၁၆) ရက်စွဲဖြင့် အမည်ပြောင်းလဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းအထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက် (အေ)၊ (ဘီ)၊ (စီ) တွင်ရှိသောတိုက်ခန်းများ၏ မြေပိုင်ရှင်မှာ ဦးမစ်ကီ(ခ)ဦးလှရွှေ သာဖြစ်ပါကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ဖုန်း – ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ |

# ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးပညာသင်တန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေ

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိပြီး ခန္တီးမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ ဒုတိယကျောင်းအုပ်၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံရာ ဒုတိယကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ သင်တန်းသူများအား နှစ်အလိုက် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတက နယ်စပ်ဒေသတွင်နေထိုင်ကြသည့် တိုင်းရင်းသားများမှာ မြို့ပြတွင် နေထိုင်ကြသူများထက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟခြင်းမှာ အလုပ်အကိုင်နည်းပါးမှုကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးပညာသင်တန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံအမျိုးသမီးများ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်သကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီသည့် သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများကလည်း သက်မွေးပညာရပ်များမှာ အရေးကြီးသည့်အတွက် အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်ထားပြီဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခန္တီးပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား အားပေးစကားပြောကြားစဉ် (သတင်းစဉ်)

# သံလွင်တံတား(ချောင်းဆုံ) ၂၀၁၇ ခုနှစ် မတ်လကုန်ပြီးစီးရန် ရည်မှန်းတည်ဆောက်နေ

**မော်လမြိုင် နိုဝင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နှင့် ချောင်းဆုံမြို့နယ် ကညော့်ကျေးရွာသို့ သံလွင်မြစ်ကိုဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၁)နှင့် တည်ဆောက်ရေးအဖွဲ့(၄)တို့က တာဝန်ယူတည်ဆောက်နေသော သံလွင်တံတား(ချောင်းဆုံ) သည် ယခုအခါ တည်ဆောက်မှု ၆၈ ရာခိုင်နှုန်းပြီးစီးနေပြီး တံတားတစ်စင်းလုံး ရာနှုန်းပြည့်ပြီးစီးရေးကို ၂၀၁၇ ခုနှစ် မတ်လကုန် ပြီးစီးရန် ရည်မှန်းတည်ဆောက်လျက်ရှိသည်ဟု သိရသည်။




ချောင်းဆုံဘက်ကမ်း Steel Box-တံတားအရှည် ၂၇၅၅ ဒသမ ၉ ပေနှင့် မော်လမြိုင်ဘက်ကမ်း Steel Box- တံတားအရှည် ၆၈၉ ပေ၊ Main Steel Truss တံတားအရှည် ၁၇၅၈ ဒသမ ၅ ပေ စုစုပေါင်းတံတားအရှည် ၅၂၀၃ ဒသမ ၄ ပေ ရှိသည်။

တံတားကြီးပေါ်တွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေသုံးလက်မ ပါရှိမည်ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၄၂၆ ပေနှင့် ရေလမ်းကင်းလွတ် အမြင့်ဆုံးရေမှတ်အထက် ပေ ၄၀ ရှိသည်။

အဆိုပါတံတားကြီးကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းနှင့် တည်ဆောက်ရေးအဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းမြင့်မွန်တို့က ဦးစီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## စိုက်၊ မွေး၊ စီးပွား


မွေးမြူရေးလုပ်ငန်းနှင့် အခက်အခဲများ စာ-၁၆

ရေချို/ရေငန် ပုစွန် မွေးမြူရေးလုပ်ငန်းအတွက် တရားဝင် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ် စာ-၁၇

ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ စာ-၁၈



